# ကြေးမုံ

The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်၊ တနင်္ဂနွေနေ့၊ (5-4-2015) (၈၁၆၆)


**မျက်မှောက်လောက ကြီးပွားကြောင်းတရား လေးပါး**

* ဥဋ္ဌာနသမ္ပဒါ - ထကြွလုံ့လဝီရိယနှင့် ပြည့်စုံမှု၊
* အာရက္ခသမ္ပဒါ - စောင့်ရှောက်ခြင်းနှင့် ပြည့်စုံမှု၊
* ကလျာဏမိတ္တတာ - မိတ်ဆွေကောင်းရှိမှု၊
* သမဇီဝိတာ - မျှတစွာ အသက်မွေးမှု။

**ထူးခြားသည့် နေ့အပူချိန်များ**

| | |
|---|---|
| ကြို့ပင်ကောက် | ၄၀ ဒီဂရီစင်တီဂရိတ် |
| သိမ်ဇရပ် | ၄၀ ဒီဂရီစင်တီဂရိတ် |
| ပြည် | ၃၉ ဒီဂရီစင်တီဂရိတ် |
| သာယာဝတီ | ၃၉ ဒီဂရီစင်တီဂရိတ် |
| ဘော်လခဲ | ၃၉ ဒီဂရီစင်တီဂရိတ် |




## မြန်မာ့ရိုးရာ ယဉ်ကျေးမှုပွဲတော် ထိုင်းနိုင်ငံ၌ ကျင်းပ

စာမျက်နှာ - ၁၁

## မြိတ်မြို့တွင် APEX လေကြောင်းလိုင်းသစ် စတင်ပျံသန်း


စာမျက်နှာ - ၉




# မြန်မာ – လာအို ချစ်ကြည်ရေးတံတား မကြာမီ ဖွင့်လှစ်တော့မည်

မြန်မာ-လာအို ချစ်ကြည်ရေးတံတားသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့နှင့် ၆၅ မိုင်ကွာဝေးပြီး တာချီလိတ်-ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိသည်။ တာလေမြို့၏ အရှေ့မြောက်ဘက် ၃၅ မိုင်အကွာတွင်တည်ရှိသော ကျိုင်းလပ်မြို့နယ်နှင့် လာအိုနိုင်ငံ လွမ်နမ်သာပြည်နယ် လောင်းဝ်ခရိုင် ဖွေဟုန်းကျေးရွာတို့ကို ဆက်သွယ်၍ မဲခေါင်မြစ်ကိုဖြတ်သန်းတည်ဆောက်ထားသည့် တံတားတစ်စင်းဖြစ်သည်။

စာမျက်နှာ - ၃ »




UPVC Windows & Doors

Manufacturing

The Best Windows

✔ Weather Proof ✔ Water Proof

The quality products



- Vinyl Tiles
- Carpet Tiles
- Eco Art Tiles



HOME GALAXY Interior Mall

Showroom (1) : Building No.7, Junction Square Shophouse, Junction Square Shopping Centre, Pyay Road, Yangon, Myanmar

Showroom (2) : No.15, Corner of Pyay Road & Wek Zar Nyi Naung St, 9 miles, Yangon, Myanmar.

Tel - 01-2304337, 01-2304351, 01-2304352, 09-421145756, 09-448541513, 01-664675, 01-663309

**ကြေးမုံစာတည်းရှုထောင့်** — ၅-၅-၂၀၁၅ (တနင်္ဂနွေနေ့)

# ငြိမ်းချမ်းသောလမ်းတွင် အတူလျှောက်လှမ်းမည်

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့တို့အကြား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်သည်။

ထိုသို့လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးမဖြတ်နိုင်သည့် လုပ်ဆောင်မှုဖြစ်သည်။ ငြိမ်းချမ်းရေးသည် ပြည်သူများ၏မျှော်လင့်ချက်၊ ပြည်သူများ၏ဆန္ဒဖြစ်သောကြောင့် ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းပေးသော အဆိုပါစွမ်းဆောင်မှုများကို ကြိုဆိုထောက်ခံအားပေးကြရမည်ဖြစ်သည်။

အဆိုပါ စွမ်းဆောင်နိုင်မှုအတွက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများက ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့ကြသလို ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းအသီးသီး၏ထုတ်ပြန်ချက်များ၊ နယ်ပယ်ကဏ္ဍစုံမှ လူပုဂ္ဂိုလ်အသီးသီး၏ သဘောထားဆန္ဒများကို လေ့လာကြည့်ခြင်းအားဖြင့် ငြိမ်းချမ်းရေးသည် တိုင်းပြည်အတွက် မည်မျှအရေးကြီးသည်ကို တွေ့ရပါသည်။

မိမိတို့တွင် သဘောထားအမြင်များ အမျိုးမျိုးရှိကြမည်ဖြစ်သော်လည်း ငြိမ်းချမ်းရေးကို ရရှိလိုသည့်ဆန္ဒမှာမူ လူသားအားလုံး၏ ရင်ထဲနှလုံးသားထဲမှ တူညီသောသဘောထားဆန္ဒဖြစ်သည်မှာ သေချာပါသည်။ ထိုဆန္ဒသည် အလွန်မွန်မြတ်သော ဆန္ဒဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ အားလုံးတို့သည် အေးချမ်းစွာနေထိုင်လိုကြသည်။ လူမှုဘဝမြင့်မားတိုးတက်လိုကြသည်။ လွတ်လပ်စွာလှုပ်ရှားဆောင်ရွက်လိုကြသည်။ ဤသည်မှာ ပြည်သူအားလုံး၏ တူညီသောဆန္ဒဖြစ်ပါသည်။ ဤဆန္ဒ၏ အရင်းခံအကြောင်းတရားမှာ ငြိမ်းချမ်းရေးပင်ဖြစ်ပါသည်။

ထို့ကြောင့် ငြိမ်းချမ်းရေးရရှိအောင် ဝိုင်းဝန်းဆောင်ရွက်ကြရမည်မှာ ကျွန်ုပ်တို့အားလုံး၏တာဝန်ဖြစ်ပါသည်။ ထိုမွန်မြတ်သည့် အမျိုးသားရေးတာဝန်ကို မဖြစ်ဖြစ်အောင် ဆောင်ရွက်ကြခြင်းသည် ပြည်သူများ၏ဆန္ဒကို ဖြည့်ဆည်းပေးခြင်းဖြစ်သည်။ တိုင်းပြည်အကျိုးစီးပွားကို ဖော်ဆောင်ပေးခြင်းလည်းဖြစ်သည်။ မိမိတို့ဘဝများ၏ အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ခြင်းလည်းဖြစ်သည်။

ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ်များကို ဆောလျင်စွာဖော်ဆောင်နိုင်မှသာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများ အချိန်တိုအတွင်း အလျင်အမြန်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ငြိမ်းချမ်းရေး၏အရသာ၊ ငြိမ်းချမ်းရေး၏တန်ဖိုးကို ပြည်သူများရရှိခံစားလိုကြပါသည်။ ရရှိခံစားနိုင်အောင်လည်း အခြေအနေကောင်းများ မြင်တွေ့နေရပါသည်။ ပြည်သူများအားလုံး၏ တူညီသောငြိမ်းချမ်းရေးဆန္ဒမှာ ပြင်းပြနေပါသည်။ ထိုဆန္ဒကို အားလုံးဝိုင်းဝန်းဖြည့်ဆည်းပေးကြရမည်ဖြစ်ပါသည်။ မငြိမ်းချမ်းခြင်း၏ရလဒ်ကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော တိုင်းရင်းသားပြည်သူများဆိုလျှင် မည်မျှမျှော်လင့်မည်ကို မှန်းဆကြည့်နိုင်ပါသည်။

တိုင်းပြည်ကို အကောင်းဆုံးဖြစ်အောင် တည်ဆောက်လာသောကြောင့် ယနေ့ပြည်သူအများစုမှာ ငြိမ်းချမ်းခြင်း၏ အရသာကို လက်တွေ့ခံစားနေရပါသည်။ မငြိမ်းချမ်းခြင်း၏ အကျိုးရလဒ်ကို သမိုင်းဖြစ်စဉ်များက သက်သေပြခဲ့ပြီးဖြစ်သည်။ ကြေကွဲဖွယ်၊ ဝမ်းနည်းဖွယ်များ၊ မှောင်မိုက်ဖွယ်များနှင့် ကြုံတွေ့ခဲ့ရပြီးဖြစ်သည်။ ငြိမ်းချမ်းခြင်း၏ ကောင်းခြင်းအသွယ်သွယ်ကိုလည်း သိရှိကြပြီးဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ဤပြည်ထောင်စုနိုင်ငံကြီးတွင် နှစ်ပေါင်းရှည်ကြာ အတူတကွနေထိုင်လာခဲ့ကြသူများဖြစ်သည်။ မရှိအတူ ရှိအတူ အတူလက်တွဲနေထိုင်ခဲ့ကြသည်။ မငြိမ်းချမ်းခြင်းကို မည်သူမျှမလိုလားဘဲ ငြိမ်းချမ်းခြင်းကို ကျွန်ုပ်တို့အားလုံး မျှဝေခံစားလိုသူများဖြစ်သည်။ ထို့ကြောင့် ငြိမ်းချမ်းရေးပန်းခင်းလမ်းကြီးတွင် ကျွန်ုပ်တို့အားလုံး အတူတူလျှောက်လှမ်းကြဖို့ ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပါသည်။ ။

# ရန်ကုန်မြို့တော်ဝန်မဏ္ဍပ်တွင် တေးဂီတ၊ ယိမ်း၊ အငြိမ့်အဖွဲ့တို့ဖြင့် ဖျော်ဖြေတင်ဆက်မည်

**ရန်ကုန် မေ ၄**

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်တွင် Lazy Club Music Band နှင့်အတူ ရုပ်ရှင်၊ ဂီတ တေးသံရှင်များ၊ သင်္ကြန်လှူပျိုဖြူ ယိမ်းများနှင့် D Star အငြိမ့်အဖွဲ့တို့က သင်္ကြန်အကြိုနေ့မှ သင်္ကြန်အတက်နေ့ထိ မြို့တော်နေ ပြည်သူများအား ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မဟာသင်္ကြန်ကာလအတွင်း ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ရဲ့ မြို့တော်နေပြည်သူများအတွက် ဖျော်ဖြေမှုအစီအစဉ်တွေကို ကဏ္ဍခွဲ၍ ရသစုံလင်လှအောင် စနစ်တကျ စီစဉ်ထားပါတယ်။ Lazy Club Music Band နဲ့ တေးသံရှင်တွေရဲ့ သီဆိုမှု၊ သင်္ကြန်ယိမ်းအဖွဲ့များ၊ ညဘက် D Star အငြိမ့်အဖွဲ့ရဲ့ ဖျော်ဖြေတင်ဆက်မှုတွေကို အစီအစဉ်တကျ ပြုလုပ်နိုင်ရန် စီစဉ်ထားပါတယ်"ဟု ရန်ကုန်မြို့တော် အသံလွှင့်ဌာန (City FM) လက်ထောက်ဌာနမှူး ဦးဇော်မိုးလွင်က ပြောကြားသည်။

သင်္ကြန်အကြိုနေ့ ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲကို ရုပ်ရှင်၊ ဂီတတေးသံရှင်များ၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၊ ဖျော်ဖြေရေးယိမ်းအဖွဲ့များ၊ ပြိုင်ပွဲဝင် သင်္ကြန်ယိမ်း လှူပျိုဖြူများနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရှိ ဝန်ထမ်းအမျိုးသမီးများ ပါဝင်ပြီး မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ကို မြန်န္တာတေးသီချင်းနှင့်အတူ ကပြဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Lazy Club Music Band ဂီတမှူး ကိုနိုင်ဇော်နှင့်အတူ တေးသံရှင်များဖြစ်ကြသော ရဲရင့်အောင်၊ ဝေလ၊ ဝိုင်းလေး၊ ထက်အောင်၊ စုချစ်ဇော်၊ ပွင့်၊ နန်းထက်ထက်သူ၊ ချစ်ဖွဲ့သာ၊ ရှင်မင်းမောင်၊ ပိုးအိစံ၊ ထွန်းရတီ၊ အိမ့်ချစ်၊ ခိုင်ထူးတို့က မြူးကြွသော တေးသီချင်းများဖြင့် နေ့စဉ် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

ညပိုင်းအစီအစဉ်များမှာ ပြိုင်ပွဲဝင် လှူပျိုဖြူ သင်္ကြန်ယိမ်းအဖွဲ့များအား အနုပညာရှင်ကြီးများက အကဲဖြတ်ရွေးချယ်ပြီး D Star ဖျော်ဖြေရေး အငြိမ့်အဖွဲ့မှ ဆက်လက်တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(စောသိန်းဝင်း)**






# Future Ready IT Solutions နေပြည်တော်တွင် ကျင်းပ

**နေပြည်တော် မေ ၄**

Dell မှ အာရှဒေသတွင်း နည်းပညာရှင်များက အစိုးရဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်း ၁၂၀ အား IT နည်းပညာဆိုင်ရာများ အသိပညာတိုးပွားစေ ရန်နှင့် အနာဂတ်တွင် IT လုပ်ငန်းဆောင်ရွက်မှုများ အဆင်ပြေချောမွေ့စေရေးအတွက် Future Ready IT Solutions ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို မေ ၃ ရက် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအထိ နေပြည်တော်ရှိ Hilton ဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် Dell မှ အရှေ့တောင်အာရှ တာဝန်ခံ ညွှန်ကြားရေးမှူး Ms. Lertluk Kunlasutti က အဖွင့်အမှာစကားပြောကြားပြီးSenior Brand Manager Mr. Tan Hiang က Rugged Mobility ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Enterprise Consultant Mr. Santi Apichairojkut က Intel Technology Update ခေါင်းစဉ်ဖြင့် လည်းကောင်း၊ System Consultant Mr. Kenny Ong က Dell Data Protection Solutions ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Network Consultant Mr. Aukid Kaiklangdon က Dell Campus Networking ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးတင်ထူးခိုင်က Secure Your Datacenter with the Next Generation Firewall ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Senior Manager Mr. Eirc Kang က Expenditing Workload Performance with Flash Storage ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသော အရာထမ်း၊ အမှုထမ်းများက သိရှိလိုသည်များကို အပြန်အလှန် မေးမြန်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အိတ်သွတ်ပြီး ယူရီးယားဓာတ်မြေသြဇာများကို အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်၍ အဆိုပြုလွှာတင်သွင်းလျှောက်ထား နိုင်ပါသည်-

(က) အမှတ်(၄)ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ) ၈၀၀၀တန်(ရှစ်ထောင်)တန်

(ခ) အမှတ်(၅)ဓာတ်မြေသြဇာစက်ရုံ(ကန်ကြီးထောင့်) ၈၀၀၀တန် (ရှစ်ထောင်)တန်

၂။ တင်ဒါစည်းကမ်းချက်များကို ၇-၄-၂၀၁၅ရက်မှ ၂၇-၄-၂၀၁၅ရက်ထိ ရုံးချိန်အတွင်း ဝယ်ယူ နိုင်ပါသည်။

၃။ တင်ဒါအဆိုပြုလွှာများကို ၂၈-၄-၂၀၁၅ ရက် ၁၂:၀၀ နာရီထိ တင်သွင်းရန်နှင့် ယင်းနေ့ ၁၂:၃၀ နာရီတွင် တင်ဒါစည်းကမ်းနှင့် ကိုက်ညီသော အဆိုပြုလွှာများအား ဖွင့်ဖောက်၍ တင်ဒါ စိစစ်ရွေးချယ်ရေးကော်မတီမှ ရွေးချယ်သွားမည်ဖြစ်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
ကုန်ထုတ်လုပ်မှုဌာန/ဘဏ္ဍာရေးဌာန
ရုံးအမှတ်(၄၄)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၀၉၃၊ ၀၆၇-၄၁၁၀၉၆၊ ၀၆၇-၄၁၁၀၇

မြန်မာမြတ်စွယ်ရီ Travels & Tours Co.,Ltd
Ph:01-551240,09-73160843,09-5003647




ရေတနာရှင် ... ကျိုက်ထီးရိုး / ချောင်းသာ (နေ့စဉ်)
သင်္ကြန်ခရီးစဉ်များ Apr 12, 13, 17, 18 ထွက်မည်။ ကြိုတင်လက်မှတ်ရောင်းပြီ။
ရွှေစက်တော်(၄)ရက် ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး(၅)ရက် ရွှေစက်တော်၊ အလောင်းတော်(၅)ရက်
ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါးနှင့် ဆက်၍ (တောင်ကြီးသင်္ကြန် / မန်းသင်္ကြန်)..... (၈)ရက် / (၁၁)ရက်
မန်းသင်္ကြန်(၅)ရက် တောင်ကြီးသင်္ကြန်(၅)ရက် ဆက်၍ လွိုင်ကော်-တောင်ကွဲစေတီ(၆)ရက်
ပုဂံ-ညောင်ဦး၊ ပုပ္ပါး(၄)ရက် အလောင်းတော်ကဿပ၊ မုံရွာ၊ စစ်ကိုင်း(၄)ရက် | ကားမျိုးစုံစီးလုံး ငှားရမ်းနိုင်ပါသည်
ထားဝယ် - ရှင်ကိုးရှင်၊ မောင်းမကန်၊ မျှော်ရစ်၊ ကျိုက္ခမီ၊ စက်စဲ ...... (၆)ရက်
အဆင့်မြင့်ခရီးစဉ်Hotel တည်း Restaurant စား ၊ အဆင့်မြင့် ကားသစ်ကြီးများဖြင့်
ပုဂံ-ညောင်ဦး(စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ (၄)ရက် (Apr 13) 140000 (Apr 18) 120000
၂၈၀၊ ပ-ထပ်၊ ၃၉လမ်း(အထက်) 392704, 09 50 66657, 09 73017110

STARFiSH Language & Business
တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသည့် ကျောင်းသား/သူများ အတွက်အထူးအစီအစဉ် ရှိပါသည်။
Enroll Now !!
English (4 skills) ကို အချိန်တိုအတွင်း confidence ရှိရှိ ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်စေရန်အတွက်
Level 1, 2, 3, 4, 5 တန်းခွဲသစ်များအားလုံး
မေ (၂၇) စမည်။
သပြေညိုတိုက် (၂)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ရန်ကုန် Ph : 09-253179825 , 09-47080671

# ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် လက်မှတ်ရေးထိုး




**နေပြည်တော် ဧပြီ ၄**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အိန္ဒိယနိုင်ငံမှ Reliance Industries Ltd. နှင့် မြန်မာနိုင်ငံမှ United National Resources Development Services Co.,Ltd. တို့သည် တနင်္သာရီ ကမ်းလွန်လုပ်ကွက် M-17 နှင့် လုပ်ကွက် M-18 တို့အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract) ကို မတ် ၃၁ ရက် ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး၊ ပြည်သူ့လွှတ်တော် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဦးလွန်းသီ၊ ဒုတိယဝန်ကြီးများ၊ Reliance Industries Ltd. မှ President Mr.Atul Laul နှင့် United National Resources Development Services Co., Ltd. တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က အမှာစကားကိုလည်းကောင်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးနှင့် Reliance Industries Ltd. မှ President Mr.Atul Laul တို့က နှုတ်ခွန်းဆက်စကား အသီးသီးပြောကြားသည်။

ဆက်လက်၍ နှစ်ဖက်သဘောတူစာချုပ်များကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦး၊ Reliance Industries Ltd. မှ President Mr.Atul Laul နှင့် United National Resources Development Services Co., Ltd. မှ Chairman ဦးကျော်ခိုင်သိန်းတို့က လက်မှတ်ရေးထိုးကာ စာချုပ်များကို အပြန်အလှန်လဲလှယ်ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယခု တနင်္သာရီကမ်းလွန် လုပ်ကွက်များဖြစ်သည့် M-17 နှင့် M-18 တို့ လက်မှတ်ရေးထိုးခြင်းသည် ပထမအကြိမ် ကမ်းလွန်လုပ်ကွက်များ တင်ဒါခေါ်ယူခဲ့ခြင်းအတွက် ဒသမမြောက် လက်မှတ်ရေးထိုးခြင်းဖြစ်သည်။

အဆိုပါ စာချုပ်များ လက်မှတ်ရေးထိုးခြင်းမှ Signature Bonus အမေရိကန်ဒေါ်လာ ၁၇ သန်းနှင့် Data Fee အမေရိကန်ဒေါ်လာ တစ်သန်း ရရှိမည်ဖြစ်သည်။ ဖော်ပြပါ လုပ်ကွက်များအတွက် လေ့လာရေးကာလ တစ်နှစ်နှင့် ရှာဖွေရေးကာလခြောက်နှစ်အတွင်း အနည်းဆုံး အမေရိကန်ဒေါ်လာ ၁၈၉ သန်း သုံးစွဲမည်ဖြစ်သည်။ စာချုပ်များ လက်မှတ်ရေးထိုးပြီးပါက နိုင်ငံခြားရေနံကုမ္ပဏီများအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု၊ လူမှုရေးထိခိုက်မှု ဆန်းစစ်လေ့လာခြင်းလုပ်ငန်းများ (EIA/SIA) ကို သက်ဆိုင်ရာ လုပ်ကွက်ဒေသများ၌ စတင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဘက်စုံထူးချွန်သည့် ကျောင်းသားများ မွေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၄**

မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာန အမျိုးသားစီမံခန့်ခွဲမှုပညာ ကောလိပ်၊ အင်္ဂလန်နိုင်ငံအစိုးရတက္ကသိုလ် University of Bedfordshire၊ ဟောင်ကောင်အစိုးရတက္ကသိုလ် The Open University of Hong Kong၊ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ SKU တက္ကသိုလ်တို့နှင့် ပူးပေါင်း၍ STIMU သည် ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ သင်ကြားပေးလျက်ရှိပြီး အဆိုပါတက္ကသိုလ်အနေဖြင့် စီးပွားရေး၊ အင်ဂျင်နီယာ၊ ပညာရေးနှင့် အလှအပဆိုင်ရာ အနုပညာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထို့ပြင် နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်၍ MBA၊ MEd၊ BBA in Management၊ BBA in Finance & Banking၊ BA(Hons) Business၊ BA(Hons)Accounting and Finance၊ BA(Hons)Business Administration၊ BEng(Hons)Civil Engineering၊ BEng(Hons) Architectural Engineering၊ BA(Hons)Interior Architecture၊ BSc(Hons)Interior Architecture၊ BSc(Hons)Construction Management၊ BA(Beauty Art)တို့ တက်ရောက်နိုင်ရန် စီစဉ်ပေးလျက်ရှိကြောင်း သိရသည်။

သင်တန်းဆင်းကျောင်းသား ကျောင်းသူများအား ဘက်စုံထူးချွန်သူများဖြစ်စေရန် မိမိကိုယ်ကို ယုံကြည်မှု၊ အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်တတ်မှု၊ လူအများရှေ့၌ စကားပြောဆိုနိုင်မှု၊ တွေးခေါ်ကြံဆနိုင်မှု၊ လူ့အသိုင်းအဝိုင်းအား အကျိုးပြုနိုင်မှု၊ နယ်ပယ်အသီးသီးတွင် ဘဝတစ်သက်စာ အလုပ်အကိုင်ရရှိမှုနှင့် တိုးတက်မှုအချက်များကို အခြေခံ၍ ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတနှင့် လုပ်ငန်းအတွေ့အကြုံများ ပိုမိုသိရှိနားလည်ရန်ရည်ရွယ်၍ နိုင်ငံခြားတက္ကသိုလ်များမှ ဧည့်ပါမောက္ခများ၊ ပြည်တွင်းပြည်ပမှ စီးပွားရေးပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် အခြားသောအသိပညာရှင်၊ အတတ်ပညာရှင်များကို ဖိတ်ခေါ်ပြီး အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများကို စဉ်ဆက်မပျက် ကျင်းပပေးလျက်ရှိပြီး တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်ပြီးသူများ တက်ရောက်လိုပါက လှိုင်တက္ကသိုလ်နယ်မြေ MICT Park အဆောက်အအုံအမှတ်(၁၀)ရှိ STI Myanmar University သို့ ဆက်သွယ်၍ စုံစမ်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

» ရှေ့ဖုံးမှ

တံတားအမျိုးအစားမှာ သံမဏိ သံပေါင်တံတားဖြစ်၍ ပင်မတံတားအရှည် ၁၁၈၁ ပေ၊ ချဉ်းကပ်လမ်းနှစ်ဖက်အရှည် ၁၀၈၈ ပေ စုစုပေါင်း တံတားအရှည် ၂၂၆၉ ပေ ရှိကာ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် ၃ ပေ ၆ လက်မစီ ပါရှိပြီး ရေလမ်းကင်းလွတ်အကျယ်ပေ ၃၆၀၊ အမြင့် ၃၂ ပေရှိ၍ ယာဉ်တစ်စီးချင်းခွင့်ပြု အလေးချိန်မှာ ၇၅ တန်ဖြစ်သည်။

မြန်မာနိုင်ငံမှ လာအိုချစ်ကြည်ရေးတံတားကို သံပေါင်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၈၂ မီလီယံနှင့် မြန်မာငွေကျပ် ၇ ဒသမ ၉ ဘီလီယံ အကုန်အကျခံကာ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်က စတင်တည်ဆောက်ခဲ့ရာ ယခုရာနှုန်းပြည့် ပြီးစီးနေပြီး တံတားကြီးကို ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။ အဆိုပါတံတားကြီးကို တည်ဆောက်နိုင်ခြင်းကြောင့် လမ်းပန်းဆက်သွယ်မှု လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလည်း တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။ **(၁၁၁)**

# ဂျပန်ကားကုမ္ပဏီ ဆူဇူကီးက သီလဝါအထူးစီးပွားရေးဇုန်၌ ဒုတိယမြောက်စက်ရုံ တည်ဆောက်မည်

**နေပြည်တော် ဧပြီ ၄**

ဂျပန်ကား ထုတ်လုပ်ရေးကုမ္ပဏီ ဆူဇူကီးသည် ကြီးမားလာသော မြန်မာဈေးကွက်အတွင်း အလျင်အမြန် ထိုးဖောက်ကာ ဈေးကွက်ရှာဖွေရန် မြန်မာနိုင်ငံ၌ ဒုတိယမြောက် စက်ရုံတည်ဆောက်ရန် ဒေါ်လာသန်းပေါင်းများစွာ ရင်းနှီးမြှုပ်နှံရန် စီစဉ်နေသည်ဟု ဧပြီ ၄ ရက်က အေအက်ဖ်ပီ သတင်းတစ်ရပ်တွင် ဖော်ပြသည်။

အသေးစားကားများထုတ်လုပ်သည့် ဆူဇူကီးကုမ္ပဏီသည် စက်ရုံသစ် တည်ဆောက်ရန် ရန်ကုန်မြို့၏ အရှေ့တောင်ဘက်ရှိ သီလဝါအထူးစီးပွားရေးဇုန်၌ အကြမ်းဖျင်း ၂၀ ဟက်တာ (ဧက ၅၀) ကျယ်ဝန်းသော မြေကွက်တစ်ခု ရရှိပြီးဖြစ်ကြောင်း The Nikkei Business သတင်းစာက ဆိုသည်။

၂၀၁၇ ခုနှစ်တွင် စတင်လည်ပတ်ရန် မျှော်မှန်းထားသည့် အဆိုပါ စက်ရုံဆောက်လုပ်မှုကို ယခုနှစ်နှောင်းပိုင်းတွင် စတင်မည်ဖြစ်ကြောင်း သိရသည်။ ဆူဇူကီးကုမ္ပဏီသည် မြန်မာနိုင်ငံရှိ ယင်း၏ထုတ်လုပ်မှုကို ငါးဆကျော်တိုးမြှင့်ရန် ရည်ရွယ်၍ ဂျပန်ယန်းငွေ ဘီလီယံအမြောက်အမြား ရင်းနှီးမြှုပ်နှံရန်နှင့် ဝန်ထမ်း ၃၀၀ ခန့် ငှားရမ်းရန် မျှော်မှန်းထားကြောင်း အဆိုပါသတင်းစာက ဆက်လက် ပြောကြားသည်။ ဆူဇူကီးကုမ္ပဏီသည် စက်ရုံသစ်၌ ပြည်ပမှတင်သွင်းလာသည့် ပစ္စည်းများဖြင့်တပ်ဆင်ကာ ထိုင်ခုံခုနစ်ခုံပါ Ertiga ကားအမျိုးအစားအပါအဝင် တစ်နှစ်လျှင် ကားစီးရေ ၁၀၀၀၀ ထုတ်လုပ်ရန် စီစဉ်ထားသည်။ ဆူဇူကီးကုမ္ပဏီသည် မြန်မာနိုင်ငံ၌ ကားထုတ်လုပ်မှုကို ၁၉၉၉ ခုနှစ်တွင် ပြည်တွင်းဖက်စပ်အကျိုးတူကုမ္ပဏီတစ်ခုဖြင့် ကနဦး စတင်ခဲ့သော်လည်း ၂၀၁၀ ခုနှစ်တွင် ထုတ်လုပ်မှု ရပ်သိမ်းခဲ့သည်။

မြန်မာနိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် စတင်ပြီးနောက် ဆူဇူကီးကုမ္ပဏီသည် ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကားထုတ်လုပ်မှုကို ပြန်လည်စတင်လာခဲ့ပြီး ယခုအခါ တစ်လလျှင် Carry မီနီထရပ်ကား ၁၅၀ ထုတ်လုပ်လျက်ရှိသည်။ မြန်မာနိုင်ငံသည် မျှော်မှန်းထားသည့် စီးပွားရေး ပြန်လည်အားကောင်းလာမှုကို မောင်းနှင်ရန် ပြည်ပရင်းနှီးမြှုပ်နှံမှုများ လိုအပ်သည်။ ဂျပန်နိုင်ငံမှ ANA လေကြောင်းလိုင်းသည် ပြီးခဲ့သည့်နှစ်က မြန်မာနိုင်ငံတွင် ယှဉ်ပြိုင်မှု အားကောင်းလာသည်ဟုဆိုကာ မြန်မာလေကြောင်းလိုင်းတစ်ခုထံမှ အစုရှယ်ယာ ၄၉ ရာခိုင်နှုန်း ဝယ်ယူမည့်အစီအစဉ်ကို ရုပ်သိမ်းခဲ့သော်လည်း နီဆန်းကုမ္ပဏီမှာ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံလျက်ရှိသော ဂျပန်ကုမ္ပဏီများတွင် ပါဝင်လျက်ရှိသည်။

**(သုတ)**

■

## ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်

**ပေါင် ဧပြီ ၄**

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ကျောင်းရွာ- လိပ်ပုတ် မြေသားလမ်း လေးမိုင် ဖောက်လုပ်ခြင်းကို မြတ်သူရကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ကျေးလက်ဦးစီး)**

KMD
Education Services
ISO
April လ သင်တန်းများစတင် လက်ခံနေပါပြီ။
CALL NOW:
01 700895, 220555.
နွေရာသီအားလပ်ရက်လေးမှာ အချိန်ကိုအကျိုးရှိစွာအသုံးချချင်သောလူငယ်များအတွက် Summer Special IT Foundation သင်တန်း
မိမိတို့၏ရင်သွေးများအနာဂတ်ခိုင်မာရန် နှင့် လမ်းကြောင်းမှန်ကန်စေရန် ယုံကြည်စွာအပ်နှံလိုက်ပါ။
Course Contents
- Computer System Fundamentals
- Foundation of Web Implementation
- Object Oriented Programming
- Development of Database
- Academic English
သင်တန်းတက်ရောက်ခြင်းဖြင့် ရရှိနိုင်သောအကျိုးကျေးဇူးများ
- ကိုယ်တိုင်တက်ကြွစွာပါဝင်ဆွေးနွေးတတ်လာခြင်း၊ ဝေဖန်ပိုင်းခြားဆင်ခြင် စဉ်းစားတတ်လာခြင်းစသည့် Skill များရရှိလာမည်။
- နိုင်ငံတကာပြောဆိုဆက်ဆံမှုတွင် Language ကိုမှန်မှန်ကန်ကန် ကျွမ်းကျွမ်းကျင်ကျင်အသုံးချလာနိုင်မည်။
- မိမိနှင့် သင့်တော်သောပညာရေးလမ်းကြောင်းနှင့် အသက်မွေးဝမ်းကျောင်းကို မှန်ကန်စွာရွေးချယ်နိုင်မည်။
အခြေခံပညာအထက်တန်းတက်ရောက်နေသူများနှင့်စာမေးပွဲဖြေဆိုထားသူများတက်ရောက်နိုင်ပါသည်။



မြေနီကုန်းစင်တာ – အမှတ်(၃၃၁)၊ပြည်လမ်း၊ မြေနီကုန်း၊စမ်းချောင်းမြို့နယ်။ ဖုန်း–(၀၁) ၅၂၇၄၃၆၊၅၃၄၁၇၀၊၅၀၂၂၃၃။ ပန်းဆိုးတန်းစင်တာ – အမှတ်(၁၇၄–၁၈၂)၊ပန်းဆိုးတန်းလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်။ ဖုန်း–(၀၁) ၃၈၁၇၇၆။

# ရုရှားငါးဖမ်းသင်္ဘောနစ်မြုပ်မှုတွင် ပျောက်ဆုံးမြန်မာသင်္ဘောသား ၁၉ ဦးကို ဆက်လက်ရှာဖွေ သေဆုံးသူများ၏ မိသားစုများအား ရူဘယ်လ်တစ်သန်းစီ ထောက်ပံ့မည်



ဧပြီ ၁ ရက်က နစ်မြုပ်သွားခဲ့သည့် ရုရှားငါးဖမ်းသင်္ဘော Dalniy Vostok နှင့် ပုံသဏ္ဌာန်တူသည့် ရုရှားငါးဖမ်းသင်္ဘောတစ်စင်းအား ရုရှားနိုင်ငံ အရှေ့ပိုင်း Okhotsh ပင်လယ်တွင် တွေ့ရစဉ်။ (နယူးယောက်တိုင်းမ်)

**နေပြည်တော် ဧပြီ ၄**

ရုရှားနိုင်ငံအရှေ့ပိုင်း Okhotsh ပင်လယ်၌ ဧပြီ ၁ ရက် ညပိုင်းက လူ ၁၃၂ ဦးပါ ရုရှားငါးဖမ်းသင်္ဘော Dalniy Vostok နစ်မြုပ်ခဲ့ရာ ရေယာဉ်မှူးနှင့် ဒုတိယရေယာဉ်မှူး အပါအဝင် ၅၆ ဦး သေဆုံးပြီး ၆၃ ဦး ကယ်တင်နိုင်ခဲ့ကာ ၁၃ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။ သင်္ဘောသား ၁၃၂ ဦးအနက် ရုရှားနိုင်ငံသား ၇၈ ဦး ပါဝင်ပြီး ကျန်ရှိသူများမှာ မြန်မာနိုင်ငံသား ၄၂ ဦး၊ လတ်ဗီးယားနိုင်ငံသား သုံးဦး၊ ယူကရိန်းနိုင်ငံသား လေးဦးနှင့် ဗင်နူအာတူနိုင်ငံသား ငါးဦးတို့ ဖြစ်သည်။

အာမခံထားခြင်းမရှိသော အဆိုပါသင်္ဘောကို၂၀၁၄ နှစ်ကုန်ပိုင်း၌ ပြုပြင်ထိန်းသိမ်းမှုပြုလုပ်ခဲ့ကြောင်း သိရသည်။ ရုရှားငါးဖမ်းလုပ်ငန်းအေဂျင်စီ ဒုတိယအကြီးအကဲ Vasily Sokolov က ရေယာဉ်တွင် တန်ပိုတင်ဆောင်ထားခြင်းမရှိကြောင်း၊ နစ်မြုပ်မှုမှာ လူပုဂ္ဂိုလ်၏မှားယွင်းမှု (Human Error) ဖြစ်နိုင်ကြောင်း ပြောကြားသည်။ ယခုအခါ သင်္ဘောနစ်မြုပ်ရာဒေသ၌ ရုရှားနိုင်ငံက ကယ်ဆယ်ရေးလုပ်သား ၁၆၀၀ ၊ ရေယာဉ် ၃၂ စင်း၊ BE ၂၀၀၊ MI 8 ရဟတ်ယာဉ်များဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်လျက်ရှိသည်။ သင်္ဘောနစ်မြုပ်မှုကြောင့် ထိခိုက်နစ်နာဆုံးရှုံးသူများနှင့် သေဆုံးသူများ၏ မိသားစုများအတွက် ထောက်ပံ့မှုများ အပြည့်အဝပြုလုပ်သွားရန်နှင့် အထူးဝမ်းနည်းကြေကွဲကြောင်း ရုရှားသမ္မတ ပူတင်က ထုတ်ဖော်ပြောကြားသည်။

ရုရှားဝန်ကြီးချုပ် မက်ဗီဒက်ဗ်နှင့် ရုရှားအစိုးရကလည်း ထိုအဖြစ်ဆိုးကြီးအတွက် ဝမ်းနည်းကြောင်း အထိမ်းအမှတ်အဖြစ် ၁ မိနစ် ငြိမ်သက်ခဲ့ကြသလို ဂျာမနီဝန်ကြီးချုပ်၊ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး၊ ကာဂျစ်စတန်သမ္မတနှင့် ဝန်ကြီးချုပ်တို့က ဝမ်းနည်းကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၏ လမ်းညွှန်မှုဖြင့် သံရုံးတာဝန်ရှိသူများက ရုရှားနိုင်ငံ လူမှုဝန်ထမ်းကယ်ဆယ်ရေးဝန်ကြီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ကာ သေဆုံးသူများနှင့် ထိခိုက်နစ်နာသူများအတွက် အပြည့်အဝ ကူညီပေးလျက်ရှိသည်။ နစ်မြုပ်သင်္ဘောပေါ်ပါရှိသော မြန်မာနိုင်ငံသား ၄၂ ဦးအနက် ၂၂ ဦးကို အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ပြီး ၁၉ ဦး ပျောက်ဆုံးနေကာ တစ်ဦးသေဆုံးသွားခဲ့ကြောင်း ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ မမျှော်လင့်သော အဖြစ်ဆိုးကြောင့် သေဆုံးသူများ၏ မိသားစုများအား ရုရှားအလုပ်သမားဝန်ကြီးဌာနမှ ရူဘယ်လ်တစ်သန်းစီ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း မော်စကိုမြို့ရှိ မြန်မာသံရုံးမှ သတင်းရရှိသည်။ **ဂျေတီ။**

# အီရန် နျူသဘောတူညီချက် အစ္စရေး ပြင်းထန်စွာဆန့်ကျင်



**ဂျေရုဆလင် ဧပြီ ၄**

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ် ထိန်းချုပ်ရေးတွင် တီဟီရန်နှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများအကြား ထွက်ပေါ်လာသော အခြေခံမူဘောင်သဘောတူညီချက်များကို ၎င်းနှင့် ၎င်း၏အစိုးရအဖွဲ့တို့က တညီတညွတ်တည်း အပြင်းအထန်ဆန့်ကျင်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ယနေ့ ပြောကြားသည်။

ယင်းအပြင် မည်သည့်နောက်ဆုံးသဘောတူညီချက်တွင်မဆို အစ္စရေးနိုင်ငံတည်ရှိမှုအား အီရန်က အသိအမှတ်ပြုရမည် ဟူသောအချက်ကို ထည့်သွင်းပေးရန် တောင်းဆိုခဲ့သည်။

အီရန်နှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများက နောက်ဆုံးသဘောတူညီမှုကို ဇွန် ၃၀ ရက်ခန့်တွင် ရရှိမည်ဖြစ်ကြောင်း ဧပြီ ၂ ရက်တွင် ကြေညာခဲ့သည်။

နောက်ဆုံး အပြီးသတ်သဘောတူညီမှုရရှိပြီးပါက အီရန်နိုင်ငံ၏ နျူကလီးယားဗုံး ထုတ်လုပ်နိုင်သော နည်းပညာကို လျှော့ချနိုင်ပြီး နိုင်ငံတကာ အရေးယူပိတ်ဆို့ထားသည့် စျေးကွက်များနှင့် ဓနဥစ္စာများကိုလည်း တီဟီရန်က ပြန်လည်ရရှိမည်ဖြစ်သည်။

နေတန်ယာဟုက အဆိုပါတီဟီရန်၏ နျူကလီးယားအစီအစဉ်ဆွေးနွေးပွဲများကို ပြင်းထန်စွာဝေဖန်၍ တီဟီရန်နျူကလီးယားအစီအစဉ်ကို လုံးဝဖျက်သိမ်းပေးရန် တောင်းဆိုခဲ့သည်။

အီရန်သည် မယုံကြည်ရသောနိုင်ငံဖြစ်သည့်အတွက် ၎င်း၏နျူကလီးယားအဆောက်အအုံများ၊ ကိရိယာများကို ပကတိအတိုင်း ထားရှိခဲ့ခြင်းသည် နောက်ဆုံးတွင် အီရန်အား နျူကလီးယားဗုံးထုတ်လုပ်ရန် ခွင့်ပြုပေးသဖွယ်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်က ပြောသည်။

အီရန်နိုင်ငံက ၎င်းသည် နျူကလီးယားလက်နက်ပိုင်ဆိုင်ရန် ရည်ရွယ်ချက်မရှိကြောင်း၊ ၎င်း၏နျူကလီးယားအစီအစဉ်သည် ငြိမ်းချမ်းသောလုပ်ငန်းများတွင် သုံးစွဲရန်သာ ရည်ရွယ်ကြောင်း ပြောကြားခဲ့သည်။ **အေပီ။**

# ဘိုလီးဗီးယားတွင် ကာကွယ်ရေးဝန်ကြီးကို သမ္မတကထုတ်ပယ်

**ဆူကရီ ဧပြီ ၄**

အိမ်နီးချင်းချီလီနိုင်ငံသို့ သွားရောက်လျက်ရှိသည့် ကာကွယ်ရေးဝန်ကြီး ဂျော့လီဒက်(ဇ်)မားကို အငြင်းပွားဖွယ်ရာ အပေါ်အင်္ကျီဝတ်ဆင်ခဲ့သောကြောင့် ဘိုလီးဗီးယားသမ္မတ အီဗိုမိုရေး(စ်)က ထုတ်ပယ်လိုက်ကြောင်း သိရသည်။

ချီလီအစိုးရက အဆိုပါအပေါ်အင်္ကျီဝတ်ဆင်သည့်အတွက် ဝန်ကြီးလီဒက်(ဇ်)မားကို ဝေဖန်ခဲ့သည်။ ယင်းအင်္ကျီတွင် ၁၉ ရာစုတွင် ဖြစ်ပွားခဲ့သောစစ်ပွဲ၌ ချီလီနိုင်ငံသို့ ပေးအပ်ခဲ့ရသည့် ပင်လယ်ကမ်းရိုးတန်းနယ်မြေများကို ဘိုလီးဗီးယားက ပြန်တောင်းခြင်း အဓိပ္ပာယ်ဆောင်သည့် စာတန်းပါသည်။

ဝန်ကြီးလီဒက်(ဇ်)မားသည် ချီလီနိုင်ငံအတွင်း ရေဖုံးလွှမ်းခြင်းခံရသောဒေသများသို့ သောက်ရေများ သွားရောက်ပေးဝေလျက်ရှိသည်။ ၎င်း၏ နေရာကို တက္ကသိုလ်ပါမောက္ခချုပ်ဟောင်း ရေးမီဖာရဲရားအား အစားထိုးခန့်အပ်သည်။

ချီလီနိုင်ငံမြောက်ပိုင်းကို ပီယာပိုမြို့သို့ သောက်ရေများပေးဝေရန်အတွက် ဘိုလီးဗီးယား လေတပ်လေယာဉ်တစ်စင်းဖြင့် အင်္ဂါနေ့တွင် သွားခဲ့ခြင်းဖြစ်သည်။

ခရီးစဉ်အတွင်း “ပင်လယ်ပြင်ကို ဘိုလီးဗီးယား ပိုင်ဆိုင်သည်” စာတန်းနှင့် ပိုင်ဆိုင်မှုအငြင်းပွားလျက်ရှိသည့် နယ်မြေများပါဝင်ပြီး ဘိုလီးဗီးယားနိုင်ငံတော်အလံ၏ အရောင်များပါ မြေပုံတစ်ခု ဆင်မြန်းထားသော အားကစားသမားဝတ် အပေါ်အင်္ကျီကို ၎င်းက ဝတ်ဆင်ထားခဲ့သည်။

ပစိဖိတ်စစ်ပွဲအတွင်း ဘိုလီးဗီးယားသည် မိုင် ၂၅၀ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းကို ချီလီနိုင်ငံ၏ သိမ်းယူခြင်းခံရပြီးနောက် ၁၃၆ နှစ်ကြာ ကုန်းတွင်းပိတ်နိုင်ငံဖြစ်နေခဲ့ရသည်။

ဘိုလီးဗီးယားသည် ဆုံးရှုံးနယ်မြေများ ပြန်လည်ရရှိရန် ကာလကြာမြင့်စွာ ကြိုးစားလျက်ရှိသည်။ အောင်မြင်မှုမရရှိဘဲ နှစ်နိုင်ငံဆက်ဆံရေး အကြိမ်ကြိမ် ထိခိုက်ခဲ့သည်။

လွန်ခဲ့သည့် နှစ်နှစ်က နိုင်ငံတကာ တရားရုံးတွင် ဘိုလီးဗီးယားက ချီလီနိုင်ငံကို သိမ်းယူမြေများ ပြန်လည်ရရှိရန် တရားစွဲဆိုခဲ့သည်။ ယင်းတရားရုံးက ယနေ့အထိ ဆုံးဖြတ်ချက်ချမှတ်ခြင်း မပြုသေးပေ။ **ဘီဘီစီ။**

# ယီမင်တွင် သူပုန်များကို အေဒင်မှမောင်းထုတ်

**အေဒင်(ယီမင်) ဧပြီ ၄**

ယီမင်သမ္မတ အတ်ရာဘတ်ဂျ်မန်ဆိုအာဟာဒီကို သစ္စာခံသူများက ရှီးယိုက်ဟူသီသူပုန်များအား နိုင်ငံတောင်ပိုင်း အေဒင်မြို့မှ မောင်းထုတ်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်ဟု ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဆော်ဒီအာရေဗျ ဦးဆောင်သည့် နိုင်ငံစုံတပ်ဖွဲ့များက သူပုန်များကို လေကြောင်းမှ တိုက်ခိုက်သကဲ့သို့ ဟာဒီ၏ သစ္စာခံများအတွက်လည်း လက်နက်နှင့် ဆက်သွယ်ရေးပစ္စည်းကို လေကြောင်းမှ ချပေးခဲ့သည်။

အစိုးရတပ်ဖွဲ့စစ်စခန်းတစ်ခုကို သိမ်းခဲ့သည့် အယ်လ်ခိုင်ဒါစစ်သွေးကြွများလက်သို့ နိုင်ငံအရှေ့မြောက်ပိုင်းရှိ အခြားသော ဆိပ်ကမ်းမြို့တစ်မြို့ ကျရောက်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ယီမင်နယ်စပ်၌ အစောင့်တာဝန်ထမ်းဆောင်နေသော ဆော်ဒီတပ်ဖွဲ့ဝင်နှစ်ဦး အသက်ခံခဲ့ရသည်။

လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်အတွင်း ယီမင်နိုင်ငံ၌ ဖြစ်ပွားခဲ့သောတိုက်ပွဲများ၌ လူ ၅၀၀ ကျော် သေဆုံး၍ ၁၇၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ကုလသမဂ္ဂက ပြောကြားခဲ့သည်။ **ဘီဘီစီ။**



# လီကွမ်ယူအားဂုဏ်ပြုသည့် အထူးပြပွဲ ညှော်ပရိသတ်များပြားမှုကြောင့် ပြပွဲကာလတိုးချဲ့မည်

**စင်ကာပူ ဧပြီ ၄**

စင်ကာပူအမျိုးသားပြတိုက်သည် မကြာသေးမီက ကွယ်လွန်ခဲ့သော ခေါင်းဆောင်ကြီး လီကွမ်ယူအား ဂုဏ်ပြုသည့် အထိမ်းအမှတ်ပြပွဲ၏ ပြပွဲကာလကို တိုးချဲ့ရန်လည်းကောင်း၊ နေ့စဉ်ပြသချိန်နာရီကို တိုးမြှင့်ရန်လည်းကောင်း စီစဉ်ထားကြောင်း ယဉ်ကျေးမှု၊ ရပ်ရွာအဖွဲ့အစည်းနှင့် လူငယ်ရေးရာဝန်ကြီး လောရင့်ဝေါင်းက ဧပြီ ၄ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ခေါင်းဆောင်ကြီးလီကွမ်ယူအား ဂုဏ်ပြုသည့်အနေဖြင့် အထူးပြသသည့်ပြပွဲတွင် ၎င်း၏ ပုဂ္ဂလိကအသုံးအဆောင်ပစ္စည်းများကို ခင်းကျင်းပြသထားပြီး ညှော့်ပရိသတ်ထောင်ပေါင်းများစွာကို ဆွဲဆောင်နိုင်သည်။ ဧပြီ ၃ ရက်က ပြပွဲလာပရိသတ်များမှာ အလွန်များပြားလာသောကြောင့် ပြပွဲပိတ်ချိန်ထက် လေးနာရီစောကာ ပိတ်ခဲ့ရကြောင်း ဝန်ကြီးလောရင့်ဝေါင်းက ပြောကြားသည်။

ရက်သတ္တကုန်အားလပ်ရက်များတွင် ပြပွဲပြသရက်နှင့် ပြသချိန်နာရီတို့ကို တိုးပေးရန် ပြတိုက်တာဝန်ရှိသူများအား မိမိညွှန်ကြားခဲ့ကြောင်း ၎င်းက ပြောကြားသည်။

လီကွမ်ယူအထိမ်းအမှတ် အထူးပြပွဲ ခင်းကျင်းပြသပြီးစီးသည့်အခါ ၎င်း၏ ပုဂ္ဂလိကပစ္စည်းများကို အမြဲတမ်းပြခန်းဆောင်တွင် ထားရှိ၍ ထိန်းသိမ်းစောင့်ရှောက်သွားရန် အမျိုးသားပြတိုက်က စီစဉ်ထားသည်။ လီကွမ်ယူ အမှတ်တရ အမြဲတမ်းပြခန်းဆောင်ကို ယခုနှစ် ဩဂုတ် သို့မဟုတ် စက်တင်ဘာလတွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

လီကွမ်ယူအထိမ်းအမှတ် အထူးပြပွဲကို ဧပြီ ၂၆ ရက်အထိ ခင်းကျင်းပြသသွားမည်ဖြစ်ပြီး လက်ရှိပြပွဲချိန်ကာလမှာ နေ့စဉ်နံနက် ၁၀ နာရီမှ ည ၈ နာရီအထိ ဖြစ်သည်။ **စီအင်န်အေ။**

# ကျောက်မဲမြို့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းအား ထောက်ခံဆန္ဒထုတ်ဖော်ပွဲပြုလုပ်



**ကျောက်မဲ မေ ၄**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို အတည်ပြုလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအား ကြိုဆိုထောက်ခံသည့် ဆန္ဒထုတ်ဖော်ပွဲကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ကျောက်မဲမြို့၌ မေ ၄ ရက် နံနက် ၉ နာရီက ခွင့်ပြုချက်ရယူပြီး ပြုလုပ်ခဲ့သည်။

အဆိုပါ ဆန္ဒထုတ်ဖော်ပွဲတွင် **"ငြိမ်းချမ်းရေးသည် ပြည်သူတို့၏လိုလားချက် ဆန္ဒနှင့်မျှော်လင့်ချက်"၊ "ငြိမ်းချမ်းဝေစည် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ" "ပြည်ထောင်စုငြိမ်းချမ်းရေး ဒုတိယပင်လုံ၏အောင်ပွဲ"** စသည့်လက်ကိုင် ဆောင်ပုဒ်များကိုင်ဆောင်ကာ **"တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းရေး၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်ရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး၊ တိုင်းရင်းသားများနှင့် နိုင်ငံရေးဆွေးနွေးပွဲများဆက်လက်ပြုလုပ်နိုင်ရေး၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်မူကြမ်း အတည်ပြုအကောင်အထည်ဖော်ရေး"** ဟူသည့် ကြွေးကြော်သံများဖြင့် လမ်းလျှောက်ဆန္ဒထုတ်ဖော်ခဲ့ခြင်းဖြစ်သည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းအား ထောက်ခံဆန္ဒထုတ်ဖော်ပွဲသို့ ကျောက်မဲမြို့နယ်အတွင်းရှိ ရပ်ကွက်(၉)ခုနှင့် ကျေးရွာ(၁၀)ရွာမှ ရှမ်း၊ ဗမာ၊ ခနေ့၊ ပလောင်၊ ကိုးကန့် တိုင်းရင်းသားများ အင်အား ၁၅၀၀ ခန့် ပါဝင်ခဲ့ကြပြီး အမှတ်(၁)ရပ်ကွက်ခရိုင်အားကစားကွင်းမှ အမှတ်(၈)ရပ်ကွက် မြို့နယ်အားကစားကွင်းသို့ ပင်လုံလမ်းမကြီးနှင့် အောင်ဆန်းလမ်းများအတိုင်း လမ်းလျှောက်ဆန္ဒထုတ်ဖော်၍ နံနက် ၁၀ နာရီတွင် ပြီးစီးခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# ရွှေချိုးဖြူရေ. . . ကူပါတော့

❂ အမြောက်သံများ. . . ဗုံးသံကြား၌
ကားခနဲဝေ့. . . မြောက်တက်၍လျှင်
ယမ်းငွေ့လူလူ. . . မှိုင်းမအူချေ
ဖြူစင်သန့်ရှင်း. . . မိုးလုံးလင်း၍
ညင်းညင်းပြေပြေ. . . မွှေးရနံ့လေနှင့်
နေခြည်ပျိုးပျိုး. . . နင်းတို့နိုးပြီ
ရွှေချိုးဖြူရေ ကူပါတော့. . .။

❂ စစ်မြေတလင်း. . . သွေးညှီသင်း၍
စင်းစင်းကျေကျေ. . . တစမြေ၌
အသေကောင်ပုပ်. . . ယင်မဲလှုပ်နှင့်
ကျီးအုပ်သဲသဲ. . . လင်းတဝဲသည့်
ရင်ထဲကြောက်ဟုန်. . . နိမိတ်ပုံကြောင့်
တုန်ရီမောမော. . . မောင်မိုက်တော၌
ဇောသည်းချိန်မျိုး. . . ကျော်လွန်နိုးပြီ
ရွှေချိုးဖြူရေ. . . ကူပါတော့။

❂ လွတ်လပ်စွာပွင့်. . . ပန်းသဘင့်၌
ဆင့်ဆင့်စီစီ. . . ရောင်စုံညီ၍
နေခြည်လည်းဆမ်း. . . မွှေးရနံ့လွှမ်း၏
စမ်းချောင်းရေစီး. . . လမ်းခရီးဝယ်
ဆီးကာတားကာ. . . မရှိပါဘဲ
သီတာသွင်သွင်. . . ခရီးနှင်၍
ပဋ္ဌင်စောင်းကြိုး. . . ဖွဖွနှိုးပြီး
ရွှေချိုးဖြူရေ. . . ကူပါတော့။

❂ ဩော်. . . စားပွဲဝိုင်းထိုင်. . . ခေါင်းချင်းဆိုင်၍
ရှည်ခိုင်မြော်တွေး. . . ငြိမ်းချမ်းရေးကို
ဆွေးနွေးကြသော်. . . အားတက်သော်တည့်
စောင့်မျှော်နားစွင့်. . . ရင်ဝယ်ထင့်လည်း
ဆင့်ဆင့်စကား. . . ကောင်းခြင်းကြားသည်
ကြားစဉ်ခဏ. . . ဝမ်းမြောက်ကြ၏
ခုမှတို့ပြည်. . . ငြိမ်းချမ်းပြီ. . . တဲ့
ပြုံးရယ်ရယ်မော. . . တသောသောတည့်
သြဘာလက်ခုပ်. . . တလှုပ်လှုပ်တည့်
မဆုတ်မနစ်. . . ရင်ကိုလှစ်၍
ချစ်သောခင်သော. . . စိတ်ရင်းနော၍
ကြည့်သောအကြည့်. . . ပကတိနှင့်
ပီတိဖိတ်ဖိတ်. . . ဖြူစင်စိတ်နှင့်
အတိတ်ဆိုးမွေ. . . ထားရစ်လေစို့
တစ်မြေတည်းဖွား. . . တစ်သွေးသားမို့
ကြားလေသွေးရန်. . . တို့မခံပြီ
နိုင်ငံတစ်ခု. . . ပြည်ထောင်စု၌
စုစုစည်းစည်း. . . မျှညီစည်းဖြင့်
ဖွဲ့စည်းတည်ဆောက်. . . လက်တွဲလျှောက်စို့
နောက်ပြန်မလှည့်. . . ရှေ့တည့်တည့်ပင်
သူကွဲ့ကိုယ်ကွဲ့. . . တာဝန်ဖွဲ့၍
မန္တဲ့စတမ်း. . . အားသွန်ထမ်းစို့
ရွှေနန်းရွှေပြည်. . . ရွှေဌာနီ၏
ရေကြည်မြက်နု. . . သီးပွင့်မှုကို
ပေါင်းစုခွဲဝေ. . . ခံစားလေစို့
နေခြည်လင်းလင်း. . . ပန်းသင်းသင်းနှင့်
မြစ်မင်းရော. . . ငြိမ့်ငြိမ့်သာ၍
လယ်ယာမြေဘုံ. . . သီးနှံပုံ၍
စက်ရုံမီးခိုး. . . ဥသြနှိုး၍
တိုင်းကျိုးအလို. . . ညီတူဆိုသည့်
ဒီမိုကရေစီ. . . ခေတ်သစ်ရည်၍
ရွှေပြည်တော်မျိုး. . . ရှက်ဆောင်ကြိုးမည်
ရွှေချိုးဖြူရေ. . . ကူပါတော့။

**(ငြိမ်းချမ်းရေးဆွေးနွေးပွဲ အောင်မြင်မှုသို့)**

**မောင်ဟေမာ**

# ငြိမ်းချမ်းမှုကိုလိုလားသောပြည်သူများစုပေါင်း၍ အေးချမ်းစွာဖြင့်ဆန္ဒထုတ်ဖော်

**လင်းခေး မေ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့ ရွာမကြီး အရှေ့ရပ်ကွက်နေ မြို့မိမြို့ဖများ ဦးဆောင်သော ပြည်သူလူထု အင်အား ၁၂၀၀ ခန့်သည် ခွင့်ပြုချက်ရယူပြီး စုပေါင်းစီတန်းလှည့်လည်၍ ဆန္ဒထုတ်ဖော်ခြင်းကို မေ ၄ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့ကြသည်။

ယင်းဆန္ဒထုတ်ဖော်ပွဲအား လင်းခေးမြို့ နွယ်ဝတီခန်းမအရှေ့ လင်းခေး-ဝမ်ဟတ်သွားလမ်းမှ စတင်ပြီး မြို့တွင်း လမ်းမကြီးအတိုင်း နှင်းဆီလမ်း၊ သီရိရတနာလမ်း၊ လင်းခေး-မိုင်းပန် မော်တော်ကားလမ်းမကြီးအတိုင်း လမ်းလျှောက် ဆန္ဒထုတ်ဖော်ခဲ့ကြပြီး ရွာမကြီးအရှေ့ရပ်ကွက်ရှိ ခွာညိုလမ်းအတိုင်း ပြန်လည်ဝင်ရောက်၍ ယင်းရပ်ကွက် ဓမ္မာရုံ၌ နံနက် ၉ နာရီတွင် ရပ်နားခဲ့ကြသည်။

စီတန်းလှည့်လည်ဆန္ဒထုတ်ဖော်ရာ၌ "အပစ်အခတ် အမြန်ရပ်စဲရေး"၊ "စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်တည်ငြိမ်အေးချမ်းဖို့လိုသည်"၊ "ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးမင်းမဲ့စရိုက်ဖန်တီးသူ ဒို့ရန်သူ"၊ "တိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်ခွင့်ရရှိရေး ဒို့အရေး" စသည့် ဆောင်ပုဒ်များ ကိုင်ဆောင်၍ "ဒီမိုကရေစီရှင်သန်ခိုင်မာရေး ဒို့အရေး"၊ "နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ဒို့အရေး"၊ "နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဒို့အရေး" ဟူသော ကြွေးကြော်သံများဖြင့် စီတန်းလှည့်လည်ဆန္ဒထုတ်ဖော်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ ဆန္ဒထုတ်ဖော်ပွဲကို ယနေ့နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်နေသော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအား ထောက်ခံ၍ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲပြီးအမျိုးသားပြန်လည်စည်းလုံးညီညွတ်ကာ ဒီမိုကရေစီနိုင်ငံတော်ပေါ်ပေါက်စေရန်ရည်ရွယ်လျက် ယခုကဲ့သို့ ငြိမ်းချမ်းစွာ မိမိတို့အနေဖြင့် စုပေါင်းကာ လူထုဆန္ဒထုတ်ဖော်ခဲ့ကြခြင်းဖြစ်ကြောင်း ဦးစိုင်းအောင်သန်းက ပြောကြားသည်။

"ဒီကနေ့ လူထုဆန္ဒထုတ်ဖော်ပွဲကို ဥပဒေနှင့်အညီခွင့်ပြုချက်တောင်းခံပြီးမှကျွန်တော်တို့ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ နိုင်ငံတော်က ဆောင်ရွက်နေတဲ့ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးနဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ နိုင်ငံအတွက် အလွန်အရေးကြီးပါတယ်။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲမှ ပြည်သူတစ်ရပ်လုံးက အေးချမ်းစွာနဲ့မိမိတို့ရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေကို လုပ်ကိုင်နိုင်ပြီး မိသားစုဘဝဟာ ဖွံ့ဖြိုးတိုးတက်လာနိုင်ကြမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဆက်လက်ပြီး မြို့မိမြို့ဖ ဦးစိုင်းသန်းကျော်က "ဒီနေ့လူထုဆန္ဒထုတ်ဖော်ခြင်းဟာ နိုင်ငံတော်က ဆောင်ရွက်နေတဲ့ အပစ်အခတ်ရပ်စဲရေး ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ထောက်ခံတဲ့အနေနဲ့ ပြုလုပ်တာပဲဖြစ်ပါတယ်။နိုင်ငံတော်အနေနဲ့ ပြည်တွင်းစစ်နှစ်ပေါင်း ၆၀ကျော်ကြာရှည်ခဲ့ပြီဖြစ်ပါတယ်။ ဘယ်ဘက်ကကျဆုံးတာပဲဖြစ်စေ ကျွန်တော်တို့ နိုင်ငံသားတွေပဲဖြစ်ပါတယ်။ ကျဆုံးသွားသူရဲ့ မိသားစုတွေရဲ့ လူမှုဘဝလည်းဆုံးရှုံးရပါတယ်။ နိုင်ငံအတွက် အရွယ်ကောင်းတွေဟာ စစ်ပွဲတွေမှာ အချိန်မကုန်ဘဲ နိုင်ငံနဲ့လူမျိုးမိသားစုအရေးတွေမှာ ဆောင်ရွက်ရင်းနဲ့ပဲ အချိန်ကုန်စေချင်ပါတယ်။ ဒါကြောင့် တစ်နိုင်ငံလုံးအပစ်အခတ် အမြန်ရပ်စဲပြီး အေးချမ်းတည်ငြိမ်တဲ့နိုင်ငံကြီးဖြစ်အောင် အမြန်ဆောင်ရွက်ကြဖို့ လူထုရဲ့ သဘောထားကို အခုလိုထုတ်ဖော်ခဲ့ကြတာပဲဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

အဆိုပါ ဆန္ဒထုတ်ဖော်ခြင်းကို အေးချမ်းစွာဖြင့် ပြုလုပ်ကြပြီး နံနက် ၉ နာရီတွင်ပြီးစီးကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## ရပ်စောက်မြို့တွင် တရားမဝင်သစ် ၁၇၃ တန်ကျော်၊ သစ်စက်နှင့် ပစ္စည်းများသိမ်းဆည်းရမိ

**ရပ်စောက် မေ ၄**

ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ခင်မောင်လွင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် ရပ်စောက်မြို့ အထွက်၊ ရပ်စောက်-ရွှေညောင်ကားလမ်းနံဘေးမှ တရားမဝင် အင်သစ် ၂၅ လုံး တင်ဆောင်ထားသော ဟီးနိုးယာဉ်တစ်စီးနှင့် အင်သစ်အလုံး ၃၀ တင်ဆောင်ထားသော နစ်ဆန်းယာဉ်တစ်စီးတို့အားမတ် ၂၃ ရက်က ယာဉ်ပေါ်ပါလူလေးဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မတ် ၂၈ ရက်တွင် တောင်ကြီးခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီးမြင့်ထူးဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်စောက်မြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်စောက်မြို့နယ် အုတ်ကျင်းကျေးရွာနေ ဦးစိုးခိုင်၏ သစ်စက်ဝင်းအတွင်း ဝင်ရောက်စစ်ဆေးခဲ့ရာ တရားမဝင် အင်ကြင်း၊ သစ်ယာနှင့် အင်သစ် ၂၄၉ လုံး၊ လွှဝိုင်း သုံးဝိုင်း၊ လျှာထိုးစက်တစ်လုံးနှင့်အင်ဂျင်နှစ်လုံးတို့အား သိမ်းဆည်းရမိခဲ့ပြီး စုစုပေါင်း တရားမဝင် သစ်ယာ၊ အင်ကြင်းနှင့်အင်သစ် ၁၇၄ တန်ကျော်အား ဖမ်းဆီးဖော်ထုတ် အရေးယူနိုင်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ နေပြည်တော်
ဒေသန္တရရေနံချက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန်အတွက် အဆိုပြုလွှာများခေါ်ယူခြင်း

၁။ ဒေသန္တရရေနံချက်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လိုသူ နိုင်ငံသား (သို့မဟုတ်) နိုင်ငံသားပိုင် အဖွဲ့အစည်းများသည် အောက်ပါအချက်များဖော်ပြ၍ စွမ်းအင်ဝန်ကြီးဌာနသို့ လိပ်မူ၍ လျှောက်ထားနိုင်ပါသည်။
(က) လျှောက်ထားသူ၏ အမည်၊ အဖအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဆက်သွယ်ရမည့်နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်။
(ခ) သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာ၊
(ဂ) ဒေသန္တရ ရေနံချက်လုပ်ခြင်းလုပ်ငန်း တည်နေရာ၊ ပိုင်ဆိုင်မှုအထောက်အထား၊
(ဃ) ၎င်းလုပ်ငန်း၏ ၂၄ နာရီလျှင် ချက်လုပ်နိုင်မည့် အနည်းဆုံး ရေနံစိမ်းဂါလန် ၁၀၀၀မှ အများဆုံး ဂါလန်၂၅၀၀အတွင်းရှိသည့် ချက်လုပ်မှုစွမ်းရည် (Design Capacity)၊ ချက်လုပ်မည့်နည်းစဉ်၊ အသေးစိတ်ဒီဇိုင်းပုံစံ၊ ၎င်း၏အကွက်ချပုံ (Layout Plan)၊ ထွက်ရှိမည့် ချက်ဆီအမျိုးအစားနှင့်ပမာဏ၊ အသုံးပြုမည့် လောင်စာဆီအမျိုးအစား၊
(င) ၎င်းလုပ်ငန်းဆောင်ရွက်ရန်ကုန်ကြမ်း(ရေနံစိမ်း)ကို တရားဝင်လက်ယက်တွင်းလုပ်ကိုင်ခွင့်ရရှိသူထံမှသာ ရယူရမည်ဖြစ်ပြီး ၎င်းကုန်ကြမ်းရယူမည့် လက်ယက်တွင်း၊ ဒေသနှင့် ပမာဏ၊ ကုန်ကြမ်းနှင့် ကုန်ချောသိုလှောင်ကန်အမျိုးအစား၊ ကုန်ချောဖြန့်ဖြူးမည့် အစီအစဉ်နှင့်ဒေသ၊
၂။ ဒေသန္တရ ရေနံချက်လုပ်ခြင်းလုပ်ငန်း၏ လောင်စာသုံးစွဲခြင်း၊ ဘေးထွက်ပစ္စည်း၊ စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် တည်ဆဲပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ညွှန်ကြားချက်များနှင့်အညီ စီမံဆောင်ရွက်ရမည်။
၃။ မိမိပိုင်ဒေသန္တရရေနံချက်လုပ်ခြင်းလုပ်ငန်းမှ ထွက်ရှိသည့်ချက်ဆီများ သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းတို့နှင့်ပတ်သက်၍ စွမ်းအင်ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၏ သတ်မှတ်သည့် စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်။
၄။ အထက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ/မရှိ စွမ်းအင်ဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များပါဝင်သောအဖွဲ့ဖြင့် စိစစ်၍ ဒေသန္တရရေနံချက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်(လိုင်စင်)အား ထုတ်ပေးရေးဆောင်ရွက်မည်။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါလိပ်စာတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။
ဦးဆောင်ညွှန်ကြားရေးမှူးရုံး၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊
ရုံးအမှတ်(၄၄)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၀၅၀
၅။ လျှောက်ထားသူများအနေဖြင့် အဆိုပြုလွှာများကို အောက်ဖော်ပြပါလိပ်စာသို့ လိပ်မူ၍ ပေးပို့တင်ပြရန် ဖြစ်ပါသည်။
စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်-၆၊ နေပြည်တော်
**စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်-၆၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၀၆၀**

○ စာမျက်နှာ ၆ မှ

ထို့နောက် စတုတ္ထဆင်ဖြူတော် ဘဒ္ဒဝတီကို ၂၀၁၀ ခုနှစ် ဇွန်လ ၂၆ ရက်တွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဖားဝပ်ချောင်းကျေးရွာအနီးမှ လည်းကောင်း၊ ပဉ္စမဆင်ဖြူတော်ရတနာ နန္ဒဝတီကို ယင်းနှစ် စက်တင်ဘာလ ၂၃ ရက်တွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ် ရန်အောင်မြင် စံပြရွာအနီးမှ လည်းကောင်း တစ်နှစ်တည်းမှာပင် ဆင်ဖြူတော် နှစ်စီးကို ထူးခြားစွာ ထပ်မံရရှိခဲ့ပြန်ပါသည်။

၂၀၁၁ ခုနှစ်သည်ကား အထူးခြားဆုံးနှစ်ဟု ဆိုရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အမိမြန်မာနိုင်ငံနှင့် မြန်မာပြည်သူပြည်သားတို့အတွက် အတိတ်ကောင်းနိမိတ်ကောင်းတို့ကို ဆောင်ကြဉ်း၍လာသော ဆင်ဖြူတော်ရတနာသုံးစီးတို့ တစ်နှစ်တည်းမှာပင် ထူးခြားစွာ ပေါ်ထွန်းလာခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ဆဋ္ဌမမြောက် ဆင်ဖြူတော် ငွေဆဒ္ဒန်ကို အောက်တိုဘာ ၁၅ ရက်တွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ် လောင်းဒုံကျေးရွာအနီးမှ လည်းကောင်း၊ သတ္တမမြောက် ဆင်ဖြူတော် ဟေမဝတီကို အောက်တိုဘာ ၂၅ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့နယ်ခွဲ အလယ်ကျေးရွာမှ လည်းကောင်း အသီးသီးရရှိခဲ့ပြီး ပိုမိုထူးခြားသည်မှာ အဋ္ဌမမြောက်ဆင်ဖြူတော် ဇာတကလျာကို ဆင်ဖြူတော် ဘဒ္ဒဝတီမှ ယင်းနှစ်နိုဝင်ဘာ ၂၇ ရက် ည ၉ နာရီ ၄၅ မိနစ်တွင် မွေးဖွားခဲ့ခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၀ ခုနှစ်အတွင်း ယခင်အစိုးရ လက်ထက် မြန်မာနိုင်ငံတွင် ဆင်ဖြူတော်ငါးစီး ပေါ်ထွန်းခဲ့ပြီး ၂၀၁၁ ခုနှစ် နိုင်ငံတော်အစိုးရသစ်လက်ထက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပေါ်ထွန်းလာပြီးနောက် တစ်နှစ်အတွင်းမှာပင် ဆင်ဖြူတော်သုံးစီး ထူးခြားစွာ ပေါ်ပေါက်လာခဲ့သည်ကို တွေ့ရပါသည်။ ဆင်ဖြူတော်ပေါ်ပေါက်ရရှိသည်မှာ အစဉ်အလာအရ သဘာဝတောတွင်း၌ မွေးဖွား၍ ကြီးပြင်းလာသော ဆင်ဖြူတော်ကိုသာဖမ်းဆီးရရှိခြင်းဖြစ်ပါသည်။ အဋ္ဌမမြောက် ဆင်ဖြူတော်ဇာတကလျာမှုကား နေပြည်တော်ဌာန ပြည်ဂါမတွင် ရောက်ရှိကျက်စားနေပြီဖြစ်သော ဆင်ဖြူတော်ဘဒ္ဒဝတီမှ ဖွားမြင်ခဲ့ခြင်းဖြစ်ရာ ရှေးမင်းများစဉ်ဆက် လက်ထက်တော်များ၌ပင် မကြုံစဖူး ထူးကဲလှသည်ကို တွေ့ရမည်ဖြစ်ပါသည်။

**ဆင်ဖြူတော်ရတနာများက ဆောင်ကြဉ်းခဲ့သော အေးချမ်းသာယာမှုအတိတ်နိမိတ်ကြောင့် ယခုအခါ တစ်နိုင်ငံလုံးပစ်ခတ်မှုရပ်ဆိုင်းရေး သဘောတူစာချုပ်မူကြမ်းကို အစိုးရအဖွဲ့နှင့် တိုင်းရင်းသားခေါင်းဆောင်တို့အကြား အတည်ပြုလက်မှတ်ရေးထိုးနိုင်ခဲ့လေပြီ။**

မြန်မာနိုင်ငံနှင့် မြန်မာပြည်သူတို့၏ ထူးခြားဆန်းကြယ်သော ကံကြမ္မာဟုပင် ဆိုရမည်လား မသိ။ ယခုအခါ နဝမမြောက်ဆင်ဖြူတော်ရတနာကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် သလပ်ခွာကြိုးဝိုင်း အကွက်အမှတ်(၈) သစ်ပုတ်ချောင်းဖျားမှ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် ထပ်မံရရှိခဲ့ပြန်ပါသည်။ နဝမမြောက် ဆင်ဖြူတော်သည် ဆင်မယဉ်သာဖြစ်ပြီး အသက်အားဖြင့် ၇ နှစ်ခန့် ရှိပါသည်။ ခန့်မှန်းခြေအားဖြင့် အရပ်အမြင့် ၆ ပေ ၃ လက်မ၊ ကိုယ်လုံးပတ် ၈ ပေ ၈ လက်မရှိပြီး၊ အမြီးတံခါးစောင်း ၂ ပေ ၇ လက်မရှိကြောင်း သိရပါသည်။ ဆင်ဖြူတော်၏ကျောမှာ ငှက်ပျောကိုင်းသဏ္ဌာန်ရှိပြီး နားရွက်အရွယ်အစားမှာ အလယ်အလတ်ဖြစ်ပါသည်။ ဆင်ဖြူတော်၏ မျက်လုံးမှာ ပုလဲရောင်နှင့် အသားအရောင်မှာ ပန်းနုရောင် ဖြစ်ပါသည်။ ခြေသည်းမှာ ရှေ့(၅×၅)၊ နောက်(၄×၄)ဖြစ်ပြီး၊ ဆင်ဖြူတော်၏ ကြွန်အင်များသည် ကျမ်းဂန်လာဆင်ဖြူတော် လက္ခဏာများနှင့် ညီညွတ်ကြောင်း လေ့လာသိရှိရပါသည်။

နဝမမြောက်ဆင်ဖြူတော်ရတနာကို ရရှိသည့်နေ့မှစ၍ ရေသိုးမှိုန်းသင် ဆင်စခန်းတွင် ပုခက်သွင်းလေ့ကျင့်ခဲ့ပြီး လူများနှင့် ကျွမ်းဝင်ယဉ်ပါးလာခဲ့ပြီဖြစ်ရာ ယခုအခါ နေပြည်တော်တွင် ယခင်ဆင်ဖြူတော်များနှင့်အတူ ထားရှိစောင့်ရှောက်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ နဝမမြောက်ဆင်ဖြူတော်ရတနာအား ၂၀၁၅ ခုနှစ် ဧပြီလ ၆ ရက်တွင် တာဝန်ရှိသူများနှင့် ပြည်သူလူထုအပေါင်းမှ ကြိုဆိုကြမည် ဖြစ်ပါသည်။ ထို့နောက် မင်္ဂလာအချိန်တွင် ဆင်ဖြူတော်ရတနာဆောင်၌ အန္တရာယ်ကင်းမင်္ဂလာ၊ အဆောင်တော်သွင်း မင်္ဂလာ၊ အစာကျွေးမွေးခြင်း မင်္ဂလာ၊ နေ/လပြ မင်္ဂလာ၊ ဘွဲ့နာမံ အမည်တော်ပေးမင်္ဂလာ၊ လက်ဆောင်/လက်ဖွဲ့ပေးအပ်ခြင်း မင်္ဂလာတို့ဖြင့် အသီးသီး ဆင်ယင်ကျင်းပမည် ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရေမြေတောတောင်သဘာဝ ထူးခြားကောင်းမွန်သဖြင့် အစဉ်အဆက် ဆင်ဖြူတော် ရတနာများပေါ်ထွန်းရာ ဘူမိနက်သန်ဟု ခေါ်ဆိုနိုင်လောက်သည်ဟုပင် ဆိုရပေတော့မည်။ ရေမြေတောတောင် သဘာဝကောင်းမွန်ခြင်းကြောင့် ဆင်ဖြူတော်ရတနာများ ကျက်စားပျော်ပါးလျက်ရှိသည် ဆိုသော်လည်း လွန်ခဲ့သော ဆယ်စုနှစ်အတွင်း၌သာ ဆင်ဖြူတော်ရတနာ ကိုးစီးအထိ ပေါ်ထွန်းရရှိခဲ့သည်မှာလည်း ထူးခြားလှပေသည်။ ဗုဒ္ဓမြတ်စွာဘုရားအလောင်းတော် ဝေဿန္တရာမင်းကြီး လက်ထက်တော်အခါက ဒုဗ္ဘိက္ခန္တရကပ်ကြီးဆိုက်ရောက်နေသော ကလိင်္ဂရာဇ်ပြည်သည် ဆင်ဖြူတော် ပစ္စယကို အလှူခံရရှိသည်နှင့် ဆိုးရွားလှသော ကပ်ဘေးကြီးကို ကျော်လွှားကာ ပြည်သူအပေါင်း အေးချမ်းသာယာမှုကို ခံစားရရှိခဲ့ကြသည်။ မြန်မာနိုင်ငံတွင်မူ ယခုအခါ အဖိုးတန်ဆင်ဖြူတော်ရတနာကိုးစီး ပေါ်ထွန်းလာခဲ့ပြီဖြစ်ရာ ထူးခြားသည့် အတိတ်ကောင်း နိမိတ်ကောင်းများနှင့်အတူ နိုင်ငံနှင့်အဝှမ်း အေးချမ်းသာယာတော့မည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။

ဆင်ဖြူတော်ရတနာများက ဆောင်ကြဉ်းခဲ့သော အေးချမ်းသာယာမှုအတိတ်နိမိတ်ကြောင့် ယခုအခါ တစ်နိုင်ငံလုံး ပစ်ခတ်မှုရပ်ဆိုင်းရေးသဘောတူစာချုပ်မူကြမ်းကို အစိုးရအဖွဲ့နှင့် တိုင်းရင်းသားခေါင်းဆောင်တို့အကြား အတည်ပြုလက်မှတ်ရေးထိုးနိုင်ခဲ့လေပြီ။ ဤကား ငြိမ်းချမ်းရေး၏အစ၊ ငြိမ်းချမ်းရေး၏ အလင်းတန်းပေတည်း။ ဂမ္ဘီရဆန်သည်ဟု ဆိုချင်ဆိုကြပါစေ။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် လိုအပ်လှသော ငြိမ်းချမ်းရေးအလင်းရောင်ကို နဝမမြောက် ဆင်ဖြူတော်က ဆောင်ကြဉ်းလာခဲ့ပြီဟု ဆိုလျှင် မှားအံ့မထင်ပါ။ ။

# မလေးရှားနိုင်ငံ KDU ကောလိပ်(ပီနန်)တွင် ပညာသင်ဆုဖြင့် အလုပ်သင်လျှောက်ထားနိုင်

**ရန်ကုန် ဧပြီ ၄**

မလေးရှားနိုင်ငံ ပီနန်ရှိ KDU ကောလိပ်တွင် ပညာသင်ဆုဖြင့် အလုပ်သင်ကာလ ခြောက်လပူးတွဲပါဝင်သည့် Creative Media Design ဘာသာရပ်ကို စတင်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း Myanmar Search International(MSI)မှ သိရသည်။

KDU ကောလိပ်တွင် ဒီပလိုမာ သင်တန်းဖြစ်သော Creative Media Design ဘာသာရပ်ကို မြန်မာကျောင်းသား ကျောင်းသူများအတွက် ယခု ၂၀၁၅ ခုနှစ်တွင် ပညာသင်ဆု (၈၀ ရာခိုင်နှုန်းအထိ)ပေးအပ်မည်ဖြစ်သည်။

အဆိုပါ ဒီပလိုမာ သင်တန်းအတွက် ကြာမြင့်ချိန်မှာ နှစ်နှစ်နှင့် ခြောက်လဖြစ်ပြီး အလုပ်သင်ကာလ ခြောက်လပူးတွဲပါဝင်မည်ဖြစ်သည်။ KDU ကောလိပ်သည် မလေးရှားနိုင်ငံတွင် တရုတ်လူမျိုးများအများဆုံးနေထိုင်လျက်ရှိသည့် ပီနန်တွင်တည်ရှိပြီး မလေးရှားပညာရေးဝန်ကြီးဌာနမှ 5 Stars College အဖြစ် ၂၀၁၀ ပြည့်နှစ်မှစ၍ သတ်မှတ်ခြင်း ခံထားရကြောင်း သိရသည်။

Diploma in Creative Media Design ဘာသာရပ်တွင် ကျောင်းသားကျောင်းသူများ အသိပညာဗဟုသုတနှင့် လက်တွေ့အသုံးချနိုင်သော ပညာရပ်များအပြင် Printing, Painting, Web Designing, Artistic and Creative Thinking, Photography များကို အဓိက သင်ကြားရမည်ဖြစ်သည်။ Graphic Design နှင့် Digital Art and Design ပညာရပ်များကို အဓိက အခြေခံထား၍ သင်ကြားပေးမည်ဟု သိရသည်။ ဒီပလိုမာ နှစ်နှစ် သင်ယူပြီးမြောက်ပါက ကျန်ရှိသော အလုပ်သင်ကာလ ခြောက်လအတွက် အလုပ်အကိုင်အခွင့်အလမ်း လွယ်ကူစေရန် KDU(ပီနန်)နှင့် Malaysian Institute of Interior Designers (MIID), Pertubuhan Pereka bentuk Dalaman Malaysia (PPDM), Malaysian Institute of Architects(PAM), Graphic Designers Association of Malaysia (wREGA)အစရှိသော လုပ်ငန်းခွင်များနှင့် တရားဝင်အသိအမှတ်ပြု ချိတ်ဆက်ထားပြီး ဒီဂရီတန်းသို့ ဆက်လက်တက်ရောက်ချင်သူများ အတွက် UK, Australia နှင့် New Zeland နိုင်ငံတို့ရှိ တက္ကသိုလ်များသို့ ဆက်လက်ပညာသင်ယူနိုင်ကြောင်း MSI မှ သိရသည်။

"ပညာသင်ဆုလျှောက်ထားချင်သူတွေအနေနဲ့ တက္ကသိုလ်ဝင်တန်းအောင်မြင်ထားပြီးသူဖြစ်ရမည်။ IGCSE/ GCE 'O'Level/ 'A'Level ကျောင်းသားတွေအပြင် အစိုးရတက္ကသိုလ်၊ ပုဂ္ဂလိကသင်တန်းကျောင်းများမှာ တက်ရောက်နေတဲ့ကျောင်းသားကျောင်းသူများအနေနဲ့ MSI မှာ လာရောက်လျှောက်ထားနိုင်ပါတယ်။ ၈၀ ရာခိုင်နှုန်း ပညာသင်ဆုရရှိမယ့်သူတွေကို ရွေးချယ်သွားမှာပါ" ဟု Myanmar Search International (MSI)မှ မန်နေဂျင်း ဒါရိုက်တာ ဒေါ်စုစုလှိုင်က ပြောသည်။

KDU ကောလိပ်အနေဖြင့် ထူးချွန်မြန်မာကျောင်းသားများကို ပညာသင်ဆုများ ပေးအပ်လျက်ရှိပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ကျောင်းဖွင့်ချိန်အတွက် ပညာသင်ဆုကို မြန်မာကျောင်းသားနှစ်ဦးရရှိခဲ့ကြောင်း သိရသည်။ အဆိုပါ ကျောင်းသားနှစ်ဦးသည် ပညာသင်ထောက်ပံ့ကြေးဆု ၇၀ ရာခိုင်နှုန်းနှင့် ၈၀ ရာခိုင်နှုန်းကို ရရှိခဲ့ခြင်းဖြစ်သည်။ ဆက်လက်၍ မေလတွင်ဖွင့်လှစ်မည့် ကျောင်းဖွင့်ချိန်အတွက် ပညာသင်ဆုများကိုလည်း MSI တွင် လျှောက်ထားနိုင်ပြီဖြစ်ကြောင်း၊ Creative Media Design ဘာသာရပ်အပြင် အခြားသောဘာသာရပ်ပေါင်းများစွာကိုလည်း ပညာသင်ဆုများ ပေးအပ်လျက်ရှိကြောင်း သိရသည်။

**(ဆုနှင်းလဲ့)**

# သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ် လျှော့ချရေးပညာပေးဟောပြော

**ပေါင် ဧပြီ ၄**

မြန်မာ့နှစ်သစ်ကူးကာလအတွင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးအန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲကို မတ် ၃၁ ရက် နံနက် ၉ နာရီက ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းသိန်းက မကြာမီကျရောက်မည့် မဟာသင်္ကြန်ကာလအတွင်း ပြည်သူများပျော်ရွှင်စွာ ရေသဘင်ဆင်နွှဲနိုင်ရေး၊ ယာဉ်မောင်းသူများ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ယာဉ်အန္တရာယ်ဖြစ်ပွားပြီး ယာဉ်ပေါ်ပါသူများ အသက်ဆုံးရှုံးမှုဖြစ်သဖြင့် မူးယစ်ဆေးဝါးရောင်းချခြင်းနှင့် သုံးစွဲမှုမရှိစေရေး သင်္ကြန်ကာလတွင် လူငယ်တချို့၏ စိတ်ကြွရူးသွပ်ဆေးပြားများ သုံးစွဲခြင်း၊ အခြားမူးယစ်ဆေးဝါးများ သုံးစွဲခြင်းကြောင့် ယာဉ်မတော်တဆမှုများ၊ ခိုက်ရန်ဖြစ်ပွားမှုများ မရှိစေရေးနှင့်ယာဉ်စည်းကမ်းလမ်းစည်းကမ်းများ အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**မြန်မာ့ရုပ်မြင်သံကြား Entertainment Channel**

**၅-၄-၂၀၁၅(တနင်္ဂနွေနေ့)**

၆း၀၀ အဖွင့်
-အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတအဖွဲ့ဖျော်ဖြေမှုအစီအစဉ် (အပိုင်း-၁၂)
၆း၂၅ မြန်မာဗီဒီယိုဇာတ်လမ်း
"ငြိမ်းဆင်၍ နန်းတင်ခြင်းကြောင့်"
(ရဲအောင်၊ မျိုးသာကီ၊ ပွင့်နဒီမောင်၊ စန္ဒီမြင့်လွင်)
(ဒါရိုက်တာ-ပေါက်ကျိုင်း)
၇း၅၅ ခါသင်္ကြန်အဆို၊ အကများ
၈း၀၅ ချစ်စရာ့အရွယ် ကစားကြမယ်
၈း၂၅ ပြည်သူ့နီတိ "လူကြီးလူကောင်း"
၈း၄၀ ဆိုကြမယ်၊ ပျော်ကြမယ်
၉း၄၅ မြန်မာရုပ်ရှင်(ဆေးရောင်စုံ)
"နတ်ဖြစ်ရတဲ့ဒုက္ခ"
(ရန်အောင်၊ ခန့်စည်သူ၊ ထွန်းထွန်း၊ စိုးမြတ်သူဇာ၊ အေးမြတ်သူ)
(ဒါရိုက်တာ-ညွှန့်မြန်မာညီညီအောင်)
၁၂း၀၀ အစီအစဉ်ပြီး၏။

**တစ်နေ့ ၆ နာရီစာ လေးကြိမ် ပြသပါမည်။**

# ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် Telematics စနစ်ဖြင့် မှတ်ပုံတင်ထားသော ယာဉ်ကြီး ၂၅ စီးရှိလာ

**ရန်ကုန် ဧပြီ ၄**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် Telematics စနစ်ဖြင့် မှတ်ပုံတင်ထားသော ယာဉ်ကြီး ၂၅ စီးရှိလာခဲ့ကြောင်း အမြန်လမ်းပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှသိရသည်။

အဆိုပါအမြန်လမ်းမကြီးပေါ်တွင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပန်းမန်၊ သားငါး၊ ကဏန်းနှင့် စာနယ်ဇင်းကုန်စည်များကို ဝင်ရိုး(၃)ချောင်းပါ ၁၀ ဘီးအထိ ကုန်တင်ယာဉ်ကြီးများကို မှတ်ပုံတင်ကာ စမ်းသပ်ကာလ သုံးလသတ်မှတ်၍ သွားလာခွင့်ပြုထားလျက်ရှိသည်။ ယနေ့အထိ မှတ်ပုံတင်ဆောင်ရွက်ပြီးသော ယာဉ်ကြီးများမှာ ၁၀ ဘီး (၂၃ တန်ယာဉ်)လေးစီး၊ ခြောက်ဘီး(၁၆ တန်ယာဉ်) သုံးစီး၊ ခြောက်ဘီး(၁၂ တန်ယာဉ်)ငါးစီး၊ ခြောက်ဘီး(၉ တန်ယာဉ်) ၁၂ စီး၊ ၅ တန်ယာဉ် တစ်စီး စသည်ဖြင့် စုစုပေါင်း ၂၅ စီးဖြစ်ကြောင်းသိရသည်။

ရန်ကုန်-မန္တလေးအမြန်လမ်း ပြုပြင်ထိန်းသိမ်းရေးအဖွဲ့သည် အဆိုပါ သတ်မှတ်ကုန်စည်တင်ယာဉ်များနှင့်ပတ်သက်ပြီး နေပြည်တော်(စီလမ်းဆုံ)တွင် မှတ်ပုံတင်ဆောင်ရွက်စေပြီး အသုံးပြုသွားလာခွင့်ပြုခြင်းကို လွန်ခဲ့သော မတ် ၁၀ ရက်ကတည်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ထိုစနစ်အတွက် ဝန်ဆောင်ခသည် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် တစ်နှစ်စာအတွက် ငွေကျပ် ၂၄၀၀၀၀ ကြိုတင်ပေးဆောင်ရမည်ဖြစ်သည်။ Traffic Information Center မှ အဆိုပါယာဉ်များကို ယာဉ်စည်းကမ်းလိုက်နာမှုနှင့် Traffic Data အတွက် စောင့်ကြည့်ထိန်းချုပ်နိုင်ခြင်း၊ ယာဉ်၏တည်နေရာပြစနစ်၊ ခြေရာခံစနစ်၊ စက်နှိုးချိန် ကြာမြင့်မှုသတိပေးစနစ်၊ ခရီးစဉ်တစ်ခုချင်းစီ၏ မှတ်တမ်းများ၊ ယာဉ်မောင်းအမူအကျင့်မှတ်တမ်းများ၊ မောင်းနှင်ပုံအကဲဖြတ် မှတ်တမ်းများ၊ ယာဉ်မတော်တဆမှုများကြုံလာပါက Black Box မှတ်တမ်း အချက်အလက်များ စသည်တို့ကို ယာဉ်ပိုင်ရှင်မှလည်း စောင့်ကြည့်သိနိုင်မည်ဖြစ်သည့်အတွက် အလွန်အကျိုးရှိသော စနစ်လည်းဖြစ်ကြောင်းသိရသည်။ ရန်ကုန်-မန္တလေးအမြန်လမ်းပြုပြင်ထိန်းသိမ်းရေးအင်ဂျင်နီယာအဖွဲ့က Traffic Information Center တည်ထောင်၍ Traffic Management System နှင့် Traveller Information System တို့ကို ဆောင်ရွက်မည်ဖြစ်သလို အမြန်လမ်းမကြီးရဲတပ်ဖွဲ့ကလည်း Traffic Control Center တည်ထောင်၍ Vehicle Control System ဆောင်ရွက်မည်ဟုလည်း သိရသည်။ **(၆၈၀)**

**❐ ကျောဖုံးမှ**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် လားရှိုးမြို့ အမှတ် (၉) တပ်မတော်ဆေးရုံ ခုတင်(၁၀၀)တွင် တက်ရောက်ကုသလျက်ရှိသော ဒဏ်ရာရ တပ်မတော်သားများကို သွားရောက်ကြည့်ရှုအားပေးပြီး တစ်ဦးချင်းသို့ ဂုဏ်ပြုလက်ဆောင်များပေးအပ်ခဲ့သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် လားရှိုးမြို့ မြို့တော်ခန်းမ၌ကျင်းပသော ရှေ့တန်းရောက် တပ်မတော်သားများ၊ နိုင်ငံတော်အတွက် အသက်ပေးဆပ်သူ/ဒဏ်ရာရနှင့် ရှေ့တန်းတွင် တာဝန်ထမ်းဆောင်နေသည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲနှင့် ဒဏ်ရာရ သတင်းသမားများအား ထောက်ပံ့ခြင်းအခမ်းအနားသို့ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်စိုး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့် ခရိုင်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်သားများ၊ လူမှုရေးအဖွဲ့အစည်းများမှပုဂ္ဂိုလ်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ဂုဏ်ပြုကြသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အခမ်းအနားမှာ လောက်ကိုင်ဒေသဖြစ်စဉ်ကြောင့် ရှေ့တန်းတွင် အသက်ပေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများကို အားပေးထောက်ပံ့ခြင်း၊ နိုင်ငံတော်အတွက် အသက်ပေးဆပ်သူများ၊ ဒဏ်ရာရစစ်သည်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် သတင်းမီဒီယာသမားများကို ဂုဏ်ပြုသည့် အခမ်းအနားဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် လက်နက်ကိုင်ဆန့်ကျင်မှုများသည် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်ခဲ့ကြပါကြောင်း၊ ပေါ်ပေါက်ခဲ့ဖူးသော လက်နက်ကိုင်ဆန့်ကျင်မှုများကို ခွဲခြမ်းစိတ်ဖြာကြည့်လျှင် နိုင်ငံရေးအယူဝါဒမတူ၍ တောခိုခြင်းနှင့်လူမျိုးရေးအမြင်အရ တောခိုခြင်းတို့ဖြစ်ပါကြောင်း၊ ယခုဖြစ်စဉ်မှာ နိုင်ငံရေးအယူဝါဒအရလည်းမဟုတ်၊ လူမျိုးရေးအမြင်ကြောင့်လည်းမဟုတ်သည်ကို တွေ့ရပါကြောင်း။

ကိုးကန့်ဒေသသည် ကူမင်တန်အရေးအခင်းကာလက တရုတ်ဖြူတပ်များ အကြီးအကျယ်အခြေစိုက်ခဲ့သည့် နေရာဖြစ်ပါကြောင်း၊ ထို့ကြောင့် ဦးဖုန်ကြားရှင်သည် တရုတ်ဖြူကူမင်တန်၏ အကူအညီဖြင့်လက်နက်ကိုင်တပ်ဖွဲ့တစ်ဖွဲ့ကို စတင်ဖွဲ့စည်းပြီးရပ်တည်ခဲ့သူဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံထဲမှ ထွက်ပြေးခဲ့ရသော ဗမာပြည်ကွန်မြူနစ်ပါတီသည် အင်အားအလုံးအရင်းနှင့် ပြည်တွင်းကို ပြန်ဝင်လာသည့်အခါ ဦးဖုန်ကြားရှင်သည် ဗကပတပ်ရင်းကြီး (၄၀၄)၏ တပ်ရင်းမှူးအဖြစ် ဖြစ်သွားခဲ့သည်ကို တွေ့ရပါကြောင်း။

တရုတ်ဖြူလက်ထဲတွင် ဘိန်းကုန်ကူးခဲ့သော ဖုန်ကြားရှင်သည် ကွန်မြူနစ်ဘဝ၌လည်း ဘိန်းလုပ်ငန်းကို အကြီးအကျယ်လုပ်ပြီး အဆမတန်ချမ်းသာလာပါကြောင်း၊ ထို့ကြောင့် ဗကပနိုင်ငံရေးမှူး ယမ်ကွမ်း(ခ)တင်ရီနှင့် မသင့်မမြတ်ဖြစ်လာပါကြောင်း၊ အကူအညီမရတော့၍ အင်အားချည့်နဲ့လာသော ဗကပကို ၁၉၈၉ ခုနှစ်တွင် လမ်းခွဲပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်သည်ဟုဆိုကာ ကိုးကန့်ဒေသကို အုပ်ချုပ်ခဲ့ပါကြောင်း၊ အနီရောင်ကနေ ဘိန်းမည်း၊ ဘိန်းဖြူ မူးယစ်ဆေးနှင့် ဖြူကြောင်ကြား ဖြစ်သွားပါကြောင်း။

ကိုးကန့်ဒေသ၌ မူးယစ်ဆေးဝါးအကြီးအကျယ်ထုတ်လုပ်ရောင်းချမှု၊ လက်နက်စက်ရုံတည်ဆောက်မှုများကြောင့် နိုင်ငံတော်အစိုးရက အတန်တန်သတိပေးသော်လည်း နာခံခြင်းမရှိသည့်အတွက် ၂၀၀၉ ခုနှစ်တွင် အစိုးရက အရေးယူရန် စီမံခဲ့ပါကြောင်း၊ ထိုအခါ ရန်လုံကျိုင်းနယ်စပ်ဂိတ်၌ တာဝန်ကျနေသည့် ခရိုင်ရဲတပ်ဖွဲ့မှူးအပါအဝင် ရဲတပ်ဖွဲ့ဝင် ၅၀ ကျော်ကို ကိုးကန့်လက်နက်ကိုင်များက ဝိုင်းဝန်းပိတ်ဆို့ထားခဲ့ပါကြောင်း၊ တပ်မတော်က သွားရောက်ကယ်တင်သည့်အခါ အချုပ်ခန်းထဲတွင်ထည့်ထားသော ရဲတပ်ဖွဲ့ဝင် ၁၄ ဦးကို ရက်စက်ကြမ်းကြုတ်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့သည်ကို ယနေ့ထက်တိုင် မျက်စိထဲမှမထွက်ဘဲ ပြန်လည်မြင်ယောင်မိကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ထို့နောက် ဖုန်ကြားရှင်နှင့် တစ်ဆွေတစ်မျိုးလုံးသည် တစ်ဖက်နိုင်ငံထဲသို့ ထွက်ပြေးသွားခဲ့ကြပါကြောင်း။

နိုင်ငံတော်အစိုးရက ဘယ်လောက်အထိ သဘောထားကြီးခဲ့သလဲဆိုလျှင် ဖုန်ကြားရှင်ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး မိုင်းလားတွင်နေထိုင်ခွင့်ပင်ပြုပေးခဲ့ပါသေးကြောင်း။

လောက်ကိုင်ဒေသကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ထူထောင်ပေးပြီး တရားဥပဒေနှင့်အညီ အုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းပေးခဲ့ပါကြောင်း။



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် လားရှိုးတပ်မတော်ဆေးရုံတွင် ဒဏ်ရာရ အရာရှိ၊ စစ်သည်များအား ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

မကြာမီက ကွမ်းလုံတံတားကို မိုင်းခွဲဖျက်ဆီးရန် ကြိုးစားသည့်ဖြစ်စဉ်တစ်ခု ပေါ်ပေါက်ခဲ့ပါကြောင်း၊ ယင်းမှာ ကွမ်းလုံရက်လေးဆယ်တိုက်ပွဲတုန်းက ဗကပဘက်မှ ထင်ရှားခဲ့သော ဖုန်ကြားရှင်၏ လက်ချက်ပင်ဖြစ်မည်ကို ခန့်မှန်းနိုင်ပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ဖုန်ကြားရှင်သည် လူအင်အား၊ လက်နက်အင်အားတောင့်တင်းစွာဖြင့် လောက်ကိုင်ဒေသကို ပြန်လည်တိုက်ခိုက်လာခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိပထမဆုံးပြောခဲ့သလို ဖုန်ကြားရှင်၏ လက်နက်ကိုင်ဆန့်ကျင်မှုသည် နိုင်ငံရေးအယူဝါဒကြောင့်လည်း မဟုတ်၊ လူမျိုးစွဲအမြင်ကြောင့်လည်းမဟုတ်၊ မူးယစ်ရာဇာတစ်ယောက်၏ နယ်မြေလုတိုက်ပွဲပဲဖြစ်ပါကြောင်း၊ ဖုန်ကြားရှင်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ထူထောင်ထားသော ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာစသည့် နိုင်ငံတော်၏ အချုပ်အခြာအာဏာသုံးရပ်ကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုနှင့် အဓမ္မနည်းများဖြင့် ရယူရန် ဆောင်ရွက်မှုတို့ကို ကျူးလွန်နေခြင်းဖြစ်ပါကြောင်း၊ တပ်မတော်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ပြတ်ပြတ်သားသား ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိကြောင်း။

ထို့ကြောင့် တပ်မတော်သည် ရင်မြေကတုတ်လုပ်ပြီး တွန်းလှန်ချေမှုန်းနေပါကြောင်း၊ သူရသတ္တိနှင့်ပြည့်ဝကြသော တပ်မတော်သားများသည် ကြယ်ကြွေသလို တဖြုတ်ဖြုတ်ကြွေနေကြကြောင်း၊ ဒဏ်ရာရနေကြကြောင်း၊ မိဘပြည်သူတစ်ရပ်လုံးက ယူကျုံးမရဖြစ်နေကြရကြောင်း။

နိုင်ငံတော်အတွက် အသက်ကိုပေးဆပ်ရခြင်းထက် ကြီးမြတ်သောဂုဏ်မရှိပြီဟု ဗိုလ်ချုပ်အောင်ဆန်းမှာကြားခဲ့ကြောင်း၊ ဘာကြောင့် ဗိုလ်ချုပ်အောင်ဆန်းကို ကိုးကားရသလဲဆိုလျှင် မိမိတို့ရင်ထဲတွင် ဗိုလ်ချုပ်အောင်ဆန်းသည် အချိန်နဲ့အမျှရှိနေကြောင်း၊ ယခုမှလာပြီး အကြီးအကျယ်သတိရနေခြင်းမဟုတ်ကြောင်း ပြောကြားလိုကြောင်း၊ ဗိုလ်ချုပ်၏ မြင့်မားသောဂုဏ်ရည် ပင်စည်ပေါ်တက်ပြီး တပ်မတော်ကို သစ်ခွပန်းဖြစ်အောင် လုပ်နေခြင်းလည်း မဟုတ်ကြောင်း၊ ဗိုလ်ချုပ်ပြောခဲ့သော "အိပ်ကြရဖို့ မြေကြီး၊ စားသောက်စရာဆိုလို့ ကျောက်ခဲနဲ့သလဲပဲရှိမယ်" ဆိုသည့်စကားကို မိမိတို့ တပ်မတော်သားများကခံယူပြီး အစားဆင်းရဲ၊ အနေဆင်းရဲ၊ အဝတ်ဆင်းရဲ အမျိုးမျိုးကြားတွင် သေမည်မှန်း၊ ပြတ်မည်မှန်းသိရက်ဖြင့် မမောနိုင်မပန်းနိုင် စစ်မှုထမ်းနေကြခြင်းဖြစ်ကြောင်း၊ ၁၉၄၅ ခုနှစ် မတ် ၁၇ ရက်က မိန့်ကြားခဲ့သော "ရဲဘော်တို့-အကျယ်ချဲ့ပြီး ရှည်ရှည်မပြောချင်ဘူး။ အခုစစ်မြေပြင်ကို ထွက်ရမယ်၊ ဆင်းရဲမယ်၊ ငတ်မယ်၊ အခက်အခဲတွေနဲ့ရင်ဆိုင်ရမယ်၊ ဗမာပီပီ ဗမာ့သွေးကိုပြကြပါ။ အထက်ဗိုလ်များရဲ့ အမိန့်ကိုနာခံကြပါ။ အထက်ဗိုလ်တွေကလည်း သာတူညီမျှ ရဲဘော်စိတ်ထားပါ။ ရဲဘော်တို့ကို ကတိပေးထားတဲ့အတိုင်း ကျုပ်ကိုယ်တိုင် ရဲဘော်တို့နဲ့အတူ ချီတက်မယ်။ ဗမာ့ရန်သူကို ချေမှုန်းကြ၊ အနီးကပ်ဆုံး ရန်သူကိုရှာပြီး တိုက်ကြ ဒါပဲ"ဆိုသည့် ဗိုလ်ချုပ်၏ တပ်ထွက်အမိန့်ကို တပ်မတော်သားတိုင်း ယနေ့ထက်တိုင်အောင် စွဲစွဲမြဲမြဲ ဦးထိပ်ထားဆဲပင် ဖြစ်ပါကြောင်း။

ထို့ကြောင့် ယနေ့ မိမိတို့ရှေ့တန်းရောက် တပ်မတော်သားများကို လာရောက်အားပေးခြင်းဖြစ်ကြောင်း၊ မိမိနှင့်အတူ အမျိုးသားလွှတ်တော်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးမှ တိုင်းရင်းသားကိုယ်စားလှယ်များလည်း အားတက်သရော လိုက်ပါလာကြကြောင်း။

မိမိတို့လွှတ်တော်နှင့်ပတ်သက်၍လည်း ပြောရမည်ဆိုလျှင် လွှတ်တော်၌ အစိုးရက ဘတ်ဂျက်ဥပဒေကြမ်းတင်သည့်အခါ လွှတ်တော်ကိုယ်စားလှယ်များသည် ကာကွယ်ရေးအသုံးစရိတ်နှင့်ပတ်သက်၍ ဘယ်သူမှမထိကြောင်း၊ ဘာကြောင့်လဲဆိုလျှင် ၁၉၄၂ ခုနှစ် နိုဝင်ဘာ ၁ ရက်က ပြောခဲ့သော ဗမာ့ကာကွယ်ရေးတပ်မတော် ဗိုလ်မှူးကြီးအောင်ဆန်း၏ သေနင်္ဂဗျူဟာစစ်ပညာဟောပြောချက်တွင် "ကျွန်တော်တို့ နားလည်ရမှာက ကာကွယ်ရေးအတွက် အရင်းခံပြီးအများအားဖြင့် သုံးကြရမယ်၊ ကာကွယ်ရေးကို အဓိကထားပြီး တိုင်းသစ်ပြည်သစ်ထောင်ရမယ်၊ ကာကွယ်ရေးတောင့်တင်းရန် အခြားတိုင်းပြည်ကဏ္ဍများကို ကျုပ်တို့ ချိုပေးရလိမ့်မယ်။ ဘာကြောင့်လဲဆိုရင် တိုင်းပြည်ဌာနအားလုံးဟာ ကာကွယ်ရေးကို အမှီသဟဲဖြစ်နေရမယ်။ ဗမာပြည်ရဲ့ကာကွယ်ရေးဟာ ဗမာပြည်သစ်ထူထောင်ရေးစနစ်မှာ ဗဟိုအချက်အချာဖြစ်ရမယ်။ ဖြစ်မှလည်း ဗမာပြည်ဟာ တကယ်ကြီးပွားနိုင်မယ်။ ကာကွယ်ရေးအတွက် နှစ်စဉ်ဗမာပြည်အစိုးရရဲ့ ဝင်ငွေထွက်ငွေခန့်မှန်းချက်တွင် အများဆုံးပေးရမယ့်အပြင် ကာကွယ်ရေးကို အထောက်အပံ့ဖြစ်စေဖို့ တခြားဌာနများကို စီစဉ်လုပ်ကိုင်ရမယ်"ဟု ပြောခဲ့သည်ကို လွှတ်တော်ကိုယ်စားလှယ်များ၏ စိတ်ထဲတွင် အလိုလိုခံစားသိ သိနေ၍ဖြစ်နိုင်ကြောင်း၊ မိမိအထောက်အထားမဲ့ ပြောနေခြင်းမဟုတ်ကြောင်း၊ The Key Collection ၂၀၁၃ မှ ထုတ်ဝေသော ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပေါင်းချုပ် စာမျက်နှာ- ၁၉-၂၀ တွင် ဗိုလ်ချုပ်ပြောခဲ့တာ အထင်အရှားပါရှိကြောင်း။

ဆိုလိုချင်သည်မှာ တပ်မတော်စစ်အောင်ရန် ပြည်သူလူထု၏ ထောက်ခံအားပေးမှု အများကြီးလိုပါကြောင်း၊ နောက်တစ်ပိုင်းမှာ ဖြူစင်နုလုံးသားပိုင်ရှင် နိုင်ငံတော်အတွက် အသက်ကိုပေးဆပ်သွားသူကြက်ခြေနီတပ်ဖွဲ့ဝင်ဒုအရာခံဗိုလ် ဦးမိုးကျော်သန်းကိစ္စဖြစ်ပါကြောင်း၊ ဤနေရာတွင် မိမိအနေဖြင့် ကျဆုံးဟုမသုံးဘဲ **နိုင်ငံတော်အတွက် အသက်ကို ပေးဆပ်သူ**ဟု သုံးစွဲသွားပါကြောင်း၊ **ကျဆုံး**ဟု သုံးရင်ရှိုးနိမ့်သည့်သဘော သက်ဝင်နိုင်ကြောင်း၊ နိုင်ငံတော်အတွက် အသက်ကိုပေးဆပ်သူဆိုလျှင် ကြီးမြတ်သော ဂုဏ်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံအတွက် အသက်စွန့်သွားသူမှန်သမျှကို ကျဆုံးဟု မသုံးစေချင်ဘဲ **နိုင်ငံတော်အတွက်အသက်ကို ပေးဆပ်သွားသူ**ဟုသာ သုံးနှုန်းကြစေချင်ပါကြောင်း။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်က ဖြစ်စဉ်တွင် ကြက်ခြေနီအလံကြီးကိုထောင်၊ ကြက်ခြေနီအမှတ်တံဆိပ်ကြီး အထင်အရှားဖြစ်ပါလျက် ပစ်ခတ်သတ်ဖြတ်ရက်သူများသည် လူသားမဆန်ဘူးဟု ပြောလိုက်ချင်ပါကြောင်း၊ ဤနေရာမှာ ဥပဒေအကြောင်းပြော၍လည်း ဥပဒေအပြင်ဘက်မှ လူများအတွက်နားလည်မည်ဟု မထင်ပါကြောင်း၊ တပ်မတော်သားများ နိုင်ငံတော်အတွက် အသက်ကိုပေးဆပ်သွားသဖြင့် ဇနီးသားသမီးများ ဒုက္ခပင်လယ်ဝေခဲ့ကြရသည်မှာ များလွန်းလှပြီဖြစ်ပါကြောင်း၊ ယခု ဦးမိုးကျော်သန်းတွင် မိသားစုရှိကြောင်း၊ ကျန်ရစ်သူသားသမီးများထဲမှ အသက် (၇) နှစ်အရွယ်နှင့် (၅)နှစ်အရွယ် ကလေးနှစ်ဦးသည် ဖခင်အတွက် ရည်မှန်းပြီး သက်န်းဆီးမည်ဟု ကြားရလျှင် ဝမ်းနည်းဝမ်းသာခံစားရပါကြောင်း၊ ဦးမိုးကျော်သန်းသည် အသက် (၄၅)နှစ်သာရှိသေးကြောင်း၊ အလွန်နှမြောတသစရာကောင်းလှပါကြောင်း၊ ဦးမိုးကျော်သန်းအတွက် ဟင်နရီဒူးနန့်ဆု ချီးမြှင့်ခြင်းခံရရေးအတွက်လည်း မြန်မာနိုင်ငံကြက်ခြေနီအသင်းအပါအဝင် သက်ဆိုင်သူအားလုံးက ကြိုးပမ်းနေကြသည်ဟု ကြားသိရပါကြောင်း၊ ဦးမိုးကျော်သန်း၏ ကြက်ခြေနီဂုဏ်ရည်သည် ကမ္ဘာကျော်သွားပါလိမ့်မည်ဖြစ်ကြောင်း၊ အလားတူ ဒဏ်ရာရ ကြက်ခြေနီအဖွဲ့ဝင်များ၊ သတ္တိဗျတ္တိနှင့်တာဝန်ထမ်းဆောင်နေဆဲဖြစ်သော ကြက်ခြေနီများကိုလည်း လေးစားစွာ ဂုဏ်ပြုပါကြောင်း။

နောက်တစ်ပိုင်းမှာ သတင်းမီဒီယာသမားတွေဖြစ်ပါကြောင်း၊ လောက်ကိုင်ဒေသကာကွယ်ရေးသည် တိုင်းပြည်၏ အချုပ်အခြာအာဏာ ကာကွယ်ရေးအတွက် သက်စွန့်ကြိုးပမ်းထမ်းဆောင်ကြရသော အမျိုးသားရေးတိုက်ပွဲဖြစ်ပါကြောင်း၊ အသက်၊ကိုယ်လက်အင်္ဂါနှင့်ကြီးကြီးမားမား ရင်းနှီးရသော အရေးတော်ပုံတစ်ခုလည်းဖြစ်ပါကြောင်း၊ အရေးတော်ပုံပွဲကြီးတွင် သတင်းမီဒီယာသမားများတွင် အခန်းကဏ္ဍလည်းပါဝင်နေသည်ကို တွေ့ရပါကြောင်း၊ အမြောက်ဆန်၊ ဖုံးဆန်၊ ကျည်ဆန်များကြားကို သတင်းမီဒီယာသမားများ ဘာကြောင့်ရောက်လာကြသလဲ၊ သတင်းမီဒီယာသမားဆိုတာ အမှန်တရားကို ပြည်သူအတွက် တင်ဆက်ရန်လာခြင်းဖြစ်ပါကြောင်း၊ သတင်းမီဒီယာမရှိလျှင် အမှန်တရားသည် လုပ်ကြံခြင်းခံသွားရနိုင်ခြင်းကြောင့် သတင်းမှန်ကို ဖော်ထုတ်ရန် ရောက်လာကြကြောင်း၊ တပ်မတော်သားများက လက်နက်ကိုကိုင်ကြကြောင်း၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ဆေးသေတ္တာနှင့် ထမ်းစင်ကိုကိုင်ကြကြောင်း၊ သတင်းမီဒီယာသမားများက ကင်မရာနှင့် ကလောင်ကို ကိုင်ကြကြောင်း ၊ ကိုင်စွဲသော လက်နက်ချင်း မတူသော်လည်း စွန့်လွှတ်ရဲစွန့်စားရဲသည့်သူရဲကောင်းစိတ်ဓာတ်ချင်းမှာ အတူတူပဲဟု ပြောချင်ပါကြောင်း။

ထို့ကြောင့် နိဂုံးချုပ်အားဖြင့် ပြောကြားရလျှင် ယနေ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ခရီးစဉ်သည် အမိမြေကို ကာကွယ်နေကြသော သူရဲကောင်းများကို လာရောက်အလေးပြုသောပွဲပါပဲဟု တင်ပြရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရှေ့တန်းတွင် တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများအတွက် ကျပ်သိန်း ၁၈၀၀ တန်ဖိုးရှိ ဂုဏ်ပြုပစ္စည်းများကို ပေးအပ်ရာ အရှေ့မြောက်ပိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အောင်စိုးက လက်ခံသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့်ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေက နိုင်ငံတော်အတွက် အသက်ပေးဆပ်သူ ကြက်ခြေနီတပ်ဖွဲ့ဝင် ဒုအရာခံဗိုလ်မိုးကျော်သန်းအတွက် ငွေကျပ်ငါးသိန်းကိုပေးအပ်ရာ ဒုအရာခံဗိုလ် မိုးကျော်သန်း၏ဇနီးကလည်းကောင်း၊ ဒဏ်ရာရ ကြက်ခြေနီတပ်ဖွဲ့ဝင်နှစ်ဦးအတွက် ငွေကျပ်နှစ်သိန်းစီကို ပေးအပ်ရာ လောက်ကိုင်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ ဦးစီးအရာရှိ ဒုတိယတန်း ဦးကျော်ဇောထူးနှင့် ကွမ်းလုံမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ တပ်သား ဦးဇော်မင်းထိုက်တို့ကလည်းကောင်း၊ ရှေ့တန်းတွင် တာဝန်ထမ်းဆောင်သည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအတွက် ဝတ်စုံဖိုး ထောက်ပံ့ငွေကျပ် ၁၆ သိန်း ငါးသောင်းကို ပေးအပ်ရာ တာဝန်ရှိသူ နှစ်ဦးကလည်းကောင်း၊ ဒဏ်ရာရ သတင်းသမားတစ်ဦးအတွက် ငွေကျပ် နှစ်သိန်းအား ပေးအပ်ရာ MRTV-4 မှ ဒဏ်ရာရသတင်းထောက် မောင်မြတ်သီဟမောင်ကိုယ်စား ဦးဝင်းလှိုင်ကလည်းကောင်း လက်ခံကြသည်။ ထို့နောက် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အခမ်းအနားအပြီးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် လားရှိုးမြို့ရှိ အညတရစစ်သည်ဗိမာန်သို့ သွားရောက်ကာ နိုင်ငံတော်အတွက် အသက်ပေးဆပ်သူများကို ဂုဏ်ပြုအလေးပြုကြပြီး မွန်းလွဲပိုင်းတွင် လားရှိုးမြို့မှ ပြင်ဦးလွင်မြို့သို့ လေယာဉ်ဖြင့် ထွက်ခွာသွားကြသည်။

အဆိုပါ ခရီးစဉ်တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်၊ ဦးဂျေယောဂူ၊ ဒေါ်နော်မေးရီယန်၊ ဦးပိုရယ်အောင်သိန်း၊ ဦးစောအောင်ကျော်နိုင်(ခ) ရှားဘူးဖော့၊ ဒေါ်နန်းနီနီအေး၊ ဦးမင်းမျိုးတင့်လွင်၊ ဦးကျွန်ခဲန်း၊ ဦးမြတ်ကို၊ ဦးမောင်စိန်၊ ဦးထွန်းဇော်(ခ) ကိုပေါက်၊ ဦးအောင်ကြည်ညွန့်၊ ဦးကျော်သူဦး၊ ဦးခင်မောင်ဌေး၊ ဒေါ်ရီရီမြင့်၊ ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဝိုင်းကြည်၊ ဒေါက်တာခင်ရွှေ၊ ဦးစိုင်းကျော်ဇောသန်း၊ ဦးနေဝင်းထွန်း၊ ဦးလျူကွယ်ရှို၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များဖြစ်သော ဗိုလ်မှူးချုပ် ကျော်ဦးလွင်နှင့် ဗိုလ်မှူးချုပ် သက်ထွန်းအောင်တို့ လိုက်ပါခဲ့ကြပြီး အနုပညာရှင်များဖြစ်ကြသော ထပ်ဆင့်အကယ်ဒမီ စင်ရော်မောင်မောင်၊ နန်းဆုရတီစိုး၊ သီရိရှင်းသန့်၊ နိုနိုကေ၊ ဂျူးဂျူးကေနှင့် ဟန်သီတို့လည်း လိုက်ပါအားပေးဂုဏ်ပြုခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၁၃-၂၀၁၄ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်ခဲ့ကြသည့် အခွန်ထမ်းပြည်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်

**ရန်ကုန် မေ ၄**

၂၀၁၃-၂၀၁၄ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်ခဲ့ကြသည့် အခွန်ထမ်းပြည်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာ များ ချီးမြှင့်ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် က ၂၀၁၃-၂၀၁၄ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်ခဲ့ကြသည့် အခွန်ထမ်းပြည်သူများအား ဂုဏ်ပြုခြင်းဖြစ် ပါကြောင်း၊ ၂၀၁၃-၂၀၁၄ စည်းကြပ်နှစ်အတွက် အခွန်အများဆုံး ပေးဆောင်ခဲ့ သူများ စာရင်းထုတ်ပြန်ကြေညာရာတွင် မြန်မာလုပ်ငန်းရှင်အခွန်ထမ်း ၁၀၀၀ စာရင်းနှင့် နိုင်ငံခြားကုမ္ပဏီများစာရင်းကို ခွဲခြားတိုးချဲ့ထုတ်ပြန်ပေးခဲ့ပါကြောင်း၊ ထူးခြားမှုအဖြစ် လုပ်ငန်းရှင်ကြီးများ၏ ပေးဆောင်ခဲ့သည့် အခွန်ပမာဏကို အုပ်စုခွဲခြား ထုတ်ပြန်အသိပေးကြေညာခဲ့ပါကြောင်း၊ မိမိတို့အစိုးရအဖွဲ့သက်တမ်း ကာလအတွင်း ပြည်ထောင်စု၏ နှစ်စဉ်ရငွေများ တိုးတက်ရရှိအောင် ကြိုးပမ်း ဆောင်ရွက်ခဲ့သကဲ့သို့ နိုင်ငံတော်နှင့်ပြည်သူ့အကျိုးအတွက် နှစ်စဉ်တိုးမြှင့်သုံးစွဲ ခဲ့ပါကြောင်း။

၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတွင် နိုင်ငံတော် အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်ဝင်ရောက်လာပြီး အလုပ်အကိုင် အခွင့်အလမ်းများနှင့် နည်းပညာများ တိုးတက်ရရှိလာနိုင်ရေးအတွက် ပြည်တွင်းနေ နိုင်ငံသားနှင့် ပြည်ပနေနိုင်ငံခြားသားများကို အခွန်နှုန်းများခွဲခြား သတ်မှတ်ခဲ့ခြင်းကို အဆုံးသတ်ပြီး နိုင်ငံတော်အတွင်း လုပ်ကိုင်သူမည်သူမဆို တူညီသော အခွန်နှုန်းထားများနှင့် တစ်ပြေးညီ ထမ်းဆောင်နိုင်ရေး အခွန်နှုန်း များကို ပြင်ဆင်သတ်မှတ်ပေးထားပါကြောင်း၊ နိုင်ငံသားပိုင် အသေးစား၊ အလတ် စားလုပ်ငန်းများအနေဖြင့် ဈေးကွက်အတွင်း၌ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရန် နိုင်ငံတော် က ကူညီထောက်ပံ့မှုများဆောင်ရွက်ပေးရမည်ဆိုသည့် ပြဋ္ဌာန်းချက်ကိုလည်း ထည့်သွင်းပြဋ္ဌာန်းပေးထားပါကြောင်း၊ ထို့အပြင် တစ်ဦးချင်းပုဂ္ဂလိကပိုင်လုပ်ငန်းများ ရှင်သန်ကြီးထွားလာနိုင်ရန် သက်သာခွင့်များကိုလည်း ပြင်ဆင်ခွင့်ပြုပေးထားပါ ကြောင်း၊ အခွန်နှုန်းများ၊ အခွန်ကင်းလွတ်ခွင့် သက်သာခွင့်များနှင့် ပတ်သက်သည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြဋ္ဌာန်းနိုင်ရန် လုပ်ငန်းအဖွဲ့အစည်း အသီးသီး ပါဝင်ဆွေးနွေးခဲ့ကြပါကြောင်း၊ နိုင်ငံတော်ဘက်နှင့် ပြည်သူဘက် မျှတစွာ ပွင့်လင်းမြင်သာစွာ ပြဋ္ဌာန်းသတ်မှတ်ထားသည့် အခွန်နှုန်းများနှင့်အညီ မိမိတို့ ပေးဆောင်သင့်ပေးဆောင်ထိုက်သည့် အခွန်ငွေများကိုလည်း မပျက်မကွက် ပေးဆောင်ကြစေလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့ဥက္ကဋ္ဌ သူရ ဦးသောင်းလွင်က အခွန်ကောက်ခံမှုဆိုင်ရာများကို ရှင်းလင်းမှာကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၊ ရန်ကုန်တိုင်းဒေသ ကြီး စည်ပင်သာယာရေးဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီး၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး၊



လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ အခွန်ကောက်ခံမှုစိစစ် ကြပ်မတ်ရေးဘုတ်အဖွဲ့ ဥက္ကဋ္ဌတို့က အခွန်အများဆုံးထမ်းဆောင်ကြသည့် အခွန်ထမ်းပြည်သူတို့အား ဂုဏ်ပြုမှတ်တမ်းများ တစ်ဦးချင်း ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိ သည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

# နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ နေပြည်တော်အတွင်း ကြည့်ရှုလေ့လာ



**နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ နေပြည်တော်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်အတွင်း လှည့်လည် ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)

**နေပြည်တော် မေ ၄**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နည်းပညာနှင့် အသက်မွေးပညာဦးစီး ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုင်းကျော်နိုင်ဦး ဦးဆောင် သော နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်း သားကျောင်းသူ ၄၀၀ တို့သည် ယနေ့ နံနက်ပိုင်းမှစတင်၍ နေပြည်တော် အတွင်း လှည့်လည်ကြည့်ရှုလေ့လာ ကြသည်။

ရှေးဦးစွာ နေပြည်တော် ဥတ္တရသီရိ မြို့နယ်အတွင်းရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးနှင့် သံဝေဇနိယလေးဌာနသို့ ရောက်ရှိရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော် မြတ်၊ နေပြည်တော်ကောင်စီဝင် ဦးကံချွန်၊ နေပြည်တော် ဒုတိယ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် တရားစခန်းဗိမာန် အတွင်း၌ နေပြည်တော်သံဝေဇနိယ လေးဌာန(ဖွား၊ ပွင့်၊ ဟော၊ စံ)ကျောင်း တိုက် ဆရာတော်သာသနာဓဇ ဓမ္မာ စရိယ ဘဒ္ဒန္တပညာသာရ အရှင်သူမြတ် ထံမှ ငါးပါးသီလ နာယူဆောက်တည် ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးကံချွန်က ကျောင်းသား ကျောင်းသူ များအား နေပြည်တော်သံဝေဇနိယ လေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ) တည် ဆောက်မှုဆိုင်ရာလုပ်ငန်းများနှင့်ပတ် သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ ကျောင်းသား ကျောင်းသူများသည် သတ္တသတ္တာဟ မဟာဗောဓိစေတီတော် မြတ်ကြီးနှင့် သံဝေဇနိယလေးဌာန အတွက် အလှူငွေကျပ်နှစ်သိန်းအား ပေးအပ်လှူဒါန်းသည်။

ထို့နောက် လေ့လာရေးအဖွဲ့ကျောင်း သားကျောင်းသူများသည် သံဝေဇနိယ လေးဌာနနှင့် ဥပ္ပါတသန္တိစေတီတော် မြတ်ကြီးအား ဖူးမြော်လေ့လာကြည်ညို ကြသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်စစ် သမိုင်းပြတိုက်၊ ဝဏ္ဏသိဒ္ဓိအားကစား ပြိုင်ကွင်းနှင့် နေပြည်တော်ရေပန်း ဥယျာဉ်သို့ သွားရောက်ကြည့်ရှုလေ့လာ ခဲ့ကြကြောင်းသိရသည်။

**(သတင်းစဉ်)**

# မြိတ်မြို့တွင် APEX လေကြောင်းလိုင်းသစ်စတင်ပျံသန်း

**မြိတ် မေ ၄**

မြိတ်မြို့မှ ခရီးသွားပြည်သူများ သွားလာရာတွင် အဆင်ပြေချောမွေ့စေရန် အတွက် APEX လေကြောင်းလိုင်းသစ်ဖြစ်သည့် ရန်ကုန်-ထားဝယ်-မြိတ်-ကော့ သောင်းခရီးစဉ်ပျံသန်းပြေးဆွဲခြင်း အထိမ်းအမှတ်အခမ်းအနားကို မေ ၄ ရက် နံနက် ၁၀ နာရီက မြိတ်လေဆိပ်၌ ကျင်းပခဲ့သည်။

အဆိုပါလေကြောင်းလိုင်းသည် မေ ၇ ရက်မှစတင်၍ နေ့စဉ်ခရီးသွားပြည်သူ များအတွက် ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။ ခရီးစဉ်တိုင်းတွင် ခရီးသွားပြည်သူများအတွက် ဝန်ဆောင်မှုတစ်ခုအနေဖြင့် ကြိုတင်ဝယ်ယူသူများ အား မြိတ်-ရန်ကုန်ခရီးစဉ်တွင် ငွေကျပ် ၈၃၀၀၀ မှစ၍လည်းကောင်း၊ မြိတ်-ထားဝယ် ခရီးစဉ်တွင် ငွေကျပ် ၄၇၀၀၀ ကျပ်မှ စ၍လည်းကောင်း၊ မြိတ်-ကော့သောင်း ခရီးစဉ်တွင် ငွေကျပ် ၄၇၀၀၀ မှစ၍လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း လေကြောင်းလိုင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ခိုင်ထူး(ခရိုင်ပြန်/ဆက်)**

# ခရီးသည်တင်ရေယာဉ်အချို့ ခရီးသည်နှင့် ကုန်တင်ဆောင်မှုများပြားနေ၍ မော်ကျွန်းဆိပ်ကမ်းတွင် ခရီးသည်အချို့ သင်္ဘောပေါ်မှ ပြန်ဆင်းခဲ့ရ

**ရန်ကုန် မေ ၄**

မော်ကျွန်းဆိပ်ကမ်းမှ ရန်ကုန်သို့ မေ ၂ ရက် ညနေပိုင်းတွင် ထွက်ခွာ သည့် ပုဂ္ဂလိကလူစီး၊ ကုန်တင် နှစ်ထပ် ရေယာဉ်တစ်စင်းတွင် ခရီးသည်နှင့် ဆန်အိတ်များတင်ဆောင်မှုများပြားနေ ၍ ခရီးသည်အချို့ စိုးရိမ်စိတ်ကြောင့် ရေယာဉ်ပေါ်မှ ဆင်းနေခဲ့ကြသည်။ ကုန်းပတ်ပေါ်တွင် တင်ထားသော ဆန်အိတ်အချို့ ကုန်းပေါ်သို့ပြန်တင် ထားကြရကြောင်း ယင်းဆိပ်ကမ်းအနီး နေထိုင်သူများနှင့် ရေယာဉ်ပေါ်မှ ဆင်းနေခဲ့သည့် ခရီးသည်များက ပြောပြသည်။

ရေယာဉ်တိုင်းတွင် ဝန်တင်မျဉ်း အမှတ်အသားပါရှိသည်။ ယင်းအမှတ် အသားကို ထင်ရှားမြင်သာစွာ ပြုလုပ် ထားရသည်။ သင်္ဘောဘေးနှစ်ဖက်ရှိ ဆေးရောင်အနီသုတ်ထားသော ဖောင်း အောက်တွင် အဆိုပါ ဝန်တင်မျဉ်း အမှတ်အသားရှိသည်။ ခရီးသည်များ အနေဖြင့် ဖောင်းအနီ(သင်္ဘောအလယ် ပိုင်း) သစ်သားတန်းသည် ရေပြင်နှင့် ထိလုနီးပါးရှိပါက ဝန်ပိုတင်သည်ဟု ပြောလေ့ရှိသည်။ သင်္ဘောဦးပိုင်းမှာ အမြင့်ပိုင်းတွင်ရှိသဖြင့် သင်္ဘော အလယ်ပိုင်း ဖောင်းအနီအမှတ်အသား သည် ရေပြင်နှင့်အတန်ငယ်ကွာမှသာ သတ်မှတ်ဝန်ချိန်အထိသာ တင်ဆောင် သည်ဟု အကြမ်းဖျင်းမှတ်သား ပြောဆိုလေ့ရှိကြောင်း မြစ်ဝကျွန်းပေါ် ဒေသမှ ရေယာဉ်လုပ်ငန်း လုပ်ကိုင်ခဲ့ သည့် ကိုစိုးသိမ်းက ဆိုသည်။

မေ ၂ ရက်တွင် မော်ကျွန်းဆိပ်ကမ်းမှ ဖောင်းရေထိလုနီးပါး ဝန်ချိန်တင် ဆောင်ထွက်ခွာလာသော ပုဂ္ဂလိက လူစီး၊ ကုန်တင်နှစ်ထပ်ရေယာဉ်သည် ရန်ကုန်ဆိပ်ကမ်းသို့မေ ၃ ရက် နံနက် ၇ နာရီခန့်တွင် ဆိုက်ကပ်လာခဲ့သည်။ ခရီးသည်နှင့်ကုန်စည်အချို့ ဆိပ်ကမ်း ပေါ်သို့ ရောက်ရှိပြီး နံနက် ၈ နာရီ ကျော်တွင် မင်ရှိသော ရေယာဉ်၏ အနေအထားကို ကြည့်ခြင်းအားဖြင့် မော်ကျွန်းဆိပ်ကမ်းမှ ထွက်ခွာလာ သည့် ဝန်ပိုတင်လာသည်မှာ ဖြစ်နိုင် သည်ဟု အဆိုပါ ရေယာဉ်အနီးရှိ အခြားရေယာဉ်တစ်စင်းမှ စက်ခန်း အတွင်းတွင် အလုပ်လုပ်သည့် သင်္ဘော သားတစ်ဦးက ဆိုသည်။

ခရီးသည်တင်ရေယာဉ်များ၏ ကြံ့ ခိုင်မှု၊ ဝန်တင်ဆောင်မှုနှင့်လိုအပ်ချက် များကို ရန်ကုန်ဆိပ်ကမ်းတွင် မတ် ၂၅ ရက်မှစတင်၍ အဖွဲ့စုံဖြင့် စစ်ဆေးမှု များ ပြုလုပ်လျက်ရှိသည်။ ကြံ့ခိုင်မှု အားနည်းပြီး ပြင်ဆင်ရန်လိုအပ်သော ရေယာဉ်များအား ပြေးဆွဲခွင့်မပေးဘဲ ပြင်ဆင်ရန် ညွှန်ကြားသည့် ရန်ကုန် တစ်ဖက်ကမ်းရှိ သင်္ဘောကျင်းများ တွင် ပုဂ္ဂလိကရေယာဉ်အချို့ပြင်ဆင် မှုများရှိနေသည်။

ရှပ်ပြေး နှစ်ထပ်ရေယာဉ်ငါးစင်းဖြင့် ပြေးဆွဲနေသော ရန်ကုန်-မော်ကျွန်း ခရီးစဉ်တွင် နှစ်စင်းမှာ ပြေးဆွဲခွင့်မပြု ဘဲ ပြင်ဆင်နေရာ ယင်းရေယာဉ်များ အစား ယခင်ခရီးသည်အရေအတွက် ဆယ်ဂဏန်းသာ စီးနင်းခဲ့သော ပုဂ္ဂလိ က လူစီး၊ ကုန်တင် နှစ်ထပ်ရေယာဉ် များတွင် အပေါ်ထပ်၊ အောက်ထပ် အပြည့် စီးနင်းလိုက်ပါကြသည်ဟု ပုဂ္ဂလိကလူစီး၊ ကုန်တင် နှစ်ထပ်ရေ ယာဉ်တစ်စင်း၏ ရေယာဉ်အုပ်တစ်ဦး က ဆိုသည်။

ရေယာဉ်အချို့ပြင်ဆင်ရန်ညွှန်ကြား ၍ ခရီးစဉ်ပြေးဆွဲမှုရပ်နားထားချိန် တွင် ပုဂ္ဂလိကရေယာဉ်များအနေဖြင့် သင်္ဘောခနှင့်ဆန်အိတ်သယ်ဆောင်ခ နှုန်းထားများမြှင့်တင်လာမည်ကို ခရီး သည်များက စိုးရိမ်နေကြသည်။ စက် သုံးဆီ ဒီဇယ်ဈေးကျဆင်းချိန် ယခင် ပုံမှန်ကာလထက် ခရီးသည်စီးနင်းမှု သုံးဆ၊ လေးဆ ပိုမိုရရှိလာသော ပုဂ္ဂလိက လူစီး၊ ကုန်တင်ရေယာဉ်ကြီး များအနေဖြင့် ရန်ကုန်ဆိပ်ကမ်းမှ ထွက်ခွာသကဲ့သို့ နယ်ဆိပ်ကမ်းများမှ ထွက်ခွာပြေးဆွဲရာတွင်လည်း သတ် မှတ်စည်းကမ်းနှင့်အညီ ပြေးဆွဲသင့် ကြောင်း၊ ရန်ကုန်ဆိပ်ကမ်းတွင်လည်း ထွက်ခွာသော ရေယာဉ်များစစ်ဆေး သကဲ့သို့ နယ်များမှ ဝင်ရောက်လာသော ရေယာဉ်များကိုလည်း တစ်ပြေးညီ စစ်ဆေးပေးရန် လိုအပ်လျက်ရှိ ကြောင်း မော်ကျွန်းမြို့နေ ရေယာဉ် အငြိမ်းစားဝန်ထမ်း ဦးလှစိုးက ဆိုသည်။ **(မောင်စေအောင်)**

❐

# ဆေးပညာသတင်းဆန်းများ (၆၂)

**ဒေါက်တာကံညွန့်**

ယခုစတင်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ Light-emitting Electronic device ပစ္စည်းမျိုးတွေဖြစ်တဲ့ i Pad လို ပစ္စည်းမျိုးကို ညအိပ်ရာဝင်ခါနီး အချိန်ကြာကြာ မသုံးသင့်ဘူးဆိုတဲ့ လေ့လာထားချက်တစ်ခုပါ။ ဒီလိုအသုံးပြုခဲ့ရင် အိပ်ပျော်သွားဖို့ အချိန်ကြာပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခြင်းကိုလည်း ထိခိုက်စေတယ်လို့ဆိုပါတယ်။ ဒီလေ့လာချက်ကို အမေရိကန်နိုင်ငံ Pennsylvania State University မှ ဆေးဝါးသုတေသနပညာရှင်တွေက ပြုလုပ်ခဲ့ကြပြီး US Journal on Proceeding of the National Academy of Science ဂျာနယ်မှာ ဖော်ပြထားတာပါ။ သူတို့ တွေ့ရှိချက်အရ ဒီလိုမအိပ်ခင် နာရီဝက်ကြာ i Pad အသုံးပြုသူ အုပ်စုနဲ့ ရိုးရိုးစာအုပ်ဖတ်သူအုပ်စုနှစ်ခုရဲ့ အိပ်ပျော်နိုင်မှု၊ အိပ်စက်ခြင်းအရည်အသွေးစတာတွေကို လေ့လာခဲ့ကြတာဖြစ်ပါတယ်။ i Pad လို Electronic Device သုံးစွဲသူတွေမှာ ယင်းပစ္စည်းတွေကထွက်လာတဲ့ Short wavelength light တွေဟာ စတင်အိပ်ပျော်ဖို့ပိုကြာပြီး အိပ်နေစဉ်ဦးနှောက်ရဲ့ ပုံမှန်လည်ပတ်နေမှု Rhythm ကိုလည်း ထိခိုက်စေပြီး Melatonin လို ဟော်မုန်းထုတ်လုပ်မှုကိုလည်း လျော့သွားစေတယ်လို့ဆိုပါတယ်။ ဒါကြောင့် မအိပ်ခင် ဒီလို Electronic Device တွေကို ကြာကြာမသုံးသင့်ကြောင်း အကြံပြုထားတာကို တင်ပြလိုက်ရပါတယ်။

အာဖရိကနိုင်ငံတွေမှာ ဖြစ်ခဲ့တဲ့ အီဘိုလာရောဂါဟာ ကူးစက်မြန်ပြီး လူပေါင်းနှစ်သောင်းကျော်ကို သေစေခဲ့တာပါ။ ဆေးပညာရှင်တွေဟာ ဒီရောဂါကိုကုသဖို့ ကာကွယ်ဖို့ကြိုးစားရင်းက တခြား အီဘိုလာနဲ့မဆိုင်တဲ့ ရောဂါတွေကိုပါ ကုသနိုင်မယ့်နည်းလမ်းတစ်ခုကို တွေ့ခဲ့ကြပါတယ်။ ဒီလို တွေ့ခဲ့ကြသူတွေကတော့ အမေရိကန်နိုင်ငံ အတ္တလန္တာတာမှာရှိတဲ့ Emory University က ဆေးပညာရှင်တွေပဲဖြစ်ပါတယ်။ သူတို့ဟာ အီဘိုလာရောဂါခံစားနေရသူတချို့ကို အီဘိုလာရောဂါဖြစ်ပြီး ပြန်အသက်ရှင်လာသူတွေထံက ရယူခဲ့တဲ့သွေးရည်ကြည်နှင့် အောင်မြင်စွာ ကုသနိုင်ခဲ့တာကို အခြေခံပြီး ဒီနည်းလမ်းကို ရခဲ့တာဖြစ်ပါတယ်။ သူတို့ဟာ လူတစ်ယောက်ရဲ့ကိုယ်ခံအားကို မြှင့်တင်ပေးနိုင်ခြင်းဟာ အီဘိုလာလိုရောဂါအပြင် တခြားကူးစက်တဲ့ရောဂါဖြစ်တဲ့ တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါ စတဲ့ရောဂါတွေကိုလည်း ကာကွယ်အောင်ပြုလုပ်နိုင်လိမ့်မယ်လို့ ယူဆခဲ့ကြပါတယ်။ ဒီလိုရောဂါဖြစ်ဖူးသူရဲ့ မျိုးဗီဇပါတဲ့ DNA သို့မဟုတ် RNA ဟာ ကိုယ်ခန္ဓာရဲ့ ကိုယ်ခံအား (Antibody)ထုတ်လုပ်မှုကို နှိုးဆော်သလိုဖြစ်နေတာကြောင့် ဒါကို လူ့ခန္ဓာကိုယ်ထဲ ကာကွယ်ဆေးအဖြစ် ထိုးသွင်းစမ်းသပ်ဖို့ လုပ်နေကြပါတယ်။ တိရစ္ဆာန်တွေမှာ စမ်းသပ်တဲ့အခါ အောင်မြင်နေပြီဖြစ်ပါတယ်။ ဒါကို အီဘိုလာဆေးထုတ်လုပ်ခဲ့တဲ့ Mapp Biopharmaceutical Experts တွေနဲ့ ဆောင်ရွက်ခဲ့တာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့သတင်းတစ်ပုဒ်ကတော့ အဆုတ်ကင်ဆာကုသရေးမှာ ထိရောက်မယ့် တွေ့ရှိချက်တစ်ခုအကြောင်းပါ။ ဒါကိုတော့ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့ ကင်ဆာသုတေသနဌာနက ဆေးသိပ္ပံပညာရှင်တွေ တွေ့ရှိခဲ့တာပါ။ သူတို့ဟာ အဆုတ်ကင်ဆာကို ပိုမိုကြီးထွားစေတဲ့ STATS လို့ အမည်ပေးထားတဲ့ Genes ကို တွေ့ရှိခဲ့ရပါတယ်။ ဒီ Genes ကို တားဆီးနိုင်ရင် အဆုတ်ကင်ဆာကြီးထွားမှုကိုလည်း တားနိုင်မယ်လို့ ဆိုပါတယ်။ အခုအသုံးပြုနေတဲ့ ဆေးတချို့ဟာ ဒီ Genes ကို တားနိုင်တဲ့ဆေးတွေဖြစ်ပြီး ဒီကုသမှုဟာ လောလောဆယ်မှာ အဆုတ်ကင်ဆာ ဖြစ်နေသူတွေအတွက် အထိရောက်ဆုံးဖြစ်တယ်လို့ ဆိုပါတယ်။ ဆေးလိပ်သောက်ပြီး အဆုတ်ကင်ဆာဖြစ်နေသူတချို့မှာ KRAS ဆိုတဲ့ Gene တစ်ခု ထပ်မံတွေ့ရှိရပြီး ဒီ KRAS Gene ဟာ STATS Gene ကို ကင်ဆာဖြစ်ပွားမှု မဖြစ်စေတော့ဘဲ တိုက်ခိုက်တဲ့ Gene အဖြစ်ပြောင်းလဲသွားတာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဒီလိုပြောင်းလဲမှုဟာ ဆေးလိပ်သောက်ပြီး အဆုတ်ကင်ဆာဖြစ်စေသူတွေမှာ ပိုတွေ့ရတယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့သတင်းတစ်ပုဒ်ကတော့ တောင်အာဖရိကနိုင်ငံက လိင်အစားထိုးကုသမှုအောင်မြင်ခဲ့တဲ့ သတင်းပါ။ လွန်ခဲ့တဲ့ သုံးနှစ်က အသက် (၂၁)နှစ်အရွယ် လူပျိုဖော်ဝင်အခမ်းအနားတစ်ခုမှာ လိင်တံထိပ် အရေပြားကို ဖြတ်ရာမှ အဆင်မပြေဖြစ်ခဲ့မှုကြောင့် လိင်တံကို အဖြတ်ခံလိုက်ရတဲ့သူတစ်ဦးကို တောင်အာဖရိကနိုင်ငံ ကိပ်တောင်းက တီလာဘတ်ဆေးရုံမှာ လွန်ခဲ့တဲ့သုံးလအကြာက ခွဲစိတ်ကုသပေးခဲ့တာဖြစ်ပါတယ်။ သေဆုံးသွားသူတစ်ဦးထံမှ လှူဒါန်းတဲ့လိင်တံကို ကိုးနာရီကြာ အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့ကြတာဖြစ်ပါတယ်။ ခွဲစိတ်မှုကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်က ဆောင်ရွက်ပေးခဲ့ပြီး အခြေအနေကိုစောင့်ကြည့်ကာ ယခု သုံးလအကြာမှာ အောင်မြင်ကြောင်း ကြေညာခဲ့ကြတာဖြစ်ပါတယ်။ ယခုအခါ အမည်မဖော်လိုသော ယင်းလူနာဟာ ဆီးသွားခြင်း၊ မျိုးပွားနိုင်ခြင်း စသည်တို့ကို သာမန်လူကောင်းတစ်ယောက်သဖွယ် ပြုလုပ်နိုင်ပြီဖြစ်ပါတယ်။ ဒီကုသမှုမျိုးကို ၂၀၀၆ ခုနှစ်က တရုတ်နိုင်ငံမှာပြုလုပ်ခဲ့ဖူးသော်လည်း ခွဲစိတ်ခံရသူနှင့် ဇနီးတို့မှာ စိတ်ပိုင်းဆိုင်ရာပြဿနာများ ရှိလာသောကြောင့် ၎င်းတို့ဆန္ဒအရ နှစ်ပတ်အကြာတွင် ပြန်လည်ဖယ်ရှားပေးခဲ့ရပါတယ်။ ဒါကြောင့် ယခု တောင်အာဖရိကနိုင်ငံ လိင်တံအစားထိုးကုသမှုဟာ ပထမဆုံးအောင်မြင်မှုဆိုတာ တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့သတင်းတစ်ပုဒ်ကတော့ အမှတ် (၂) အမျိုးအစား ဆီးချိုရောဂါရှင်တွေဟာ ဘယ်လိုနေထိုင်စားသောက်သင့်တယ်ဆိုတဲ့ လေ့လာထားချက်ပါ။ ဒီလေ့လာချက်ကိုတော့ အစ္စရေးနိုင်ငံ Tel Aviv တက္ကသိုလ် Walfson Medical Centre က ဆေးပညာရှင်တွေ ပြုလုပ်တွေ့ရှိခဲ့တာဖြစ်ပါတယ်။ သူတို့ဟာ အသက် (၃၀)မှ (၇၀) အတွင်း ဆီးချိုဝေဒနာရှင်တွေကို အုပ်စုနှစ်စုခွဲပြီး စမ်းသပ်ခဲ့တာဖြစ်ပါတယ်။ ပထမအုပ်စုကို နံနက်စာကို Calorie ၇၀၀ ပါတဲ့အစာကိုကျွေး၊ နေ့လယ်စာကို Calorie ၆၀၀ ကျွေး၊ ညနေစာကို Calorie ၂၀၀ ပဲပါတဲ့ အစာကိုကျွေး၊ နောက်တစ်အုပ်စုတစ်ခုကိုတော့ နံနက်စာကို ၂၀၀၊ နေ့လယ်စာကို ၆၀၀၊ ညနေစာကို ၇၀၀ ကျွေးပြီး စမ်းခဲ့ကြတာဖြစ်ပါတယ်။ ဒီလိုစမ်းသပ်ကြည့်တဲ့အခါ နံနက်စာကို များများစားပြီးညနေစာကို လျှော့စားတဲ့အုပ်စုမှာ ဆီးချိုထိန်းနိုင်မှု ပိုကောင်းမွန်တာကို တွေ့ရတယ်ဆိုပါတယ်။ ဒါကြောင့် Insulin ဆေးအသုံးပြုနေရသူဖြစ်စေ၊ Metfomin ဆေးသုံးနေရသူဖြစ်စေ၊ နှစ်မျိုးစလုံး သုံးနေရသူဖြစ်စေ နံနက်စာကိုပိုစားပြီး နေ့လယ်စာကို အတော်အတန် လောက်ပဲစားကာ ညနေစာကို လျှော့စားခြင်းဟာ အသင့်တော်ဆုံးဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

ယခုဖော်ပြလိုတဲ့သတင်းတစ်ပုဒ်ကတော့ လူတစ်ယောက်က အသက်အရွယ်ကြီးလာရင် အိပ်ပျော်အောင်အိပ်စက်ဖို့ လိုအပ်တယ်ဆိုတဲ့ အကြောင်းပါ။ လူတိုင်း အသက် (၅၅) နှစ်ကျော်လာရင် ညနေခင်း နာရီဝက်၊ တစ်နာရီခန့် အနားယူအိပ်စက်ခြင်းဟာ ဦးနှောက်အရည်အသွေးကို ပိုကောင်းမွန်စေပြီး မှတ်ဉာဏ်ကျဆင်းမှုကိုလည်း တားဆီးနိုင်တယ်လို့ ဆိုပါတယ်။ စင်ကာပူနိုင်ငံ Duke- NUS Medical School က လေ့လာထားချက်ကို Sleep Journal မှာ ဖော်ပြထားတာပါ။ သူတို့လေ့လာချက်မှာ အသက် (၅၅) နှစ်နှင့်အထက် ၆၆ ဦးကို လေ့လာထားတာဖြစ်ပါတယ်။ ဒီလေ့လာချက်အရ အအိပ်နည်းသူတွေမှာ ဦးနှောက်ထဲက Ventricle နေရာဟာ ပိုကျယ်လာပြီး ဦးနှောက်ရဲ့မှတ်ဉာဏ်အား ကျဆင်းစေတာ တွေ့ရတယ်လို့ ဆိုပါတယ်။ တခြားလေ့လာမှုတွေမှာ တွေ့ရှိရတဲ့ အမှတ်(၂) ဆီးချိုရောဂါကို ပိုဆိုးစေတာ၊ ကိုယ်အလေးချိန်ပိုလာတာ၊ အသက်အရွယ်ပိုကြီးသလိုဖြစ်တာ၊ တချို့ကင်ဆာရောဂါ ဖြစ်စေတာဟာလည်း အအိပ်နည်းပါးမှုနဲ့သက်ဆိုင်တာကို တွေ့ရတယ်လို့ဆိုပါတယ်။

နောက် သီးခြားလေ့လာထားချက်တစ်ခုမှာတော့ Melatonin ဟော်မုန်းဆေးဟာ အသက် (၅၅) နှစ်ကျော်တဲ့လူတွေမှာ အိပ်မပျော်တာ ဖြစ်နေရင် စားသုံးသင့်တဲ့ ဆေးတစ်ခုဖြစ်တယ်လို့ ဆိုပါတယ်။ Melatonin ဟော်မုန်းဟာ ဦးနှောက်မှာရှိတဲ့ Pineal Gland က ညအချိန်ထုတ်တတ်တဲ့ ဟော်မုန်းဖြစ်ပြီး လူတွေကို နှစ်ခြိုက်စွာအိပ်ပျော်စေပြီး ဇီဝကမ္မဓာတ်သဘာဝအတိုင်း ပုံမှန်လည်အောင်ပြုလုပ်ပေးတဲ့ ဟော်မုန်းဖြစ်ပါတယ်။ လူတွေဟာ အသက်အရွယ်ကြီးလာရင် ဒီဟော်မုန်းဓာတ်ထုတ်လုပ်မှု ကျဆင်းလာတတ်ပါတယ်။ ဒီလေ့လာချက်ကိုတော့ စကော့တလန်နိုင်ငံမှာ အသက် (၅၅) နှစ်မှ (၈၀) အရွယ်လူပေါင်း ၃၅၄ ဦးကို လေ့လာခဲ့တာဖြစ်ပါတယ်။ သူတို့အားလုံးကို Melatonin ဆေးပြား 2mgm တိုက်ကျွေးစမ်းသပ်ခဲ့တာ ဖြစ်ပါတယ်။ ဒီလူအားလုံးဟာ နှစ်ခြိုက်စွာအိပ်ပျော်ပြီး နောက်တစ်နေ့မှာလည်း ဦးနှောက်ကြည်ကြည်လင်လင်နှင့် လန်းဆန်းစွာရှိကြောင်း တင်ပြလိုက်ရပါတယ်။ ။

## (၄၄)နှစ်မြောက် မင်္ဂလာဆုတောင်း

ကျေးဇူးရှင်ဖေဖေ ဗိုလ်ချုပ်ဝင်းမြင့်(ငြိမ်း)နှင့် မေမေ ဒေါ်နီနီ တို့၏ ၄-၄-၂၀၁၅ ရက်နေ့တွင် ကျရောက်သော (၄၄)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ကျန်းမာချမ်းသာပြီး ချစ်သောသားသမီးများ၊ ချစ်သော မြေးများနှင့်အတူ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်--

ချစ်သားသမီးများ

မောင်သိန်းဆွေ-မီးမီး
မီးငယ်
အောင်စူ-ချယ်ချယ်
ကောင်းသစ်ဝင်းမြင့်(ခ)ဇာနည်ဝင်းမြင့်

ချစ်မြေးများ

သက်ထား၊ စစ်သွေး၊ ယွန်းယွန်း၊ သဲသဲ၊
ကိုဟိန်း၊ လလုံး၊ အာဒီး၊ ပေါက်စ

## မြိတ်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ သိမ်းဆည်းရမိ

**မြိတ် မေ ၄**

မြိတ်မြို့ တလိုင်းစုရပ်ကွက် ပုလဲဖြူအဆင့်မြင့်ဧည့်ရိပ်မွန် အခန်း(၁၀၉)တွင် တည်းခိုနေထိုင်လျက်ရှိသူတစ်ဦး မူးယစ်ဆေးဝါး ရောင်းချသုံးစွဲနေကြောင်း သတင်းအရ မေ ၃ ရက် ည ၁၂ နာရီ မိနစ် ၂၀ ခန့်တွင် မြိတ်ခရိုင် မှုခင်းအကူအဖွဲ့မှ ရဲအုပ်ချုပ်လွင်၊ အမှတ်(၄) နယ်မြေရဲကင်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းသိန်းနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပူးပေါင်း၍ ရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုလဲဖြူအဆင့်မြင့်ဧည့်ရိပ်မွန် အခန်း(၁၀၉)တွင် တည်းခိုနေထိုင်လျက်ရှိသူ ခင်မောင်ဖြူ(ခ)ဦးဖြူမှာ မူးယစ်ဆေးဝါးရောင်းချသုံးစွဲသူဖြစ်ကြောင်း သိရှိရ၍ ပုလဲဖြူအဆင့်မြင့် ဧည့်ရိပ်မွန် အခန်း(၁၀၉)သို့ မြိတ်ခရိုင် မှုခင်းအကူအဖွဲ့နှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ သတင်းအရ ဝင်ရောက်ရှာဖွေရာ ခင်မောင်ဖြူ(ခ) ဦးဖြူ၏ ခန္ဓာကိုယ်တွင် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား သုံးပြား၊ စိတ်ကြွရူးသွပ်ဆေးပြားရှူရာတွင်အသုံးပြုသည့် ခဲပြားတစ်ပြားနှင့် ပိုက်တစ်ချောင်းတို့ကို ရှာဖွေပုံစံဖြင့် သက်သေများရှေ့တွင် သိမ်းဆည်းခဲ့သည်။

သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများမှာ ၎င်းနေထိုင်သည့် နေအိမ်မှ သိုဝှက်သိမ်းထားသည့် စိတ်ကြွရူးသွပ်ဆေးပြားထုပ်ထဲမှယူဆောင်လာခဲ့ခြင်းဖြစ်ကြောင်းနှင့် ၎င်း၏နေအိမ်တွင်လည်း ကျန်ရှိနေသေးကြောင်း ထွက်ဆိုချက်အရ မြိတ်တောင်ရပ်ကွက် အေးချမ်းသာယာရပ်ရှိ ၎င်း၏နေအိမ်အား ဆက်လက်ရှာဖွေရာ အပြာရောင် ပလတ်စတစ်အိတ်ကပ်ခွာအတွင်း ထည့်ထားသည့် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ သိမ်းဆည်းရမိခဲ့ပြီး အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချရန်နှင့်သုံးစွဲရန်ရန် လက်ဝယ်ထားရှိသူ ခင်မောင်ဖြူ(ခ)ဦးဖြူအား အရေးယူထားကြောင်း သိရသည်။

**ခိုင်ထူး(ခရိုင်ပြန်/ဆက်)**

ရွှေနန်းတော် ငွေဆောင်၊ ချောင်းသာ (စားသောက်ငြိမ်း) ၇၅၀၀၀ိ/-
April 3/10/11/12/13/17/24
Ph : 09253366299, 0930362112, 377921

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

ရွှေပင့်ကူ
April ၁၂

## အများသိသာစေရန် ကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့သစ်(၁)လမ်း၊ အမှတ်(၄/ခ)၊ (၂)ခန်းတွဲ (၃၅)ထပ်တိုက်၏ မြေညီထပ်(ခေါင်းရင်း)၊ မှန်ခန်း(ခေါင်းရင်း)၊ ပထမထပ်(ခေါင်းရင်း)နှင့်ဒုတိယထပ်(ခေါင်းရင်း)ဟုခေါ်တွင်သော တိုက်ခန်း(၄) ခန်း၏ရေမီးနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်ကို မြေပိုင်ရှင်ဦးမင်းအောင် [၁၂/ကမတ(နိုင်)၀၁၃၇၀၁]၊ ဦးမောင်ဌေး(ခ)ဦးဌေး[၁၂/မရက(နိုင်)၀၂၀၅၆၁]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်လျက်ရှိသည်မှာ ယနေ့တိုင်ဖြစ်ပြီး ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကသာလျှင် အဆိုပါတိုက်ခန်းများကို လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ တစ်ခြားတစ်နည်းနည်းဖြင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း အများသိသာစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းနိုင်အောင် (**LL.B,C.B.L**)
အထက်တန်းရှေ့နေ(စဉ်-၃၀၂၈၂)
အိမ်၊ ခြံ၊ မြေအကျိုးဆောင်နှင့် ဥပဒေအကြံပေးအတိုင်ပင်ခံ
အခန်း(၅၀၂)၊ တိုက်(၃)၊ ရွှေထီးအိမ်ရာ၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း-၀၉၅၁၂၅၆၀၂၊ ၀၉၇၃၀၈၈၀၈၄၊ ၀၉၇၃၀၈၈၅၉၆

“ပြည်ထောင်စုသက်န်းတိုက်” ရှင်ပြု ရဟန်းခံ အထူးသင်္ကန်းများ

ဝိနည်းတော်နှင့်အညီ ချုပ်ထား၍ စံမှန်သောသင်္ကန်းများကို ပစ္စည်းမှန်ဈေးနှုန်းမှန်ဖြင့် အောက်ပါဆိုင်များတွင် ရရှိနိုင်ပါသည်။

| | | |
|---|---|---|
| ၁ ပင်ရင်း(၁) | အမှတ်(၂၅)၊ မြင်တော်သာလမ်းမကြီး၊ ၇/ဈေးအနီး သာကေတမြို့နယ်။ | -၀၁-၅၄၁၂၈၀ |
| ၂ ပင်ရင်း(၂)+စက်ရုံ | အမှတ်(၂)၊ ကျိုက်ခေါက်ဘုရားလမ်း၊ နာရီစင်မှတ်တိုင်၊ သန်လျင်မြို့နယ်။ | ၀၉-၄၂၅၃၂၉၂၆၇ |
| ၃ ပင်ရင်း(၃) | အမှတ်(၇/၈)၊ ရန်ကင်းလမ်းမကြီး၊ ရန်ကင်းပန်းခြံနှင့်ကြားမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်။ | ၀၉-၅၀၉၈၄၇၆ |
| ၄ ပင်ရင်း(၄) | အမှတ်(၁၉၂)၊ ပင်လုံလမ်းမကြီး၊ (၃၂)ရပ်ကွက်၊ ဆက်သွယ်ရေးမှတ်တိုင်နှင့် ကျောက်လမ်းမှတ်တိုင်ကြား၊ မြောက်ဒဂုံ။ | ၀၉-၇၃၀၁၉၅၄၅၄ |
| ၅ ပင်ရင်း(၅) | အမှတ်(၃၂)၊ ပင်လုံလမ်းမကြီး၊ (၃၃)ရပ်ကွက်၊ (၃၅)မှတ်တိုင်၊ မြောက်ဒဂုံမြို့နယ်။ | ၀၉-၄၂၅၃၀၈၁၈၉ |

# ပထမပြန်စာမေးပွဲ ဆက်လက်ကျင်းပ

**နေပြည်တော်  ဧပြီ  ၄**

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပလျက်ရှိသည့် ၂၀၁၅ ခုနှစ် ပထမပြန်စာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ် စာဖြေဌာန ၂၃၈ ဌာနတို့၌ ဖြေဆိုကြသည်။

၂၀၁၅ ခုနှစ် ပထမပြန်စာမေးပွဲ ပထမငယ်၊ ပထမလတ်၊ ပထမကြီး စာရင်းသွင်း သံဃာ၊ သီလရှင် စုစုပေါင်း ၅၉၂၂၇ ပါးအနက် ၄၅၃၁၇ ပါး ဖြေဆိုကြသဖြင့် ၇၆ ဒသမ ၅၁ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**



# ကမ္ဘာလှည့်ခရီးသည်တင်သင်္ဘော ရေအတက်စောင့်နေ

**မြင်းမူ  ဧပြီ  ၄**

နိုင်ငံခြားသားခရီးသည် ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိသော Road to Mandalay ကုမ္ပဏီသည် ရွှေကြက်ယက်ဆိပ်ကမ်းမှ ပုဂံညောင်ဦးဆိပ်ကမ်းသို့ နိုင်ငံခြားသားခရီးသည်များအား ပို့ဆောင်ပေးလျက်ရှိရာ မြစ်ရေနည်းပါးလာခြင်းကြောင့် မြင်းမူဆိပ်ကမ်းကို (ယာယီ)အသုံးပြုကာ Road to Mandalay သင်္ဘောကြီးဖြင့် မြင်းမူဆိပ်ကမ်းမှ ပုဂံညောင်ဦးဆိပ်ကမ်းသို့ နိုင်ငံခြားသားများအား အပတ်စဉ် ကြာသပတေးနေ့တိုင်း ပို့ဆောင်ပေးပြီး ပုဂံညောင်ဦးမှ တနင်္ဂနွေနေ့က ပြန်လည်ထွက်လာကာ မြင်းမူဆိပ်ကမ်းသို့ တနင်္လာနေ့ နံနက်ပိုင်းတွင် ပြန်လည်ဝင်ရောက်ကြောင်း သိရသည်။

ယခုရေကြောင်းခရီးသွားရာသီ ကုန်ဆုံးသွားပြီဖြစ်၍ ကုန်းပိုင်းခရီးသွားများသာရှိတော့သည်။ နိုင်ငံခြားသားခရီးသည်များကိုတင်ဆောင်၍ပို့ဆောင်နေသော Road to Mandalay သင်္ဘောကြီးသည် အလျား ၃၂၅ ပေရှိပြီး ဧရာဝတီမြစ်ရေနည်းပါးချိန် ရေလမ်းကြောင်းကို ကွေ့ကောက်၍တစ်သွယ် အဖြောင့်သွား၍တစ်ဖုံ ခုတ်မောင်းနေရသောကြောင့် ဆန်တက်ရန်မဖြစ်နိုင်သေး၍ ရေယာဉ်များသွားလာလျက်ရှိသည့် ရေကြောင်းနှင့် လွတ်ကင်းသည့်နေရာ မြင်းမူမြို့အနီး ရေလယ်၌ ကျောက်ချရပ်နား၍ ဧရာဝတီမြစ်ရေတိုးချိန်ကို စောင့်ဆိုင်းလျက်ရှိသည်။**(အပေါ်ပုံ)**

ဧပြီ ၁ ရက်က ဧရာဝတီမြစ်ရေခန့်မှန်း (ခြောက်လက်မခန့်)တိုးသည့်အတွက်ကြောင့် မတက်နိုင်ဘဲရပ်နေရသည့် ရေယာဉ်များ မန္တလေးဘက်သို့ ဆန်တက်သွားကြပြီဖြစ်ကြောင်း သိရသည်။

**(၆၂၄)**

# သာသနာရေးဝန်ကြီးဌာန
# ၁၃၇၆ ခုနှစ်၊ ပထမပြန်စာမေးပွဲ နေ့ရက်အလိုက် ဖြေဆိုမှုအခြေအနေ

ရက်စွဲ၊ ၄-၄-၂၀၁၅

ဖြေဆိုသည့်ဘာသာ၊ ပထမကြီးတန်း - အဘိဓာန်၊ အလင်္ကာ၊ ဆန်း
ပထမလတ်တန်း - မာတိကာနှင့် ဓာတုကထာ
ပထမငယ်တန်း - တိကမာတိကာ၊ ဒုကမာတိကာနှင့် ဓာတုကထာ

| စဉ် | အကြောင်းအရာ | စာရင်းသွင်း | ဖြေဆို | ပျက်ကွက် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | ပထမကြီးတန်း | ၁၅၁၄၃ | ၁၁၅၇၂ | ၃၅၇၁ | ၇၆. ၄၂ |
| ၂ | ပထမလတ်တန်း | ၁၄၆၂၀ | ၁၁၄၄၄ | ၃၁၇၆ | ၇၈. ၂၈ |
| ၃ | ပထမငယ်တန်း | ၂၉၄၆၄ | ၂၂၃၀၁ | ၇၁၆၃ | ၇၅. ၆၉ |
| | ပေါင်း | ၅၉၂၂၇ | ၄၅၃၁၇ | ၁၃၉၁၀ | ၇၆. ၅၁ |

# မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော် ထိုင်းနိုင်ငံ၌ ကျင်းပ

**တာချီလိတ်  ဧပြီ  ၄**

ထိုင်းနိုင်ငံ(မြောက်ပိုင်း) ချိန်းရိုင်းခရိုင် မယ်ဖာ့လုံတက္ကသိုလ် (Mae Fah Lauang University) တွင် Myanmar Culture Day and Exhibition မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော်ကို ဧပြီ ၃ ရက် ညနေပိုင်းက ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ထိုင်းနိုင်ငံအလံတို့အား အလေးပြုကြကာ President Assoc.Prof. Dr Vanchai Sirichana က ဂုဏ်ပြုအမှာစကားပြောကြားပြီး ထူးချွန်မြန်မာကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတကာ ကျောင်းသား ကျောင်းသူများကိုယ်စား မလေးရှားနိုင်ငံမှ Mr.Muhammad Khalid Wardana က မြန်မာနိုင်ငံအပေါ် သဘောထားသုံးသပ်ချက်စာတမ်းအား ဖတ်ကြားဆွေးနွေးပြီး မြန်မာကျောင်းသူတစ်ဦးက မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်အကြောင်း ရှင်းလင်းတင်ပြသည်။




ဆက်လက်ပြီး မြန်မာကျောင်းသူကျောင်းသားလေးများက ရှမ်းတိုင်းရင်းသားယဉ်ကျေးမှုအက၊ သင်္ကြန်ယိမ်း၊ သျှောင်ပေစူး၊ ဦးရွှေရိုးနှင့် ဒေါ်မိုးစသည့် မြန်မာ့ယဉ်ကျေးမှု အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြကာ တက်ရောက်လာကြသော ဧည့်ပရိသတ်များအား မြန်မာ့ရိုးရာအစားအစာများဖြစ်သည့် မုန့်ဟင်းခါး၊ မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်း စသည့် ရိုးရာအစားအစာများဖြင့် ဧည့်ခံကျွေးမွေးပြီး အတာရေသဘင်ပွဲတော်အား ဆင်နွှဲကြသည်။

အဆိုပါ မယ်ဖာ့လုံတက္ကသိုလ်တွင် မြန်မာကျောင်းသား ကျောင်းသူ သုံးရာကျော်တက်ရောက် ပညာသင်ယူလျက်ရှိကြောင်း သိရသည်။

**(မောင်ယဉ်ကျေး)**

## မဟာသင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ ပြည်သူများ သတိပြုရန် နှိုးဆော်ချက်

၁။ ရေပက်ခံကား ယာဉ်မောင်းသူများ အရက်သေစာ သောက်စားထားမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေး တားမြစ်ကြပါရန်။

၂။ စိတ်ကြွေမြိမ်ဆေးဝါးများ၊ ထိန်းချုပ်ဆေးဝါးများနှင့် တံဆိပ်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးတို့ဖြင့် တရားမဝင်ရောက်ရှိလာသည့် ကာမဆန္ဒနှိုးဆွစေသောဆေးဝါးများအား မိမိကိုယ်တိုင်ဖြစ်စေ၊ သူတစ်ပါးက တိုက်တွန်းမြူဆွယ်၍ဖြစ်စေ သောက်သုံးခြင်းမှ ရှောင်ကြဉ်ကြပါရန်။

၃။ တာဝန်သိပြည်သူတစ်ယောက်ချင်းအနေဖြင့် မိမိတို့နိုင်ငံ၊ လူမျိုးတို့ အမြတ်တနိုးတန်ဖိုးထားသည့် အတာသင်္ကြန်ပွဲတော် မညစ်နွမ်းစေရန် မိမိပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးနှင့် အခြားအန္တရာယ်ရှိသော ဆေးဝါးများ၊ ကာမဆိုင်ရာ ဆေးဝါးသုံးစွဲရောင်းဝယ်မှုများတွေ့ရှိပါက အနီးဆုံးလုံခြုံရေးအဖွဲ့အစည်းများထံ သတင်းပေးပို့ တိုင်ကြားကြပါရန်။

၄။ အတာသင်္ကြန်ကာလအတွင်း လူငယ်များအနေဖြင့် ရိုးရာသင်္ကြန်ကို အရိုးရှင်းဆုံးပုံစံဖြင့် ပျော်ရွှင်မှုကို ရယူစေလိုပါသည်။ အရက်မှအစပြု၍ မူးယစ်ဆေးဝါးလမ်းကြောင်းအထိ ဆန်းဆန်းပြားပြား သုံးစွဲပျော်ပါးလာမည်ဆိုပါက အပျော်လွန်၍ ဘေးအန္တရာယ်များနှင့်ကြုံတွေ့ရမည်ကို သတိပြုကြပါရန်။

၅။ သင်္ကြန်ကာလတွင် ဆန်းပြားသော ဆေးဝါးမျိုးစုံသုံးစွဲမှုကို ရှောင်ရှားပြီး ဘေးရန်ခပ်သိမ်း ကင်းဝေးစွာနှင့် လူသစ်စိတ်သစ်ဖြင့် နှစ်သစ်ကူးကာလကို ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ကြစေရန်အတွက် ရပ်မိရပ်ဖများ၊ မိဘအုပ်ထိန်းသူများနှင့် မဏ္ဍပ်တာဝန်ခံများ ဝိုင်းဝန်းထိန်းသိမ်း၍ ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကျင်းပ

**မော်လမြိုင်  ဧပြီ  ၄**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ စီစဉ်ညွှန်ကြားမှုဖြင့် မော်လမြိုင်မြို့နယ်ရဲတပ်ဖွဲ့မှူးဦးဆောင်သော မြို့နယ်အတွင်းရှိ ရဲစခန်းအသီးသီးမှ ယခုနှစ်မဟာသင်္ကြန်ရက်အတွင်း ခိုက်ရန်ဖြစ်ပွားမှုမရှိရေး၊ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲများကျင်းပလျက်ရှိရာ မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်အောင်၊ မော်လမြိုင်မြို့နယ် မုပွန်နယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်ဝမ်းလေးတို့သည် ဧပြီ ၃ ရက် ညနေပိုင်းတွင် မုပွန်ရဲစခန်းပိုင် ကျောက်တန်းကျေးရွာဓမ္မာရုံတွင် ကျင်းပသည့် အသိပညာပေးဟောပြောပွဲ၌ သင်္ကြန်ရက်အတွင်း အရက်သေစာသောက်စားပြီး ဆိုင်ကယ်မောင်းနှင်ခြင်းမပြုလုပ်ရန်၊ ခိုက်ရန်ဖြစ်ပွားခြင်းများ မပြုလုပ်ရန်၊ တုတ်၊ ဓားစသည့် လက်နက်များကိုင်ဆောင်ခြင်း မပြုလုပ်ရန်၊ ဆေးဆိုင်များတွင် တရားမဝင်ကာမစိတ်ကြွဆေးများ ရောင်းချခြင်း မပြုလုပ်ရန်၊ ဆိုင်ကယ်ဝပ်ရှော့ဆိုင်များမှ အသံကျယ်လောင်သော အိတ်ဇောများ သံစုံဟွန်းများ တပ်ဆင်ပြုလုပ်ပေးခြင်းမပြုရန်တို့ကို အကျယ်တဝင့် အသေးစိတ်ဟောပြောခဲ့ကြသည်။

အလားတူ မော်လမြိုင်မြို့နယ် မြိုင်သာယာရဲစခန်းမှူး ရဲအုပ်အောင်ကျော်ထွေး၊ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ် ကျော်မင်းထွန်းတို့အဖွဲ့သည် မြိုင်သာယာနယ်မြေရဲစခန်းနယ်မြေတွင်လည်းကောင်း၊ ဒိုင်းဝန် ကွင်းနယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ်နေယုစန်း၊ ဇေယျာသီရိနယ်မြေရဲစခန်း ရဲအုပ်ခင်မောင်ထွေး မြို့မနယ်မြေရဲစခန်းမှ ဒုတိယရဲမှူး လှခိုင်တို့က မှုခင်းကျဆင်းရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် အသိပညာပေးဟောပြောပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

အလားတူ မော်လမြိုင်မြို့နယ်အတွင်း မောင်းနှင်နေသည့် ယာဉ်မောင်းများ၊ အငှားမော်တော်ဆိုင်ကယ်များ၊ ကိုယ်ပိုင်ယာဉ်များ၏ ပိုင်ရှင်များသိရှိနားလည်စေရန် ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲများကို လူစည်ကားသော ဂိတ်အသီးသီးတွင် အမှတ်(၉) ယာဉ်ထိန်းတပ်ဖွဲ့ခွဲ ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူးညွန့်ဝေနှင့် ဒုတိယရဲမှူး ငွေရွှေတို့ဦးဆောင်သော ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက အသိပညာပေးဟောပြောပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

## မြန်မာ့ရုပ်မြင်သံကြား News Channel ထုတ်လွှင့်မှုအစီအစဉ်

၅-၄-၂၀၁၅ (တနင်္ဂနွေနေ့)

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆း၃၀ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ (အပိုင်း-၁၄) |
| ၆း၃၅ | "ဦးခိုက်ဖူးမြော်ကျိုက်မတ်ကော်" |
| ၁၀း၃၅ | "အတိတ်မန္တလေး သင်္ကြန်ပုံရိပ်များဆီသို့ အောက်မေ့သတိရတမ်းတခြင်း" |
| ၁၀း၅၀ | ခါသင်္ကြန်အဆိုအကများ |
| ၁း၂၀ | ဆေးရောင်စုံရုပ်ရှင် "သင်္ကြန်မိုး" (နေအောင်၊ ဇော်ဝမ်း၊ ဇင်ဝိုင်း၊ ခင်သန်းနု၊ မေသန်းနု၊ သီတာသိမ့်) (ဒါရိုက်တာ-မောင်တင်ဦး) |
| ၄း၄၅ | ၂၀၁၅ ခုနှစ် တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ) |
| ၆း၀၀ | ပြည်တွင်းသတင်း မိုးလေဝသအခြေအနေ |
| ၆း၃၅ | အနုပညာသတင်းအစီအစဉ် |
| ၇း၃၅ | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ -Tasty Trip -ဆိုကြမယ်၊ ပျော်ကြမယ် |

# နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် မေ ၄**

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ရေး စိစစ်ရွေးချယ်ရေးကော်မတီ၊ မြို့ပြ/ ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်/မွေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်သည် ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးမြို့နယ်ဆု ချီးမြှင့်နိုင်ရေးနှင့် ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးတင်လှိုင်မြင့်နှင့် မြို့နယ်ဆု/စံပြကျေးရွာဆု ကွင်းဆင်းစိစစ်ရေး အဖွဲ့ငယ် ခေါင်းဆောင်များနှင့်အတူ မေ ၂ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်ရှိ ဆည်မြောင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီအဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် ဆိပ်ခွန်ကျေးရွာရပ်မိရပ်ဖများအား တွေ့ဆုံဆွေးနွေးခဲ့ပြီး ရွှေဘိုမြို့နယ်အုပ်ချုပ်ရေး မှူးက ရွှေဘိုမြို့နယ် ဆိပ်ခွန်စံပြကျေးရွာ၏ ဒေသ ဆိုင်ရာ အချက်အလက်များကို ဗီဒီယိုဖိုင်များနှင့် ရှင်းလင်းတင်ပြခဲ့ခြင်းအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဆိပ်ခွန်စံပြကျေးရွာသည် ရွှေဘိုခရိုင် ရွှေဘို မြို့နယ်တွင်တည်ရှိပြီး အိမ်ခြေ ၁၀၉၂၊ အိမ်ထောင်စု ၁၁၉၅ စု၊ လူဦးရေ ကျား ၂၅၈၁ ဦး၊ မ ၃၁၁၉ ဦး ပေါင်း ၅၇၀၀ နေထိုင်လျက်ရှိကြောင်း၊ လယ်ယာ စိုက်ပျိုးရေးကဏ္ဍအနေဖြင့် လယ်ဧက ၇၅၀၉ ဧက စိုက်ပျိုးနိုင်ပြီး ယာသီးနှံစိုက်ဧက ၂၃၆ ဧက ရှိကြောင်း၊ သားငါးမွေးမြူထုတ်လုပ်မှုကဏ္ဍတွင် ကျွဲ ၁၉၁ ကောင်၊ နွား ၅၆၅ ကောင်၊ ဝက် ၆၄ ကောင်၊ သိုး/ဆိတ် ၁၈၈ ကောင်၊ ဒေသကြက် ၇၉၉ ကောင်နှင့် ငါးကောင်ရေ ၁၇၀၀ ခန့် မွေးမြူ ထုတ်လုပ်လျက်ရှိကြောင်း၊ အသေးစား၊ အလတ်စား ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စားသောက်ကုန်လုပ်ငန်း ၂၆ ခု၊ ဝတ်ဆင်ရေးလုပ်ငန်းအနေဖြင့် စက်ရက်ကန်း ၅၂၄ စင်၊ လက်ရက်ကန်းစင် ၁၅၀၀၊ စက်ချုပ် လုပ်ငန်း ၂၀ ခုနှင့် အခြားအထွေထွေလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ အနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးသီးနှံ အတွက် အစုအဖွဲ့ပေါင်း ၅၈ ဖွဲ့၊ တောင်သူပေါင်း ၅၅၈ ဦးအား ချေးငွေကျပ် ၃၁၈၉ သိန်း ပေးအပ်နိုင်ခဲ့ပြီး ဆောင်းသီးနှံအတွက် အစုအဖွဲ့ ပေါင်း ၅၉ ဖွဲ့၊ တောင်သူပေါင်း ၄၁၃ ဦးအား ချေးငွေကျပ် ၃၅၂၀ သိန်း ပေးအပ်နိုင်ခဲ့ကြောင်း၊ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအနေဖြင့် အခြေခံသမဝါယမအသင်း လေးသင်းဖြင့် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ ကြောင်း၊ ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍတွင် သတ်မှတ်စံငါးချက်နှင့်ညီညွတ်သည့် မျက်ဝန်းသစ်စာကြည့်တိုက်ကို ဖွင့်လှစ်ထားရှိပြီး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတစ်ကျောင်း၊ ထက်/လယ်/မူ ကျောင်းပေါင်း လေးကျောင်း၊ တိုက်နယ်ဆေးရုံ တစ်ရုံရှိကြောင်း၊ ကျေးလက် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် ကျေးရွာ အတွင်း အိမ်သုံးမီတာ ၁၂၁၆ လုံး၊ ပါဝါမီတာ ၄၅ လုံး တပ်ဆင်အသုံးပြုလျက်ရှိကြောင်း၊ သဘာဝ ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအနေဖြင့် လမ်းဘေးဝဲယာ ယူကလစ်စိုက်ခင်းများ၊ သစ်မာ၊ ကျွန်း၊ တမာစိုက်ခင်းများ စိုက်ပျိုးဆောင်ရွက်ထား ရှိကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍအနေဖြင့် အဓိက လမ်းမကြီးများအပြင် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်း နှစ်လမ်း လေးဖာလုံ၊ ကတ္တရာလမ်း သုံးလမ်း ၁၃ မိုင်၊ ကျောက်ချောလမ်း ခုနစ်လမ်း ၁၈ မိုင်ခန့်၊ မြေသားလမ်း ၄၉ လမ်း ၂၂ မိုင် ဆောင်ရွက်ထားရှိကြောင်း၊ စိုက်ပျိုးရေနှင့် သန့်ရှင်း သော သောက်သုံးရေရရှိရေးကဏ္ဍတွင် သဖန်းဆိပ် ရေလှောင်တမံ၊ ရွှေဘိုမြောင်းမတော် ရေသောက် စနစ်နှင့် ကိုယ့်အားကိုယ်ကိုး ဆည်သုံးခုဖြင့် စိုက်ပျိုး ရေပေးဝေလျက်ရှိပြီး သောက်သုံးရေတွင်းပေါင်း ၁၇ တွင်း၊ အဝီစိတွင်း ၅၆၈ တွင်းနှင့် ရေသန့်စက်ရုံ တစ်ရုံတို့ဖြင့် သောက်သုံးရေ ဖြန့်ဖြူးပေးလျက်ရှိ ကြောင်း၊ အုပ်ချုပ်ရေးနှင့် လူမှုရေးလုပ်ငန်းများတွင် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး ဖွင့်လှစ်ထား ရှိပြီး အုပ်ချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိကြောင်း၊ တရားဥပဒေစိုးမိုးရေးကဏ္ဍတွင် နယ်မြေ ရဲကင်းတစ်ခုရှိပြီး အမှုကြီး ၁၀ မျိုး၊ အခြားအမှု ခုနစ်မျိုး စသည့်ပြစ်မှုဖြစ်ပွားမှု နည်းပါးစေရေး အတွက် ပညာပေးခြင်း၊ စောင့်ကြပ်ထိန်းသိမ်းခြင်း များ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မေ ၃ ရက်တွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြို့ပြအသေးစား၊ အလတ်စား၊ ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍဖြစ်သော ဆင်နှစ်ကောင် စက်ရက်ကန်းစက်ရုံနှင့် ဆင်နှစ်ကောင်ရေသန့်စက်ရုံ တို့ ဆောင်ရွက်နေမှုအခြေအနေ၊ သမဝါယမ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအနေဖြင့် သရဖူလက်/စက်ရက်ကန်း ကုန်ထုတ်သမဝါယမ အသင်းလီမိတက်တွင် လုပ်ငန်းဆောင်ရွက်မှု အခြေ အနေ၊ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍဖြစ်သော ဆိပ်ခွန်အထက်တန်းကျောင်းနှင့် တိုက်နယ်ဆေးရုံတွင် ဆေးကုသဆောင်ရွက်နေမှု အခြေအနေ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍအနေဖြင့် ဇေယျာစိမ်းလန်းမြေအသင်း ဖွဲ့စည်းဆောင်ရွက်ထားရှိမှု အခြေအနေ၊ အုပ်ချုပ် ရေးနှင့် လူမှုရေးကဏ္ဍဖြစ်သော အုပ်ချုပ်ရေးမှူး ရုံးနှင့် မီးသတ်တပ်ဖွဲ့စခန်းရှိ မီးသတ်ယာဉ်များ ကြံ့ခိုင်မှုအခြေအနေ၊ စိတ္တသုခလူမှုကူညီရေး အသင်း ဆောင်ရွက်နိုင်မှုအခြေအနေတို့နှင့် တရား ဥပဒေစိုးမိုးရေးကဏ္ဍအနေဖြင့် ကျေးရွာ ရဲကင်းရှိ တပ်ဖွဲ့ဝင်များ၏ မှုခင်းကျဆင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေး ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# Air KBZ လေကြောင်းလိုင်း လေးနှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားပြုလုပ်

**ရန်ကုန် မေ ၄**


Air KBZ Limited ၏ လေးနှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို ယမန်နေ့ညနေပိုင်းက ရန်ကုန်မြို့ရှိ အင်းယားလိတ်ဟိုတယ်၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဌာန ဆိုင်ရာအကြီးအကဲများ၊ သံတမန်များ၊ Air KBZ Limited နာယက ဦးအောင်ကိုဝင်း၊ Air KBZ Limited မှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြ သည်။




အခမ်းအနားတွင် ပို့ဆောင်ရေး ဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဦးဝင်းဆွေထွန်းက အမှာ စကားပြောကြားပြီး Air KBZ Limited မှ မန်နေဂျင်းဒါရိုက်တာ ဦးမိုးဆန်းအောင်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ Air KBZ Limited ဌာနများအလိုက် အကအလှများဖြင့် ဖျော်ဖြေပြီး ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ သည်။

Air KBZ လေကြောင်းလိုင်းသည် ၂၀၁၁ ခုနှစ် မေ ၂ ရက်မှစ၍ ATR 72-500 လေယာဉ်များဖြင့် ပြည်တွင်း လေကြောင်းခရီးစဉ်များ ပျံသန်း ခဲ့ပြီး ယခုအခါ ATR 72-500 လေယာဉ် ငါးစင်း၊ ATR 72-600 လေယာဉ် သုံးစင်း စုစုပေါင်း လေယာဉ် ရှစ်စင်းဖြင့် ရန်ကုန်မြို့မှ ထားဝယ်၊ မြိတ်၊ ကော့သောင်း၊ ညောင်ဦး၊ မန္တလေး၊ ဟဲဟိုး၊ နေပြည် တော်၊ မြစ်ကြီးနား၊ကလေး၊ သံတွဲ၊ စစ်တွေ၊ လားရှိုး၊ ကျိုင်းတုံ၊ တာချီ လိတ်မြို့များသို့ နေ့စဉ်ပျံသန်း ပြေးဆွဲ လျက်ရှိသည်။ ၂၀၁၅ ခုနှစ် မေလတွင် ATR 72-600 လေယာဉ်သစ်တစ်စင်း ထပ်မံရောက်ရှိမည်ဖြစ်ပြီး ရန်ကုန်- ချင်းမိုင်-ရန်ကုန် ခရီးစဉ်ကို တိုးချဲ့ ပျံသန်းရန် စီစဉ်နေကြောင်း သိရ သည်။ **(ဖိုးသော်ဇင်)**

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက် ခိုင်သဇင်တိုက်ကျောင်း ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တခေမိန္ဒသာမိ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ပုပ္ပားရွာ ခမည်းတော် ဦးတေဇဝန်၊ မယ်တော် ဒေါ်အေးချိုတို့မှ ၁၂၉၇ ခုနှစ် တပို့တွဲလဆန်း ၁၂ ရက် တနင်္လာနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါ သည်။

**ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ရေဦးမြို့ ကမ္ဘားယံကျောင်းတိုက် ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ၁၃၁၈ ခုနှစ် တန်ခူးလဆန်း ၁၂ ရက် ရေဦးမြို့ ချမ်းသာကြီးကျောင်းတိုက်ခဏ္ဍသိမ်၌ ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စကို ဥပဇ္ဈာယ်ပြု၍ ရေဦးမြို့ ဆရာကျော်နှင့် ဒေါ်အေး မိသားစု တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူ ခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ပုပ္ပားရွာတောင်ကျောင်းဘုန်းကြီး ဦးသီလာစာရ၊ ရေဦးမြို့ ချမ်းသာကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စ၊ ကမ္ဘားယံကျောင်းဆရာတော် ဘဒ္ဒန္တသုဇနာဘိဝံသ၊မန္တလေးမြို့ မဟာဝေယံဘုံသာဆရာတော် ဘဒ္ဒန္တကလျာဏ၊ ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီးတိုက် ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏစသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများကိုဆည်းပူးတော်မူခဲ့ပြီး ဓမ္မာစရိယတန်းနှင့် ပါဠိဂုဏ်ထူး တန်းတို့ကို အောင်မြင်တော်မူခဲ့ပါသည်။

**သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ခြောက်ထပ်ကြီးဘုရားကြီးတိုက် ဂဏဝါစက စာချ၊ ပခုက္ကူမြို့ နိကာယဂဏဝါစက၊ နိကာယ် ငါးရပ်ပါဠိတော် စာမေးပွဲကြီး၌ ဥက္ကဋ္ဌ၊ စတုတ္ထအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် လည်း ကောင်း၊ ဆဋ္ဌအကြိမ်မှစ၍ ယနေ့အချိန်အထိ နိုင်ငံတော်သံဃမဟာ နာယကအဖြစ် သာသနာ့တာဝန်များကို အားပေးဆောင်ရွက်တော်မူခဲ့ပါ သည်။

**ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သော လုံ့လဝီရိယ တို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူခြင်းကြောင့် သာသနဓုရာဝဟဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့်ပြည့်စုံ တော်မူသော ဆရာတော်သည် ၂၀၀၁ ခုနှစ်တွင် နိုင်ငံတော်အစိုးရက “အဂ္ဂမဟာပဏ္ဍိတ”ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ဗုဒ္ဓသာသနာတော် တိုးတက်ပြန့်ပွားရေးကို အထူးဆောင်ရွက်တော်မူခြင်း၊ ဝိသိဋ္ဌဗုဒ္ဓသာသန ဝုဓိကရဂုဏ်၊ ဗုဒ္ဓသာသနာတော်အကျိုးစီးပွားကို အထူးဆောင်ရွက်နိုင်ခြင်း၊ ဝိသိဋ္ဌဗုဒ္ဓသာသနဟိတရေဂုဏ်၊ ဗုဒ္ဓသာသနာတော်ကို အထူးစောင့်ရှောက် တော်မူခြင်း၊ ဝိသိဋ္ဌဗုဒ္ဓသာသနာနုရက္ခိတဂုဏ်၊ သံဃာတော်များကိုထူးခြားစွာ ကြီးကဲအုပ်ချုပ်နိုင်ခြင်း၊ ဝိသိဋ္ဌမဟာနာယကဂုဏ်၊ ထူးကဲသော ဝိသိဋ္ဌသီလ၊ သမာဓိ၊ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် ၂၀၁၂ ခုနှစ်တွင် (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း အလှူခံ ရရှိတော်မူခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက် တော်မူရင်း သက်တော်(၇၉)နှစ်၊ သိက္ခာတော် (၅၉)ဝါအရ ၁၃၇၆ ခုနှစ် တန်ခူးလဆန်း ၁၃ ရက်၊ (၁-၄-၂၀၁၅ ရက်) ဗုဒ္ဓဟူးနေ့နံနက် ၁၀ နာရီခွဲအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

## ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးဟောပြော

**ဘားအံ မေ ၄**

ကရင်ပြည်နယ် ဘားအံမြို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေးရေးအဖွဲ့က သင်္ကြန်မတိုင်မီ ကြိုတင်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း(အထူး)ပညာပေးဟောပြောဆောင်ရွက်ခြင်းကို မတ် ၃၁ ရက်က ဘားအံမြို့ ကားကြီးဝင်းရှိ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား ပညာပေးဟောပြောဆောင်ရွက်ခဲ့ သည်။

အဆိုပါဟောပြောပွဲတွင် ကရင်ပြည်နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေးအရေးယူမှုဆပ်ကော်မတီဥက္ကဋ္ဌ ဒုရဲမှူးကြီး ဇော်မင်းအောင်၊ အမှတ်(၇)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူး ရုံးမှ ဒုရဲမှူး အောင်မြင့်တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအနေဖြင့် ယာဉ်မောင်း လိုင်စင်ရှိမှ မောင်းနှင်ကြရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ မောင်းနှင်ကြရန်၊ အရှိန် ပြင်းမောင်းနှင်မှုမပြုကြရန်၊ မော်တော်ဆိုင်ကယ်နှင့် ပတ်သက် ၍လည်း သင်္ကြန်ကာလအတွင်း ပါဝါအိတ်ဇောတပ်၍ လည်းကောင်း၊ အိတ်ဇောဖြုတ်၍လည်းကောင်း၊ အရက်သေစာ သောက်စား၍ လည်းကောင်း မောင်းနှင်ခြင်းမပြုကြရန် ပညာပေးဆွေးနွေးဟောပြောမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အယ်လင်း(ပြန်/ဆက်)**

# ပိုပေးရသော အဝေးပြေးလက်မှတ်ခငွေပြန်ထုတ်ပေးပြီး ပိုတောင်းသောယာဉ်လိုင်းကိုလည်းအရေးယူ

**ရန်ကုန် ဧပြီ ၄**

အဝေးပြေးခရီးသွားလက်မှတ်ခများကို သတ်မှတ်နှုန်းထားထက်ပိုယူမှုအပေါ် တိုင်ကြားလာပါက စစ်ဆေး၍ အပိုပေးခဲ့ရသောငွေများကို ပြန်ထုတ်ပေးပြီး လက်မှတ်ခပိုတောင်းသောယာဉ်လိုင်းကိုလည်း အရေးယူဆောင်ရွက်နေလျက်ရှိကြောင်း မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်က ပြောသည်။

"ပိုပေးထားရတဲ့ ငွေကို မထသ-အဝေးပြေးရဲ့ရန်ပုံငွေကနေပြန်လည်စိုက်ထုတ်ပေးလျော်တယ်။ အဲ့ဒီစိုက်ပေးထားတဲ့ငွေနဲ့ လက်မှတ်ခပိုတောင်းလို့ ဒဏ်ရိုက်တဲ့ ဒဏ်ကြေးငွေကို ယာဉ်လိုင်းက ပြန်လည်ပေးဆောင်ရတယ်" ဟု ၎င်းကရှင်းပြသည်။ ထိုသင်္ကြန်ပွဲတော်ကာလအတွင်း ပြေးဆွဲသောယာဉ်လိုင်းများအနည်းငယ်ရှိနေချိန်တွင် အချို့သော ယာဉ်လိုင်းများက အခွင့်အရေးယူကာ လက်မှတ်ခကြေးငွေကို ပိုမိုတောင်းခံမှုများရှိခဲ့သည့်အတွက် လွန်ခဲ့သော ၂၀၁၃ခုနှစ်မှစတင်ကာ တစ်နှစ်ထက်တစ်နှစ် ဖြစ်စဉ်များအပေါ် သုံးသပ်ခဲ့ပြီး ခရီးသွားများအတွက် ပိုမိုကောင်းမွန်သော စနစ်များဖြစ်စေရန် လုပ်ဆောင်ခဲ့ကြခြင်းဖြစ်သည်။

မကြာသေးခင်ကလည်း ဇီးကုန်းဘက်သွားသော နိုင်ငံ့ဝန်ထမ်းနှစ်ဦး၏လက်မှတ်ခ ပိုမိုပေးခဲ့ရသည့်အပေါ် တိုင်ကြားလာခြင်းကြောင့် အရေးယူမှုများပြုလုပ်ခဲ့ကြောင်း၊ ကြိုတင်ဝယ်ယူခဲ့ပြီးသောခရီးသွားလက်မှတ်မှ အချိန်ပြောင်းလဲသွားလာလိုသော ခရီးသွားများအတွက်လည်း မထသ(ဗဟို)က ယာဉ်လိုင်းထံမေတ္တာရပ်ခံကာ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း ၎င်းက ဆက်လက်ရှင်းပြခဲ့သည်။ ခရီးသည်များဘက်မှ တိုင်ကြားလာမှုအပေါ် တိုင်ကြားသူအပါအဝင် အဝေးပြေး(မထသ)မှ တာဝန်ရှိသူများနှင့် လက်မှတ်ခပိုတောင်းသောယာဉ်လိုင်းတို့ကို ခေါ်ယူတွေ့ဆုံစစ်ဆေး၍ အရေးယူမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

သို့ရာတွင် အချို့သော အဝေးပြေးယာဉ်လိုင်းများသည် လက်မှတ်ခငွေပိုတောင်းမှုကို ခရီးသည်ဘက်မှ အထောက်အထား မရရှိစေရန် ရည်ရွယ်၍ ကျသင့်ငွေနေရာတွင် ငွေပမာဏထည့်သွင်းခြင်းမရှိဘဲရှင်းပြီးဟူ၍သာ ရေးသားလာကြကြောင်းကိုလည်း ကိုယ်တိုင်ကြုံတွေ့သူ တစ်ဦးကပြောကြားသည်။ အချို့မှာ ယာဉ်လိုင်းဂိတ်များတွင် လက်မှတ်ကုန်ပြီ ဟုဆို၍ ပွဲစားများနှင့် ရောင်းချသော လက်တစ်လုံးခြားဆောင်ရွက်မှုများလည်းရှိနေကြောင်း ၎င်းကပင်ဆက်လက်ပြောကြားခဲ့သည်။

ယင်းနှင့်ပတ်သက်ပြီး မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်က ၁၉၆၃- ကရဖ ဥပဒေတွင် ယာဉ်စီးခပိုမတောင်းရဟူသော သတ်မှတ်ချက်ပါဝင်ပြီး စစ်ဆေးသောအဖွဲ့များက ယင်းအခြေအနေကို စစ်ဆေးဆောင်ရွက်ကြရကြောင်း၊ လက်မှတ်ခပိုတောင်းရန် ပွဲစားများဖြင့် မမှန်မကန်လုပ်ဆောင်လာမှုများလည်းရှိနိုင်သေးပြီး အတတ်နိုင်ဆုံးမှန်ကန်မှုရှိလာစေရန် ဆောင်ရွက်နေလျက်ရှိကြောင်း၊ လက်မှတ်ကြိုတင်ရောင်းချထားမှုနှင့်ပတ်သက်၍ စာရင်းများတောင်းယူကာ ယာဉ်ထွက်ခွာသည့်အခါတွင် ယင်းစာရင်းများအတိုင်းမှန်ကန်မှုရှိမရှိစစ်ဆေးဆောင်ရွက်ကာ စာရင်းနှင့်ကွဲလွဲနေပါက အရေးယူသွားရန်ရှိကြောင်း ရှင်းပြခဲ့သည်။ လွန်ခဲ့သောနှစ်ကလည်း လက်မှတ်ခငွေပိုတောင်းခြင်းကြောင့် အရေးယူလိုက်သည့် ယာဉ်စီးရေ ၁၄စီးရှိခဲ့ကြောင်းသိရသည်။

**ထက်ခိုင်(စမ်းချောင်း)**

## ခေတ်သစ်ပြည်သူ့ပါတီ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ တစ်နိုင်ငံလုံးအပစ်အခတ် တိုက်ခိုက်မှုရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကြိုးပမ်းမှုများ တိုးတက်ကောင်းမွန်လာမှုအပေါ် သဘောထားထုတ်ပြန်ချက်

(၁) ခေတ်သစ်ပြည်သူ့ပါတီသည် ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ ပြည်သူတို့၏ စီးပွားရေးကုန်လုပ်စွမ်းအားစုများ ဖွံ့ဖြိုးတိုးတက်ရေးတည်းဟူသော သုံးလွန်းတင်ဒီမိုကရေစီထူထောင်ရေးလမ်းစဉ်ကိုခံယူကျင့်သုံးသော ပါတီဖြစ်ပါသည်။

(၂) ယခုကဲ့သို့ ဒီမိုကရေစီနိုင်ငံထူထောင်ကူးပြောင်းလာသော မြန်မာနိုင်ငံတွင် ကမ္ဘာမှာသက်တမ်းအရှည်ကြာဆုံးစာရင်းဝင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခစစ်မီးလုံးဝချုပ်ငြိမ်းရေး၊ အမျိုးသားသင့်မြတ်စည်းလုံးရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီးဖြစ်ပေါ်လာရေးများကို တစ်မျိုးသားလုံးစုပေါင်းလို့လပြုကြိုးပမ်းသွားရမည့် အချိန်အခါဖြစ်ပါသည်။

(၃) ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့်တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) တို့ ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့က ကျင်းပခဲ့သည့် အစည်းအဝေးတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (Nationwide Ceasefire Agreement-NCA) ချုပ်ဆိုနိုင်ရေးအတွက် NCA စာချုပ်၏ နောက်ဆုံးမူကြမ်းတွင်ပါဝင်သည့် အချက်အားလုံးကို နှစ်ဖက်သဘောတူညီမှု ရရှိခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။ ပါတီ၏ ငါးနှစ်မြောက် နှစ်ပတ်လည်နေ့တွင်လည်း ပါတီ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီနှင့် ပါတီကော်မတီများ၊ ပါတီဝင်များက တစ်ခဲနက်ဂုဏ်ပြုကြိုဆိုခဲ့ကြပါသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးခေတ်တစ်လျှောက်လုံး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကြိုးပမ်းမှုသမိုင်းတွင် ယခုကဲ့သို့ အခြေခံအဆင့် အောင်မြင်မှုများရရှိလာခြင်းသည် ပထမဆုံးသမိုင်းဝင်အောင်မြင်မှုပင်ဖြစ်ပါသည်။

(၄) အဆိုးဆုံးအခြေအနေများကို အကောင်းဆုံးဖြစ်လာစေရန် စစ်မက်ဖြစ်ပွားနေသော အခြေအနေများကို ငြိမ်းချမ်းရေးရလာစေရန် အောင်မြင်စွာ ကြိုးပမ်းနိုင်သော အစိုးရများ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးခေါင်းဆောင်များကသာ ပြည်သူလူထု၏ ကြည်ညိုလေးစားအားထားယုံကြည်မှုကို ရရှိကြမြဲဖြစ်ပါသည်။

(၅) တိုင်းရင်းသားပြည်သူလူထုအကျိုးစီးပွား ဦးထိပ်ထားလျက် စစ်သည်သေခြင်းတရားကဲ့သို့ ရှောင်လွှဲ၍ မရသော အရာမဟုတ်။ ကောင်းသောစစ်နှင့် ဆိုးသောငြိမ်းချမ်းရေးဟူ၍ မရှိနိုင်။ ရန်သူပင်ဖြစ်ပါစေ။ မတရားမလုပ်စတမ်း။ အမှားကြုံတွေ့ရခြင်းသည် ကျရှုံးမှုမဟုတ်။ အမှားကိုပြင်ရန် ငြင်းပယ်ခြင်းကသာ ကျရှုံးမှုဖြစ်သည်။ မိမိအမှားကိုဝန်ခံရဲသောသတ္တိသည် အညံ့ခံခြင်း၊ ကျရှုံးခြင်းမဟုတ်။ အနိုင်ရခြင်း၊ အောင်မြင်ခြင်းသာ ဖြစ်သည်ဆိုသော မွန်မြတ်သည့် ခံယူချက်ဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပြည်တွင်းငြိမ်းချမ်းရေးကို ကြိုးပမ်းသွားမည်ဆိုပါက မလွဲဧကန်အမှန်ပင် အောင်မြင်ရမည်ဖြစ်ပါသည်။

(၆) ထို့ကြောင့်ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ UPWC နှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့ NCCT တို့အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲကျင်းပရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးမှသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သောပြည်ထောင်စုကြီးဖြစ်ပေါ်လာရေးကို မဖြစ်မနေမဆုတ်မနစ်ဆက်လက်ကြိုးပမ်းသွားကြရန်နှင့် တိုင်းရင်းသားပြည်သူအပေါင်းတို့ကလည်း စုပေါင်းလို့လပြုထောက်ခံအားပေးသွားကြပါရန် တိုက်တွန်းထုတ်ပြန်အပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**ခေတ်သစ်ပြည်သူ့ပါတီ(ဗဟိုရုံးချုပ်)**

## မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်မူကြမ်းသဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် ဂုဏ်ပြုကြေညာချက်

ရက်စွဲ။ ၂၀၁၅ ခုနှစ်၊ ဧပြီလ (၃) ရက်

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) အတည်ပြုမူကြမ်းကို ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့က နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၏ ရှေ့မှောက်တွင် ပဏာမလက်မှတ်ရေးထိုးနိုင်ခဲ့သည့်အပေါ် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်(MTF)နှင့် ညီနောင်အသင်းများမှ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း အပြန်အလှန် ကူးလူးသွားလာခြင်းဖြင့် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို တိုးပွားစေခြင်း၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အပြန်အလှန်ကူးလူးဆက်သွယ်ခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး ပိုမိုရင်းနှီးနားလည်မှုများရရှိစေပြီး ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းရေရှည်တည်တံ့ခိုင်မြဲခြင်းကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။ သို့ပါ၍ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်အထိ ၁၆ လတိုင်တိုင် ညှိနှိုင်းဆွေးနွေးခဲ့ပြီး အတည်ပြုနိုင်ခဲ့သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ကို နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များ နေပြည်တော်တွင်လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းနှင့် တစ်နိုင်ငံလုံးငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားခေါင်းဆောင်များအား မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ မြန်မာပြည်သူပြည်သားများနှင့် ထပ်တူထပ်မျှ အထူးဝမ်းမြောက်ဂုဏ်ပြုအပ်ပါသည်။

**ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများ**


# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့(NCCT) တို့၏ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ်မူကြမ်း (National Ceasefire Agreement-NCA) ကို ၂၀၁၅ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့တွင် နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ရေးအား အထူးအရေးပါသည့် ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်ရောင်ခြည်အလင်းတန်းများပေါ်ထွက်လာအောင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ် ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့(NCCT)တို့ကိုလည်း Asia World Foundation မှ ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း။

ASIA WORLD FOUNDATION

# ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

၂၂။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များ မနုတ်မီ ပြည်ပနေ နိုင်ငံခြားသား၏လစာခေါင်းစဉ်မှအပဖြစ်သည့် ဝင်ငွေဖြစ်ပါက စုစုပေါင်းဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ လစာခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက စုစုပေါင်းဝင်ငွေအပေါ် ဤဥပဒေ ပုဒ်မ ၁၉ ပါ ဝင်ငွေ ခွန်နှုန်းဖြင့်လည်းကောင်း ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၃။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်းဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ယင်းလုပ်ငန်း၏ စုစုပေါင်း အသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၄။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များ မနုတ်မီ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။ သို့ရာတွင် နိုင်ငံသား မည်သူမဆို အခြေပစ္စည်းတစ်ရပ်ရပ်ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့်လုပ်ငန်းအသစ်တည်ထောင်ခြင်း၊ လုပ်ငန်းထပ်မံတိုးချဲ့ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသည့်ဝင်ငွေမှ ဝင်ငွေရလမ်းတင်ပြနိုင်သည့်ဝင်ငွေရှိပါက ယင်းဝင်ငွေအားနုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေအပေါ်တွင်လည်းကောင်း၊ ဝင်ငွေရလမ်းတင်ပြနိုင်ခြင်းမရှိပါက အသုံးပြုသည့်ဝင်ငွေအပေါ်တွင်လည်းကောင်း အောက်ဖော်ပြပါအခွန်နှုန်းထားအတိုင်း ဝင်ငွေခွန် စည်းကြပ်ရမည်။ အသုံးပြုသည့် ဝင်ငွေအားလုံးအပေါ် ဝင်ငွေရလမ်းအတိအကျ တင်ပြနိုင်ပါက ဝင်ငွေခွန် ထမ်းဆောင်ရန်မလိုပါ။ ဤပုဒ်မအရ အခွန်စည်းကြပ်ခြင်းသည် တရားမဝင် ရရှိသည့် ပစ္စည်းများပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့်လည်း ကောင်း၊ ငွေ ကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူသည့်ကိစ္စရပ်များ နှင့်လည်းကောင်း သက်ဆိုင်ခြင်း မရှိစေရ-

| စဉ် | ဝင်ငွေ(ကျပ်) | ဝင်ငွေခွန်နှုန်း |
|---|---|---|
| (က) | ၁-၁၀၀၀,၀၀,၀၀၀ | ၃% |
| (ခ) | ၁၀၀၀,၀၀,၀၀၁-၅၀၀၀,၀၀,၀၀၀ | ၅% |
| (ဂ) | ၅၀၀၀,၀၀,၀၀၁-၁၀၀၀၀,၀၀,၀၀၀ | ၁၀% |
| (ဃ) | ၁၀၀၀၀,၀၀,၀၀၁-၁၅၀၀၀,၀၀,၀၀၀ | ၂၀% |
| (င) | ၁၅၀၀၀,၀၀,၀၀၁နှင့်အထက် | ၃၀% |

၂၅။ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမအသင်းများ၏ အသားတင် အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၆။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ စုစုပေါင်းအသားတင်အမြတ် ဝင်ငွေအပေါ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၇။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေရရှိလျှင် ထိုသို့ မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ပုဒ်မ ၆-က အရ သက်သာခွင့်များ မနုတ်မီ -

(က) မြန်မာနိုင်ငံ၏ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပါကအောက်တွင် မြတ်စွန်းငွေနှင့်ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်းရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်-

| | မြတ်စွန်းငွေ | ပေးဆောင်ရမည့် ဝင်ငွေခွန်နှုန်း |
|---|---|---|
| (၁) | ညီမျှကျပ် သန်းပေါင်း(၁၀၀,၀၀၀)အထိ | ၄၀ % |
| (၂) | ညီမျှကျပ် သန်းပေါင်း (၁၀၀,၀၀၁) မှ (၁၅၀,၀၀၀) အထိ | ၄၅ % |
| (၃) | ညီမျှကျပ် သန်းပေါင်း (၁၅၀,၀၀၁)နှင့်အထက် | ၅၀ % |

(ခ) တစ်ဦးချင်း ပုဂ္ဂိုလ်နှင့် မြန်မာနိုင်ငံ၏ရေနံနှင့်သဘာဝဓာတ်ငွေ့ ကဏ္ဍတွင် ပါဝင်လုပ်ကိုင်သောကုမ္ပဏီမှအပဖြစ်သည့် ပုဂ္ဂိုလ်စုများဖြစ်ပါက မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေ အပေါ် ၁၀ ရာခိုင်နှုန်းဖြင့်ဝင်ငွေခွန် စည်းကြပ်ရမည်။ ပြည်ပနေ နိုင်ငံခြားသားဖြစ်ပါက ကျသင့်အခွန်ကိုရရှိသည့် ငွေကြေးအမျိုး အစားဖြင့် ပေးဆောင်ရမည်။

၂၈။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် နှစ်တစ်နှစ်အတွင်း အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည် ကျပ်သိန်း၁၀၀ ထက် မပိုလျှင် အခြေပစ္စည်းမှ မြတ်စွန်းငွေ ပေါ်ပေါက်စေကာမူ ဝင်ငွေခွန် စည်းကြပ်ခြင်း မပြုရ။

၂၉။ အသစ်ထူထောင်သော စက်မှုလက်မှုကို အခြေခံသည့် အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် လုပ်ငန်းစတင်သော နှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်အတွင်းဝင်ငွေ ကျပ်သိန်း ၁၀၀ထိဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါ ဝင်ငွေထက်ပိုမိုရရှိပါက ပိုမိုရရှိသည့်ဝင်ငွေအပေါ်တွင်သာ ဝင်ငွေခွန် စည်းကြပ်ရမည်။

၃၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁) နှင့် (၂) တို့အရ အခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့်ညီမျှသောငွေဖြစ်ရမည်။ သို့ရာတွင် တစ်နှစ်အတွက် အခြေခံ သက်သာခွင့် ခွင့်ပြုငွေ စုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက် မပိုစေရ။

၃၁။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)တွင် အတူနေမိဘအတွက် ခွင့်ပြုငွေကို ဖြည့်စွက်လျက် အောက်ပါသက်သာခွင့်ခွင့်ပြုငွေကို ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် (၂) ပါတစ်ဦးချင်းပုဂ္ဂိုလ်၏ စုစုပေါင်းဝင်ငွေမှ နုတ်ပယ်၍ ကျန်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းကြပ်ရမည်-

(က) အတူနေ မိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ၊
(ခ) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၁၀ သိန်း၊
(ဂ) သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ။

၃၂။ အခြေပစ္စည်းမှ မြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေ ခေါင်းစဉ်များ အတွက် နိုင်ငံခြားငွေဖြင့်ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါပြဋ္ဌာန်းချက်နှင့်အညီတွက်ချက်၍ ပြည်တွင်းနေ နိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားဖြစ်ပါက ကျပ်ငွေဖြင့်လည်းကောင်း၊ ပြည်ပနေ နိုင်ငံခြားသားဖြစ်ပါက ရရှိသည့်ငွေကြေးအမျိုးအစားဖြင့်လည်း ကောင်း ဝင်ငွေခွန်ပေးဆောင်ရမည်။

၃၃။ အောက်ဖော်ပြပါ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်အပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည် -

(က) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ ဥပဒေအရ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ ဝင်ငွေနှစ်အတွင်းဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၏ ကျပ်သိန်း ၁၀၀ အထိ၊
(ခ) တရားမဝင်ပစ္စည်းများဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ ဝင်ငွေနှစ်အတွင်းဆုငွေကို တစ်ကြိမ်တည်း ရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်း ဝင်ငွေ၏ ကျပ်သိန်း ၁၀၀ အထိ၊
(ဂ) နိုင်ငံတော်မှ ချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးတံဆိပ်များနှင့်အတူ ရရှိသည့် ချီးမြှင့်ငွေများ၊
(ဃ) ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင် နိုင်ငံခြားငွေဖြင့် ရရှိသော လစာခေါင်းစဉ်မှဝင်ငွေ၊
(င) နိုင်ငံ့ဝန်ထမ်း အငြိမ်းစားယူသည့်အခါ ရရှိသည့်ပင်စင်နှင့် ဂရုဏာကြေး၊
(စ) အစိုးရအောင်ဘာလေ သိန်းဆု ဆုမဲမှ ထုတ်ယူရရှိငွေ။

၃၄။ ဤဥပဒေ အခန်း (၆) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဝင်ငွေခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

**အခန်း(၇)**

**အခြားအခွန်အကောက်ဆိုင်ရာ ကောက်ခံရမည့် နှုန်းထားများ**

၃၅။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါ အခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့်နှုန်းထားများ၊ ကင်းလွတ်ခွင့်၊ သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည်-

(က) ယစ်မျိုးခွန်၊
(ခ) သွင်းကုန်အတွက် လိုင်စင်ခများ၊
(ဂ) မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု၊
(ဃ) သယ်ယူပို့ဆောင်ရေးအခွန်၊
(င) တံဆိပ်ခေါင်းခွန်၊
(စ) အကောက်ခွန်၊
(ဆ) မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊
(ဇ) ရေခွန်၊
(ဈ) တာတမံခွန်၊
(ည) သစ်တောများမှပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်၊
(ဋ) ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်၊
(ဌ) အင်းအိုင်ခွန်၊
(ဍ) ကြက်ပေါင်စေးအပေါ်တွင် ကောက်ခံသည့်အခွန်၊
(ဎ) ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်၊
(ဏ) ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊
(တ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံ သည့် အခွန်အကောက်၊
(ထ) လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန် အကောက်။

၃၆။ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာ အရိုင်းထည်များတူးဖော်ထုတ်လုပ်ခြင်း၊ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာများထုတ်လုပ်ခြင်း၊ဝယ်ယူရောင်းချခြင်း လုပ်ငန်းတို့သည်-

(က) ကျောက်မျက်ရတနာ သို့မဟုတ် လက်ဝတ်ရတနာများကို ကျပ်ဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့် ဖြစ်စေ ရောင်းချရရှိသည့် ရောင်းရငွေ အပေါ်တွင် ဤဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၁၄ တို့ပါ အခွန်နှုန်းများအတိုင်း ကုန်သွယ်လုပ်ငန်းခွန်ထမ်းဆောင်ရမည်။
(ခ) ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်သည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။
(ဂ) ဝင်ငွေနှစ်အတွင်းရရှိသည့် စုစုပေါင်းအသားတင်အမြတ်ဝင်ငွေ အပေါ်တွင် ဤဥပဒေပါ ဝင်ငွေခွန်နှုန်းထားများအတိုင်း ဝင်ငွေ ခွန်ထမ်းဆောင်ရမည်။

**အခန်း(၈)**

**အထွေထွေ**

၃၇။ ပြည်ထောင်စုအစိုးရသည် လိုအပ်ပါက အခွန်ကောက်ခံမှု အထောက် အကူပြု အဖွဲ့များကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက် စေနိုင်သည်။

၃၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း ထုတ်လုပ်သည့် ကုန်စည်များနှင့် ပြည်ပမှ တင်သွင်းသည့် ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက်လည်းကောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှု လုပ်ငန်းများကို အဓိက မှီတည်ဆောင်ရွက်နေရသည့် ပြည်တွင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ နိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းတိုးတက်လာစေရန်လည်းကောင်း နိုင်ငံတော်မှပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ အောက်ပါတို့ကို ဆောင်ရွက်ပေးရမည်-

(က) ကုန်စည်များတင်သွင်းခွင့်ပြုသည့် ပမာဏ၊ အကောက်ခွန်နှုန်းထား များနှင့်စပ်လျဉ်း၍ကမ္ဘာ့ကုန်သွယ်ရေးနှင့် အာဆီယံကုန်သွယ် ရေးဆိုင်ရာ သဘောတူစာချုပ်များ မူဘောင်အတွင်းမှ အာဆီယံ ဒေသတွင်း နိုင်ငံများနည်းတူ အမြင့်ဆုံးရရှိနိုင်သည့် အခွင့်အရေး၊ သက်သာခွင့်များ ရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်း၊
(ခ) အကောက်ခွန်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ၊ ပို့ကုန်သွင်း ကုန်ခွင့်ပြုခြင်းနှင့် ခွဲတမ်းသတ်မှတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ် နည်း ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ လိုအပ်သည့်အစီအမံများကို ဆောင်ရွက်ပေးခြင်း။

၃၉။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေ နှင့်အညီ အခွန်ပေးဆောင်လာစေရေးအတွက် ပြည်သူများသို့ အခွန်ပညာ ပေးခြင်း၊ စည်းရုံးခြင်း၊ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာ သက်သာ ခွင့် ကင်းလွတ်ခွင့်များကို ပြည်သူများအားအသိပေးခြင်း၊ သက်သာခွင့်များ နှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာ တာဝန်ကျေပွန်သည့် အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်း၊ ထိုက်သင့်သော ချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်း ပြုလုပ်ပေးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

(ဇယား-၁)

**၂၀၁၅ - ၂၀၁၆ ခု ဘဏ္ဍာရေးနှစ်**
**ပြည်ထောင်စု၏ အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်**

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ခံ ဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၁၅- ၂၀၁၆ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၂၅၇၉၉၉၃. ၁၄၉** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၉၁၇. ၇၉၄ |
| | ၂ | ဘဏ္ဍာရေးဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၂၃၂၄၅၆၅. ၃၅၅ |
| | ၃ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | သွင်းကုန်အတွက် လိုင်စင်ခများ၊ | ၆၅၀၀. ၀၀၀ |
| | ၄ | ဘဏ္ဍာရေးဝန်ကြီးဌာန | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊ | ၃၀၀၀၀. ၀၀၀ |
| | ၅ | ရထားပို့ဆောင်ရေးဝန်ကြီးဌာန | သယ်ယူပို့ဆောင်ရေးအခွန်၊ | ၁၈၅၃၀၀. ၀၀၀ |
| | ၆ | ဘဏ္ဍာရေးဝန်ကြီးဌာန | တံဆိပ်ခေါင်းခွန်၊ | ၃၂၇၁၀. ၀၀၀ |
| ၂ | | | **ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၂၁၃၅၄၃၄. ၆၄၅** |
| | ၁ | ဘဏ္ဍာရေးဝန်ကြီးဌာန | ဝင်ငွေခွန် | ၂၁၃၅၄၃၄. ၆၄၅ |
| ၃ | | | **အကောက်ခွန်** | **၃၇၅၀၀၀. ၀၀၀** |
| | ၁ | ဘဏ္ဍာရေးဝန်ကြီးဌာန | အကောက်ခွန် | ၃၇၅၀၀၀. ၀၀၀ |

စာမျက်နှာ ၁၆ သို့

စာမျက်နှာ ၁၅ မှ

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ခံ ဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၁၅- ၂၀၁၆ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၄ | | | **နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၈၅၇၉၄၇. ၃၅၈** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊ | ၀. ၈၇၃ |
| | ၂ | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ရေခွန်၊ | ၁၀၁. ၀၂၃ |
| | ၃ | ပြည်ထဲရေးဝန်ကြီးဌာန | တာတမံခွန်၊ | ၀. ၀၂၅ |
| | ၄ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန | သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ | ၁၂၇၂. ၉၃၇ |
| | ၅ | ပြည်ထဲရေးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ | ၅. ၁၅၀ |
| | ၆ | မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန | အင်းအိုင်ခွန်၊ | ၁၁၀၃. ၈၀၀ |
| | ၇ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန | ကြက်ပေါင်စေးအပေါ်တွင် ကောက်ခံသည့်အခွန်၊ | ၀. ၅၀၀ |
| | ၈ | စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ | ၃၀၆၃၁၁. ၀၅၀ |
| | ၉ | သတ္တုတွင်းဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊ | ၉၃၉၀. ၀၀၀ |
| | ၁၀ | ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာ ဝန်ကြီးဌာန | ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အကောက်၊ | ၅၂၉၈၈၀. ၀၀၀ |
| | ၁၁ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်အကောက်၊ | ၉၈၈၂. ၀၀၀ |
| | | | **စုစုပေါင်း** | **၅၉၄၈၃၇၅. ၁၅၂** |

# ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၈ ။)**
**၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်**
**(၂၀၁၅ ခုနှစ်၊ ဧပြီလ ၂ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစ၍ အကျိုးသက်ရောက်စေရမည်။

၃။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၂၁ တွင်-

(က) "သတ်မှတ်ရာခိုင်နှုန်းအတိုင်း"ဆိုသည့် စကားရပ်အစား"သတ်မှတ်ရာခိုင်နှုန်း သို့မဟုတ် သတ်မှတ်ငွေပမာဏအတိုင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"( စ ) ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်းအထောက်အထားကို ထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း သို့မဟုတ် ပြေစာအား ထုတ်ပေးသော်လည်း စည်းမျဉ်းများဖြင့် သတ်မှတ်ထားသော ကျသင့်အခွန်တန်ဖိုးအတိုင်း အခွန်အမှတ် တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့ကို မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက ယင်းသို့ ပျက်ကွက်ခြင်းအတွက် ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားတန်ဖိုးအပေါ် ကျသင့်အခွန်၏ တစ်ရာ ရာခိုင်နှုန်း ပေးဆောင်စေရမည့်အပြင် ဘဏ္ဍာရေးနှစ် တစ်နှစ်အတွင်း ပျက်ကွက်မှု အကြိမ်အလိုက် အောက်ပါငွေပမာဏကိုပါ ပေးဆောင်စေရမည်-

(၁) ပထမအကြိမ်ပျက်ကွက်ခြင်းအတွက်ကျပ်နှစ်သိန်း၊
(၂) ဒုတိယအကြိမ်ပျက်ကွက်ခြင်းအတွက်ကျပ်ငါးသိန်း၊
(၃) တတိယအကြိမ် ပျက်ကွက်ခြင်းအတွက် ကျပ်ခုနစ်သိန်း၊
(၄) တတိယအကြိမ်အထက် ပျက်ကွက်ခြင်းအတွက် တစ်ကြိမ်လျှင်ကျပ်တစ်ဆယ်သိန်း။"

၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၂၃၊ ပုဒ်မခွဲ (ဃ) နောက်တွင် ပုဒ်မခွဲ (င)ကို အောက်ပါ အတိုင်း ဖြည့်စွက်ရမည်-

"( င ) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လုံလောက်သော အကြောင်းမရှိဘဲ လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်ခြင်း။"

၅။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၃၃ ၏ နောက်တွင် ပုဒ်မ ၃၄ ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၃၄။ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကို ထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း၊ ပြေစာအား ထုတ်ပေးသော်လည်း ကျသင့်အခွန် တန်ဖိုးနှင့်ညီမျှသော အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့အတွက် အထောက်အထားဖြင့် သတင်းပေးတင်ပြသူအား ပုဒ်မ ၂၁၊ ပုဒ်မခွဲ(စ)အရ ကျသင့်အခွန်၏ တစ်ရာ ရာခိုင်နှုန်းဖြစ်သော ဒဏ်ငွေ၏ တစ်ဆယ် ရာခိုင်နှုန်းအပြင် အကြိမ်အလိုက် ပျက်ကွက်ခြင်းအတွက် ဒဏ်တပ်ရိုက်သည့် ဒဏ်ငွေ၏ တစ်ဆယ်ရာခိုင်နှုန်းကို ဆုကြေးအဖြစ် ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူ မည်သူဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ဖော်ထုတ်ခြင်း မပြုရ။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**


## ဖြူးမဟာစည် (ရန်ကုန်)
## (၃၁)ကြိမ်မြောက်မဟာသင်္ကြန်ကာလနွေရာသီတရားစခန်းဖွင့်မည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ကမာရွတ်ဘူတာရုံအနီး၊ ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်အတွင်း၌ ကျေးဇူးတော်ရှင် ဖြူးဆရာတော်ကြီး မိန့်မြွက်ထားရှိတော်မူခဲ့သော ဩဝါဒဆန္ဒတော်များကို ဦးထိပ်ပန်ဆင်လျက် နှစ်စဉ်ကျင်းပမြဲဖြစ်သော နွေရာသီ မဟာစည်သတိပဋ္ဌာန်ဝိပဿနာ (၁၅)ရက် အထူးတရားစခန်းပွဲကြီးကို ၁၃၇၆ခုနှစ်၊ တန်ခူးလပြည့်ကျော်(၉)ရက်မှ ကဆုန်လဆန်း(၉)ရက်အထိ ၁၂-၄-၂၀၁၅မှ ၂၆-၄-၂၀၁၅ရက်အထိ ဖြူးမဟာစည်ရိပ်သာများနှင့် ရတနာစိန်စည် ပရိယတ္တိစာသင်တိုက်တို့၏ ပဓာနနာယက ဆရာတော်ဒေါက်တာ ဘဒ္ဒန္တအဂ္ဂဝရ **M.A, Ph.D,** နိုင်ငံတော်-ဓမ္မကထိက ဗဟုဇနဟိတရေ၊ ပြည်တွင်းပြည်ပ မဟာစည်နာယက၊ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ နယ်လှည့်သာသနာပြု ဓမ္မကထိက ဦးဆောင်၍ ဖြူးဆရာတော်၏ တပည့်ဓမ္မကထိက သံဃာတော်များက ဟောကြားပြသမည်ဖြစ်ရာ တရားစခန်း ဝင်ရောက်အားထုတ်လိုသူများ ကြိုတင်စာရင်းပေးသွင်းရန်နှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ညနေအချိုရည်၊ ဆွမ်းပဒေသာပင်၊ မီး၊ ရေ၊ ဝေယျာဝစ္စ ဓမ္မပူဇာလှူဒါန်းလိုသူများသည် ကျောင်းအကျိုးတော်ဆောင်အဖွဲ့

ဖုန်း-၀၁-၅၃၀၀၆၈၊၅၃၀၁၁၃၊၀၉-၅၀၁၇၅၅၄သို့ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

WE CARE YOUR TRIP
THE LINS
Travels & Tours Co., Ltd

အမှတ်(၄၇) မြေညီထပ်၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
PH : 01-296531, 01-201784, 01-201785, 09-73006060,09-250358089

ဘာလီ (အင်ဒိုနီးရှား) ခရီးစဉ် ......... ၃ ညအိပ်–၄ ရက်/ ၄ ညအိပ် – ၅ ရက်
ဟိုချီမင်း + ဟနွိုင်း ခရီးစဉ် ......... ၄ ညအိပ်–၅ ရက်/ ၅ ညအိပ် – ၆ ရက်
ကမ္ဘောဒီးယား ခရီးစဉ် ......... ၃ ညအိပ်–၄ ရက်/ ၄ ညအိပ် – ၅ ရက်
ဖူကက် ခရီးစဉ် ......... ၃ ညအိပ်–၄ ရက်
ဘန်ကောက် ခရီးစဉ် ......... ၃ ညအိပ်–၄ ရက်
ဘန်ကောက်–ပတ္တရား ခရီးစဉ် ......... ၄ ညအိပ်–၅ ရက်
ဘန်ကောက် –အယုဒ္ဒယ ခရီးစဉ် ......... ၃ ညအိပ်–၄ ရက်
ဘန်ကောက် – ဖူခက် ခရီးစဉ် ......... ၆ ညအိပ်–၇ ရက်

ချောင်းသာခရီးစဉ်
၃ ည-၂ ရက် April -30
76000 စရိတ်ငြိမ်း

တောင်ကြီး – အင်းလေး – ပင်းတယ – ကလော
မန္တလေး – မင်းကွန်း – စစ်ကိုင်း – ပြင်ဦးလွင်
ငွေဆောင် / ချောင်းသာ / ပေလီ

the bookhouse စာအုပ်တိုက် သကြံန်အကြိုစာအုပ်အရောင်းပွဲ
၂၀၁၅ခုနှစ်၊ ဧပြီ ၁ရက်မှ ၁၀ရက်နေ့အထိ (၁၅% အထူးလျှော့ဈေးနှုန်း)
09-970738634
09-73085550
09-30232320
ရန်ကုန်မြို့
ပါရမီစာပေ၊ စာပေလောက(၂)၊ စာပေလောက(၅)၊ စာပေလောက(၇)၊ စာပေလောက(၈)၊ စာပေလောက(လှည်းတန်း)၊ စာပေလောက(ကျောက်မြောင်း)၊ ကျော်သိန်းစာပေ၊ အင်းဝစာအုပ်ဆိုင်(ပန်းဆိုးတန်း)၊ အင်းဝစာအုပ်ဆိုင်(လှည်းတန်း)၊ ကိုလတ်(၃၁လမ်း)၊ အလင်းချစ်သူ(ကျောက်မြောင်း)၊ အာရုဏ်သစ်(ဗိုလ်ချုပ်)၊ The Last Leaf , Asia Light နှင့် နတ်မိမယ်စာပေ(နေပြည်တော်)
the bookhouse

ရွှေထိပ်တန်း ✻ ချောင်းသာ(နေ့စဉ်)
✦ ရွှေစက်တော်၊ အလောင်းတော်ကဿပ
✦ ရွှေစက်တော်၊ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး
✦ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်းလှိုဏ်ဂူ
✦ အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်
ကျိုက်ထီးရိုး (နေ့စဉ်)
ငွေဆောင် (ဆောကြာ)
စီးလုံးငှားလက်ခံသည်
သင်္ကြန်တွင်း ပိတ်ရက်မရှိပါ
ကြိုတင်လက်မှတ်ရောင်းပြီ
01-701015,01-710436,09-5403844,09-5044830


**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်(၇/B)၊ မြေကွက်အမှတ်(၁၃/ခ^၇)၊ ဧရိယာ (၀. ၀၅၅)ဧက၊ မြေကွက်တည်နေရာအမှတ်(၅၃၆/ဒီ)၊ အဝေရာလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်၊ ဦးဇော်မင်း အမည်ပေါက်၊ B-လ/န(၃၉)ရပြီးမြေအား အမည်ပေါက် ဦးဇော်မင်းကွယ်လွန်၊ ဇနီး ဒေါ်စန်းရှင် ကွယ်လွန်သဖြင့် (၁)ဒေါ်သီတာဝင်း[၁၂/အစန(နိုင်)၁၃၈၈၅၆]၊ (၂)ဦးဝင်းဇော်[၁၂/အစန (နိုင်)၁၃၈၈၅၅]၊ (၃)ဦးမြင့်သူ[၁၂/အစန(နိုင်)၁၃၉၀၃၅]တို့ကသား/သမီးများတော်စပ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။


မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ


အတ်တိုလို အဆင့်မြင့် ခရီးသွားကုမ္ပဏီ
စစ်တွေ–မြောက်ဦး–ငပလီ ဧပြီလ ၁၂ရက်
ထားဝယ်–မောင်းမကန်–ကန်ချနာဘူရီ ဧပြီလ ၁၂ရက်
01-389187, 09-32109138, 09-795418474


တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

# တစ်ပတ်အတွင်း ထူးခြားသတင်းပုံရိပ်များ

*မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့် နိုင်ငံတကာအရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ ထိုသို့ လေ့လာနေမှသာလျှင် နိုင်ငံတကာအခင်းအကျင်းများမှ ရယူသင့်သော သင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ်များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာဖြစ်စဉ်များကို ခြုံငုံသိရှိနိုင်စေရန်အတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နိုင်ငံတကာသတင်း ပုံရိပ်များကို ဖော်ပြပေးလိုက်ပါသည်။ (စာတည်း)*




**ကိုရင်ပြ**

## ခေတ်သစ်ပိုးလမ်းမစီမံကိန်းများ

တရုတ်နိုင်ငံနှင့်ခေတ်သစ်ပိုးလမ်းမနိုင်ငံများအကြား ကုန်သွယ်မှုသည် ဆယ်စုနှစ်တစ်ခုတာကာလအတွင်း တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ထရီလီယံ အထိ ရောက်ရှိလာမည်ဟု မျှော်မှန်းကြောင်း သမ္မတ ရှီကျင့်ဖျင်က တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ် ဘိုအောမြို့၌ မတ်လကုန်က ကျင်းပသော ဖိုရမ်ဆွေးနွေးပွဲသို့ တက်ရောက်ကြသည့် ဒေသဆိုင်ရာ ကုမ္ပဏီ ၄၀ မှ အကြီးအကဲများအား တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

ခေတ်သစ်ပိုးလမ်းမထူထောင်ရေးစီမံကိန်းအရ ဒေသဆိုင်ရာ ကုန်သွယ်ရေးလုပ်ငန်းများ အလုံးအရင်းဖြင့် တိုးတက်လာမည်ဟု တရုတ်နိုင်ငံက မျှော်လင့်သည်။ တရုတ်နိုင်ငံသို့ လာရောက်ကာ ရင်းနှီးမြှုပ်နှံလျက်ရှိကြသော နိုင်ငံခြားကုမ္ပဏီများ၏ အကျိုးစီးပွားများကိုလည်း ကာကွယ်စောင့်ရှောက်ပေးပါမည်ဟု သမ္မတရှီကျင့်ဖျင်က ဆိုသည်။

ပိုးလမ်းမစီးပွားရေးရပ်ဝန်း (Silk Road Economic Belt) နှင့် ၂၁ ရာစု ပင်လယ်ရေကြောင်းပိုးလမ်းမ (21st CenturyMaritime Silk Road) တို့မှာ တရုတ်အစိုးရက အဆိုပြုထားသော ခေတ်သစ်ပိုးလမ်းမစီမံကိန်းသစ်နှစ်ရပ်အဖြစ်တွေ့ရှိရသည်။

“ရပ်ဝန်းတစ်ခု၊ လမ်းတစ်လမ်း” (One Belt,One Road)ဟု အမည်ပေးထားသော ခေတ်သစ်ပိုးလမ်းအစီအစဉ်တွင် ပါဝင်ရန် စိတ်ဝင်စားမှုရှိသည့် နိုင်ငံပေါင်း ၅၀ ကျော်ရှိသည်ဟု တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ကျောက်ဟွေချန်းက ပြောကြားခဲ့သည်။

“ရပ်ဝန်းတစ်ခု၊ လမ်းတစ်လမ်း”အစီအစဉ်တွင် အာရှ၊ ဥရောပနှင့် အာဖရိကတိုက်တို့ အကျုံးဝင်ပါရှိသည်။ အာရှကျားများတည်ရာ အရှေ့အာရှဒေသစီးပွားရေးရပ်ဝန်းကို ဖွံ့ဖြိုးပြီး ဥရောပစီးပွားရေးရပ်ဝန်းနှင့် ချိတ်ဆက်ရန် မျှော်မှန်းသည်။

ပိုးလမ်းမ စီးပွားရေးရပ်ဝန်းတွင် တရုတ်၊ အာရှအလယ်ပိုင်းဒေသ၊ ရုရှားနှင့်ဥရောပ(ဘောလ်တစ်နိုင်ငံများ) ပါဝင်နေပြီး အာရှအလယ်ပိုင်းနှင့်အာရှအနောက်ပိုင်းဒေသတို့မှတစ်ဆင့် ပါရှန်ပင်လယ်ကွေ့နှင့် မြေထဲပင်လယ်တို့ မှတစ်ဆင့် တရုတ်နိုင်ငံနှင့် ချိတ်ဆက်မည်ဖြစ်သည်။ ၎င်းအပြင် အရှေ့တောင်အာရှ၊ တောင်အာရှနှင့်အိန္ဒိယသမုဒ္ဒရာဒေသတို့သည် တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုတို့အရ ရွှေလမ်းငွေလမ်းဖောက်လာနိုင်မည်။

အာရှအလယ်ပိုင်းဒေသကို ဖြတ်သန်းကာ မြေထဲပင်လယ်ဒေသအထိ ခရီးပေါက်ခဲ့သော ရှေးဟောင်း ပိုးလမ်းမသည် မိုင် ၄၀၀၀ မျှ ရှည်လျားသည်။ အရှေ့တိုင်းနှင့် အနောက်တိုင်းအကြား ယဉ်ကျေးမှုအရရော၊ စီးပွားရေးအရပါ ထိတွေ့ဆက်ဆံနိုင်ခဲ့ခြင်းကြောင့် ကမ္ဘာလွှမ်းခြုံမှု (Globalization) အစပျိုးမှုအဖြစ် ပြောစမှတ်ပြုခဲ့ကြရသည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀၀ ခန့်က တရုတ်ဟန်မင်းဆက် (ဘီစီ ၂၀၆-အေဒီ-၂၂၀)မှစ၍ တရုတ်လူမျိုးတို့၏ ပိုးချည်၊ ပိုးသားနှင့် ပိုးထည်တို့ကို ပြည်ပ၌ ရောင်းချရာတွင် အသုံးပြုသည့် လမ်းဖြစ်ခြင်းကြောင့် ပိုးလမ်းမဟူ၍ ခေါ်တွင်ခဲ့ကြခြင်းဖြစ်သည်။

ခေတ်သစ် ပိုးလမ်းဖြတ်သန်းသွားမည့် အာရှအလယ်ပိုင်းဒေသမှာ လူနေကျဲပါးပြီး မဖွံ့ဖြိုးသေးသော ဒေသဖြစ်သဖြင့် တရုတ်နိုင်ငံ အနောက်ပိုင်း ပြည်နယ်များ တိုးတက်လာမည်ဟု ယူဆရလေသည်။

ခေတ်သစ်ပိုးလမ်းမအစီအစဉ်အရ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးအတွက် ကားလမ်းများနှင့် ရထားလမ်းများကို ဖောက်လုပ်လျက်ရှိသည်။ တရုတ်နိုင်ငံ ရှင်ကျန်းပြည်နယ်မြို့တော် အူရမ်ချီနှင့် ချင့်ဟိုင်ပြည်နယ် ရှင်နင်းမြို့တို့အကြားမကြာသေးမီကာလမှစ၍ အမြန်ရထား ပြေးဆွဲနိုင်သည်ကို တွေ့မြင်ရသည်။ တောင်ကုန်းဒေသပြွမ်းတီးသော ယူနန်ပြည်နယ်၌ ကားလမ်းများနှင့် ရထားလမ်းများ ဖောက်လုပ်လျက်ရှိပြီး မြို့တော်ကူမင်းနှင့် ဗီယက်နမ်နယ်စပ်ကို ဆက်သွယ်နိုင်မည့် ရထားလမ်းကိုလည်း ဖောက်လုပ်လျက်ရှိလေသည်။

တရုတ်နိုင်ငံ ယူနန်ပြည်နယ်သည် မြန်မာ၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့နှင့် နယ်စပ်ချင်း ထိစပ်နေပြီး ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ကို မဲခေါင်မြစ်မှတစ်ဆင့် ဆက်သွယ်နိုင်သည်။

မြန်မာနိုင်ငံကျောက်ဖြူမြို့မှ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ကို ဆက်သွယ်သော ရေနံပိုက်လိုင်းသည် ယူနန်ပြည်နယ်အတွက် အရေးပါခြင်းကြောင့် ကျောက်ဖြူပင်လယ်ဆိပ်ကမ်းကို တိုးချဲ့နိုင်ရန် ကြိုးပမ်းလျက်ရှိကြသည်။

အရှေ့တောင်အာရှဒေသ၌ ကုန်းမြေတည်ရှိမှုအရ အကြီးဆုံးနိုင်ငံဖြစ်သော မြန်မာနိုင်ငံသည် ပထဝီ-နိုင်ငံရေး မဟာဗျူဟာအရ အချက်အချာကျပြီး အာရှအဝေးပြေးလမ်းမကြီးနှင့် အာရှဖြတ် ရထားလမ်းကွန်ရက်နှစ်ခုစလုံး တွင်ပါဝင်နေသည်။ ပိုးလမ်းမစီးပွားရေးရပ်ဝန်း၌ အရေးပါသည့် နိုင်ငံအဖြစ် မြန်မာနိုင်ငံရပ်တည်နေသည်။ တောင်အာရှဒေသနှင့် အရှေ့တောင်အာရှဒေသ နှစ်ခုစလုံးအတွက်ပေါင်းကူးတံတားသဖွယ် မြန်မာနိုင်ငံ တည်ရှိနေသည်။

မဟာမဲခေါင်ဒေသခွဲ တောင်ပိုင်းစီးပွားရေးစကြံ၏ အနောက်ဘက်စွန်းတွင် ထားဝယ်အထူးစီးပွားရေးဇုန်တည်ရှိသည်။ ထားဝယ်အထူးစီးပွားရေးဇုန်သည် အရှေ့တောင်အာရှနှင့် အရှေ့အာရှဒေသတို့၏ သယ်ယူပို့ဆောင်ရေးလုပ်ငန်းခွင် ဗဟိုချက်မဖြစ်လာမည်ဟု မျှော်လင့်ရသည်။

မြန်မာနိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့အနီးတွင် သီလဝါအထူးစီးပွားရေးဇုန်တည်ရှိပြီး အိန္ဒိယသမုဒ္ဒရာကမ်းခြေတွင် တည်ရှိခြင်းကြောင့် ဒေသဆိုင်ရာစီးပွားရေးဖွံ့ဖြိုးမှု မဟာဗျူဟာအတွက် အရေးပါလေသည်။

တရုတ်နိုင်ငံသည် အာရှဒေသတစ်ခုလုံးနှင့်ချိတ်ဆက်နိုင်ရန် ခေတ်သစ်ပိုးလမ်းမအစီအစဉ်အတွက် အမေရိကန် ဒေါ်လာ ၄၀ ဘီလီယံ ကျခံရမည်ဟု ကြားသိရသည်။

တရုတ်နိုင်ငံသည် ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်ရွယ်ဆောင်ရွက်သည်ဟုဆိုသော်လည်း နိုင်ငံရေးနှင့် လုံခြုံရေးရည်ရွယ်ချက်များလည်း ပါဝင်ကောင်းပါဝင်ပေလိမ့်မည်။

ငွေကြေးအကန့်အသတ်၊ နည်းပညာအကန့်အသတ်စသည့် အကန့်အသတ်များကြောင့် စီးပွားရေးဖွံ့ဖြိုးမှုနည်းပါး ဆဲနိုင်ငံများအတွက် ခေတ်သစ်ပိုးလမ်းမစီမံကိန်းများက မက်လုံးပေးရာ ရောက်ပေလိမ့်မည်။

တရုတ်နိုင်ငံ၏ ပြိုင်ဘက်များဖြစ်ကြသော အိန္ဒိယ၊ ရုရှားနှင့် အမေရိကန်တို့ကမူ တရုတ်နိုင်ငံ၏ ဩဇာနယ်ပယ်ကျယ်ဝန်းလာနိုင်သည့်အရေးကို စိုးရိမ်ပူပန်ဖွယ်ရှိနေသည်။

ဒေသတွင်း ဖွံ့ဖြိုးရေးကို အကြောင်းပြု၍ တရုတ်ရန်ပုံငွေဖြင့် ပင်လယ်ဆိပ်ကမ်းများ တည်ဆောက်ခြင်းနှင့်အတူ ပယ်လယ်ရပ်ခြား၌ တရုတ်ရေတပ်စခန်းများ တည်ဆောက်မည်ဆိုသော ကောလာဟလများလည်း ပေါ်ထွက်ခဲ့သည်။

ခေတ်သစ်ပိုးလမ်းမဖြတ်သန်းရာနိုင်ငံများ၏ မတူကွဲပြားသော နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဝန်းကျင်အနေအထားများအရ သိမ်မွေ့သော ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်သွားရန်လည်း လိုအပ်ပေလိမ့်မည်။

အိန္ဒိယသမုဒ္ဒရာဒေသနိုင်ငံများအတွင်း ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလေ့ကျင့်မှုများ၊ ပင်လယ်ဓားပြနှိမ်နင်းရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း တရုတ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုရှိသင့်သည်ဟု ယူဆမိပါ၏။

၎င်းအပြင် ပင်လယ်ပြင်ညစ်ညမ်းမှုကာကွယ်ရေး၊ ရေလုပ်ငန်း၊ ကမ်းလွန်ရေနံတူးဖော်ရေး၊ ပင်လယ်ကြမ်းပြင်သယံ ဇာတတူးဖော်ရေးလုပ်ငန်းများနှင့်လည်း တရုတ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ပါလိမ့်မည်။

ခေတ်သစ်ပိုးလမ်းမ စီမံကိန်းများသည်တရုတ်နိုင်ငံအတွက် ရည်မှန်းချက်ကြီးမားလှသည့် စီမံကိန်းများဖြစ်ပေရာ သိမ်မွေ့လှသည့် စီမံကိန်းများဖြစ်ပြီး အိမ်ရှင်နိုင်ငံများ၏ ရေရှည်အကျိုးစီးပွားကိုလည်း မျက်ခြည်ပြတ်မခံသင့်ပါ။ နှစ်ဦးနှစ်ဖက် အကျိုးတူမှုဝါဒအရ ဆောင်ရွက်သည်ဟု ဆိုသော်လည်း ရေရှည်အားဖြင့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးတို့အပေါ် ကျရောက်လာနိုင်သည့် အကျိုးသက်ရောက်မှုများအတွက်ကိုပါ ထည့်သွင်းစဉ်းစားပြီး ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်သင့်ပါကြောင်း ထင်မြင်ယူဆပါသည်။


**ဇာတိမြို့ ဒါရူရာတွင် မဲပေးပြီးနောက် ထောက်ခံသူများအား လက်ဝှေ့ယမ်းနှုတ်ဆက်နေသော ဘူဟာရီကိုတွေ့ရစဉ်။**

## စစ်ဘက်ခေါင်းဆောင်ဟောင်း ဒီမိုကရေစီဘက်ပြောင်း

နိုင်ဂျီးရီးယားနိုင်ငံ၌ ဒီမိုကရေစီဘက်တော်သားအဖြစ် ခံယူထားသူ စစ်ဘက်ခေါင်းဆောင်ဟောင်းတစ်ဦးက ၁၆ နှစ်ကြာအုပ်စိုးလာခဲ့သူတစ်ဦးအပေါ် အနိုင်ယူကာ ရွေးကောက်ပွဲတွင် အောင်ပွဲခံခဲ့ခြင်းမှာ ထူးခြားသော နိုင်ငံတကာပုံရိပ် တစ်ခုဖြစ်ခဲ့ပါသည်။

နိုင်ဂျီးရီးယားနိုင်ငံ အာဖရိကတိုက်၌ စီးပွားရေးအရ အင်အားအကြီးမားဆုံးနိုင်ငံဖြစ်ပြီး လူဦးရေ သန်း ၁၇၀ နေနိုင်သည်။ ရေနံထုတ်လုပ်သည့် နိုင်ငံဖြစ်ကာ နိုင်ငံတောင်ပိုင်း၌ ခရစ်ယာန်ဘာသာဝင်များ နေထိုင်ကြပြီး နိုင်ငံမြောက်ပိုင်း၌ အစ္စလာမ်ဘာသာဝင်တို့ နေထိုင်ကြသည်။

ရွေးကောက်ပွဲတွင် အောင်ပွဲခံခဲ့သူမှာ မြောက်ပိုင်းသား တစ်ဦးဖြစ်သူ ဘူဟာရီဖြစ်ပြီး သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံခဲ့ရသည်။

အာဏာရပါတီနှင့် အတိုက်အခံပါတီတို့ အကြိတ်အနယ်အရှိဆုံး ယှဉ်ပြိုင်ခဲ့ကြရပြီး ရွေးကောက်ပွဲကာလအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားလာမည်လောဟု ပြည်သူတို့ စိုးရိမ်မကင်းဖြစ်ခဲ့ကြရပြီး မဲရေတွက်စက်ချွတ်ယွင်းမှုနှင့်လည်း တွေ့ကြုံခဲ့ရသေးသည်။

မတ် ၂၈ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့သော ရွေးကောက်ပွဲ၌ အကြမ်းဖက်မှုအန္တရာယ် ဖိစီးခံနေကြရသော နိုင်ငံအရှေ့မြောက်ပိုင်းဒေသများမှ ပြည်သူများ မဲပေးခဲ့ကြခြင်းမှာ ထူးခြားချက်တစ်ရပ်ဖြစ်သည်။

ရွေးကောက်ပွဲအကြိုနေ့က နိုင်ငံအရှေ့မြောက်ပိုင်း၌ အစိုးရတပ်ဖွဲ့နှင့် ဘိုကိုဟာရမ် စစ်သွေးကြွများ တိုက်ပွဲဖြစ်ပွားခဲ့ရာတွင် ကျေးရွာနေအိမ်များမီးရှို့ခံခဲ့ရပြီး လူ ၂၃ ဦးသေဆုံးခဲ့ရသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့သည်။

ဘိုကိုဟာရမ်အဖွဲ့သည် အိုင်အက်စ်အဖွဲ့ကို သစ္စာခံသည်ဟု မကြာသေးမီက ထုတ်ပြန်ကြေညာခဲ့သည်။ နိုင်ဂျီးရီးယားနိုင်ငံ မြောက်ပိုင်း၌ ဘိုကိုဟာရမ်အဖွဲ့ သောင်းကျန်းလာခဲ့သည်မှာ ယခုအခါ ငါးနှစ်ကျော်ရှိခဲ့ပြီဖြစ်သည်။ နိုင်ဂျီးရီးယားနိုင်ငံ၌ လွန်ခဲ့သည့်နှစ်က အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လူပေါင်း ၁၀၀၀၀ ခန့်အထိ သေဆုံးခဲ့ရသည့် အချက်က ညွှန်းဆိုနေသည်မှာ အကြမ်းဖက်မှုပြဿနာ၏ နက်ရှိုင်းမှုပင်ဖြစ်သည်။ ရက်စက်ကြမ်းကြုတ်လှသော ဘိုကိုဟာရမ်အဖွဲ့ကို ချေမှုန်းပစ်မည်ဟု သမ္မတလောင်းနှစ်ဦးစလုံးတို့က ကတိပြုခဲ့ကြသည်။

ရွေးကောက်ပွဲ၌ ပြည်သူ့ဒီမိုကရက်တစ်ပါတီ (ပီဒီပီ) ခေါင်းဆောင်ရွှတ်လတ်ဂျိုနသန်နှင့် ပြည်သူအားလုံးတိုးတက်ရေးကွန်ဂရက်ပါတီ(အေပီစီ)ခေါင်းဆောင် ဘူဟာရီတို့ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသည်။

ဘူဟာရီသည် ၁၉၈၃ ခုနှစ်မှ ၁၉၈၅ ခုနှစ်တွင် စစ်ဘက်ဆိုင်ရာ ခေါင်းဆောင်တစ်ဦးဖြစ်သည်။ ၎င်း၏ အုပ်စိုးမှုကာလအတွင်း နိုင်ငံတော်၏ စီးပွားရေး ပြဿနာများအား ဝေဖန်ရေးသားသူ သတင်းစာဆရာများကို ထောင်သွင်းအကျဉ်းချထားခြင်းပြုလုပ်ခဲ့ပြီး စည်းကမ်းမဲ့ အမှိုက်ပစ်ချမှုများနှင့် ရုံးနောက်ကျသူများကို စောင့်ကြည့်ထိုင်ခိုင်းကာ ပြစ်ဒဏ်ခတ်လေ့ရှိသည်ဆို၏။

ဘူဟာရီ အုပ်စိုးစဉ်ကာလအတွင်း နိုင်ငံတော်ဘဏ္ဍာငွေကြေးကို အလွဲသုံးခဲ့ခြင်းမရှိဟု ပြောစမှတ်ပြုကြသည်။ ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရာတွင် ဘူဟာရီကသူ့ကိုယ်သူ ဒီမိုကရေစီ ဘက်တော်သားအဖြစ် ထုတ်ပြန်ကြေညာခဲ့သည်။

ယခုအခါ အသက်(၇၂)နှစ်အရွယ်ရှိ ဘူဟာရီသည် သမ္မတဖြစ်လာချိန်တွင် ဒီမိုကရေစီစနစ်များအပေါ် မည်သို့အလေးထားသည်ကို လူထုက စောင့်ကြည့်ကြပေလိမ့်မည်။

လက်ရှိသမ္မတ ဂျိုနသန်က ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုပြီး ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းပေးမည်ဟု ပြောကြားခဲ့သည်။ နိုင်ဂျီးရီးယားနိုင်ငံသမိုင်းတွင် အတိုက်အခံပါတီ တစ်ပါတီက နိုင်ငံတော်အာဏာကို အာဏာရပါတီထံမှ ဒီမိုကရေစီနည်းလမ်းနှင့်အညီ လွှဲပြောင်းရယူနိုင်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

ရွေးကောက်ပွဲရလဒ်အပေါ် အကြောင်းပြု၍ မိမိ၏ ပြည်သူတစ်ဦးတစ်ယောက်မျှ သွေးမြေကျရမှုကို မိမိမလိုလားကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့်အညီ ရွေးကောက်ပွဲရလဒ်ကို ဆက်လက်အကောင်အထည်ဖော်စေလိုကြောင်း ရှုံးနိမ့်သူဂျိုနသန်က ၎င်းအား ထောက်ခံသူများကို တိုက်တွန်းခဲ့သည်။

ပြည်တွင်းရေးရာ

# ပဲခူးမြို့ ရွှေမော်ဓောဗုဒ္ဓပူဇနီယပွဲတော်အထူးစည်ကားဇာတ်သဘင်အဖွဲ့ငါးဖွဲ့ ရုံပြည့်ရုံလျှံကပြဖျော်ဖြေ

à သတင်းနှင့်ဓာတ်ပုံ–ဌေးအောင်(ကြေးမုံ)

စာရေးသူမှာ ရန်ကုန်၌ နေသူဖြစ်၍ပဲခူးမြို့ ပဲခူးဘုရားအစုံကို အကြိမ်ကြိမ်သွားရောက်ဖူးမြော်ခဲ့ဖူးသည်။ သို့သော် ပဲခူးမြို့၏ အထင်ကရ ရွှေမော်ဓောဗုဒ္ဓပူဇနီယပွဲတော်သို့ တစ်ခေါက်မှ မရောက်ဖူးခဲ့ပါ။ ယခုတော့ မိတ်ဆွေတစ်ဦး၏ အလှူပွဲသို့သွားရောက်စဉ် ရွှေမော်ဓောဘုရားပွဲကျင်းပနေသည့်ကာလဖြစ်သဖြင့် စည်ကားလျက်ရှိရာ သူငယ်ချင်းက "ကိုဌေးအောင် တစ်ညလောက်နေပါလား။ ညပိုင်းမှာ ဘယ်လောက်စည်ကားတယ်ဆိုတာမြင်သွားစေချင်လို့ပါ"ဟု ပြောသဖြင့် စာရေးသူလည်း ကိုယ်တိုင်မြင်တွေ့ချင်တာနဲ့ တစ်ညအိပ်ပါမည်ဟု အဖြေပေးလိုက်ကာ ဘုရားဖူးပြီး ပြန်လာခဲ့သည်။

ညပိုင်းတွင် ပွဲဈေးတန်းအနောက်ဘက်မုခ်ဦးအရောက်တော့ များလိုက်တဲ့လူတွေ တိုးမပေါက်အောင်ကို စည်ကားတာပဲလို့ပါးစပ်မှ ရေရွတ်မိလိုက်သည်။ ဘုရားကုန်းပေါ်ရောက်သွားတော့ ဂေါပကရုံးသွား၍ ဘုရားပွဲကျင်းပခြင်းနှင့် စေတီတော်၏ သမိုင်းကြောင်းအကျဉ်းကိုပြည်သူများဗဟုသုတအလို့ငှာ တင်ပြလို၍ ဂေါပကအဖွဲ့ဝင်ပြန်ကြားရေးတာဝန်ခံ ဦးအေးချိုနှင့် တွေ့ဆုံ၍မေးမြန်းခဲ့ပါသည်။

သုံးလောကထွဋ်ထား ဗုဒ္ဓရှင်တော်ဘုရားရှင်သည် ဇောင်းတူမြို့သား မဟာသာလနှင့် စူဠသာလကုန်သည်ညီနောင်တို့အား ဆံတော်နှစ်ဆူကို ပေးသနားတော်မူခဲ့ရာ ကုန်သည်ညီနောင်တို့က ဆံတော်နှစ်ဆူကို သုဒဿနတောင်တော်တွင် ဌာပနာ၍ ဉာဏ်တော် ၇၅ ပေရှိ ရွှေမော်ဓောစေတီတော်ကို တည်ထားကိုးကွယ်ခဲ့ကြသည်။ မြန်မာသက္ကရာဇ် ၁၈၇ ခုနှစ်နှင့် ၂၀၂ ခုနှစ်တို့တွင် သမလမင်းက စေတီတော်၏ဉာဏ်တော်ကို ၈၁ပေအထိလည်းကောင်း၊ ဝိမလမင်းက ၈၈ပေအထိလည်းကောင်း အသီးသီးတိုးမြှင့်တည်ထားပူဇော်ခဲ့ကြသည်။

သက္ကရာဇ် ၃၄၄ ခုနှစ်တွင် အနုရာမမင်းက ရှင်တော်ဗုဒ္ဓ၏ သွားတော်မြတ်တစ်ဆူကို စေတီတော်တွင် ဌာပနာခဲ့သည်။ သက္ကရာဇ် ၇၄၇ ခုနှစ်တွင် ရာဇာဓိရာဇ်မင်းသည် စေတီတော်၏ ဉာဏ်တော်ကို ၂၇၇ပေအထိ တိုးမြှင့်ပြီး သွားတော်မြတ်တစ်ဆူကို စေတီတော်တွင်ထပ်မံဌာပနာခဲ့သည်။ သက္ကရာဇ် ၈၅၄ ခုနှစ်တွင် ဗညားရန်က ထီးတော်အသစ်ကို လှူဒါန်းပူဇော်ခဲ့သည်။

မြန်မာဘုရင်ဘိုးတော်ဘုရားသည် စေတီတော်၏ ဉာဏ်တော်ကို ၂၉၇ ပေအထိ တိုးမြှင့်တည်ဆောက်ခဲ့ပြီး ၁၁၅၁ ခုနှစ်တွင် ထီးတော်တင်ခဲ့သည်။ ၁၂၄၄ ခုနှစ်တွင် ဝန်ထောက်မင်းဦးပိုက်က ထီးတော်အသစ်ကို လှူဒါန်းခဲ့သည်။ သက္ကရာဇ် ၁၂၇၄ ခုနှစ် ၁၂၇၉ ခုနှစ်နှင့် ၁၂၉၂ ခုနှစ်များတွင် ပဲခူးနယ်တစ်ဝိုက်၌လှုပ်သော ငလျင်များကြောင့် စေတီတော်ကြီးမှာ အောက်ခြေ ပထမပစ္စယံအထိ အကြီးအကျယ်ပျက်စီးခဲ့သည်။ ၁၂၇၉ ခုနှစ်ငလျင်ကြောင့် မြေခခဲ့သော ငှက်ပျောဖူးပုံတော်ကို စေတီတော်၏ အောက်ခြေတနင်္ဂနွေထောင့်တွင် ယနေ့တိုင် ဖူးတွေ့နိုင်သည်။ နိုင်ငံတော်အစိုးရနှင့် ဗုဒ္ဓဘာသာဝင်ပြည်သူတို့ ညီညွတ်စွာဖြင့် ဉာဏ်တော် ၃၇၃ ပေ ကိုးလက်မရှိ ရွှေမော်ဓောစေတီတော်မြတ်ကြီးအား ပြန်လည်တည်ဆောက်ခဲ့ရာ အောင်မြင်ပြီးမြောက်ခဲ့၍ သက္ကရာဇ် ၁၃၁၅ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၃ရက်တွင် ထီးတော်ကို အောင်မြင်စွာ တင်နိုင်ခဲ့သဖြင့် ထီးတော်မှာ မကိုဋ်ထီးပုံမဟုတ်ဘဲ အချိန်ကာလနှင့်အညီ စီမံဖန်တီးထားသော သမ္မတထီးပုံဖြစ်သည်ကို ရှင်းပြသဖြင့် ဦးစွာတင်ခြင်းဖြစ်သည်။

၎င်းက ဆက်လက်ရှင်းပြရာတွင် "ဘုရားပွဲတော် ယခုကျင်းပတာ ၂၅၉၇ ခုနှစ်မြောက်ပါ ဘုရားသက်တမ်းနဲ့ယူထားတာပါ။ ကျင်းပတဲ့ အကြိမ်ကတော့ ဒီနှစ်တွေလောက် မရှိပါဘူး။ အကြောင်းအမျိုးမျိုးကြောင့် မကျင်းပတဲ့နှစ်တွေလည်းရှိခဲ့ပါတယ်။ အခုကာလ လေးငါးနှစ်အတွင်းမှာတော့ ကျင်းပတဲ့အကြိမ်တိုင်း တစ်ကြိမ်ထက်တစ်ကြိမ် ပိုပြီးစည်ကားလာတော့ နေရာအခက်အခဲတွေရှိလာတယ်။ စက်အဖွဲ့တွေအားလုံးအတွက်နေရာပေးဖို့မလွယ်တော့ လေလံစနစ်နဲ့ရွေးချယ်ခဲ့ရတယ်။ လေလံနဲ့ရွေးချယ်တဲ့အတွက် တစ်ဦးနဲ့တစ်ဦး ယှဉ်ပြိုင်ကြပြီးဈေးပေးကြတော့ ရန်ပုံငွေပိုရခဲ့ပါတယ်။ ဒီနှစ်ဇာတ်အဖွဲ့ကြီးငါးဖွဲ့ကပြနေပါတယ်။ ဟန်ဇာမိုးဝင်း၊ အောင်ဆန်းပွင့်၊ စွမ်းဇာနည်၊ ဖိုးချစ်၊ တင်မောင်ဆန်းမင်းဝင်းတို့ ဖြစ်ပါတယ်။ ပျော်ပွဲရွှင်ပွဲများ ရဟတ်အစုံပါပဲ။ ပွဲခင်းအတွင်းဈေးဆိုင်ခန်းပေါင်း ၃၀၀ ကျော်တို့က မြန်မာနိုင်ငံ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတို့မှ မြန်မာ့ရိုးရာနှင့်စက်ရုံအလုပ်ရုံထွက်ပစ္စည်းများ၊ နိုင်ငံခြားဖြစ်လူသုံးအိမ်သုံးပစ္စည်းများကို ရောင်းဝယ်ကြလို့ ပွဲဈေးကတော့ တိုးမပေါက်အောင်စည်ကားပါတယ်။ အညာဒေသမှ သနပ်ခါးတုံးရောင်းတဲ့ဆိုင်တွေဆို အရမ်းရောင်းရပါတယ်။ ဘုရားပွဲတော်ရက်ကတော့ မတ် ၂၉ ရက်စပြီး ဧပြီ ၇ ရက်ပြီးမှာပါ။ ဈေးဆိုင်ခန်းကတော့ မတ် ၁၉ ရက်ကနေ ဧပြီ ၁၇ ရက်အထိ တစ်လတိတိရောင်းချခွင့်ပြုထားပါတယ်"ဟု ရှင်းပြသည်။



မင်းသား ဖိုးချစ်



မစန္ဒာဝင်း

ယင်းနောက် ဘုရားပွဲသို့လာရောက်သည့် ဒေသခံတစ်ဦးဖြစ်သူ ပဲခူးမြို့ အုန်းပင်တန်းရပ်မှ မစန္ဒာဝင်းက "ကျွန်မ ပဲခူးမြို့မှာနေတာကြာပါပြီ။ ကျွန်မဇာတိပါ။ ဘုရားပွဲကတော့ အရမ်းစည်ကားပါတယ်။ အနယ်နယ်အရပ်ရပ်က ပြည်သူတွေက ကားတွေနဲ့၊ လှည်းတွေနဲ့ ညအိပ်လာကြတယ်။ သနပ်ခါးတုံးတွေ၊ အဝတ်ထည်တွေ၊ အသုံးအဆောင်ပစ္စည်းတွေလိုအပ်တာတွေ ဝယ်ကြတာပေါ့၊ ဈေးသည်တွေအားလုံး ရောင်းကောင်းကြတယ်လို့ သိရတယ်။ ကျွန်မဆိုရင် ဟိုတစ်နေ့က ဖိုးချစ်ဇာတ်ပွဲ သွားဖြစ်တယ်။ ဇာတ်ရုံဆောက်ထားတာ တော်တော်ကောင်းတယ်။ ဇာက်အဖွဲ့တွေအားလုံးလည်း အဆင့်မြင့်လာတယ်၊ ပရိသတ်တွေလည်းအားပေးကြတော့ ဇာတ်အဖွဲ့တွေ အဆင်ပြေပါတယ်၊ ကျွန်မတို့ပဲခူးက ဘုရားပွဲမှာ ဇာတ်အဖွဲ့တွေဇာတ်ခေါင်းကွဲတယ်၊ ဇာတ်ပေါင်းစုံတယ်လို့ ဟိုအရင်ကတဲ့လူကြီးတွေက ပြောကြတယ်။မင်းသား၊ မင်းသမီး၊ လူရွှင်တော်၊ ဇာတ်အဖွဲ့ဝင်အားလုံးက ဈေးနှုန်းတွေသတ်မှတ်ကြတယ်။ ကြိုက်တဲ့ဇာတ်အဖွဲ့ကခေါ်တာပေါ့၊ ဒါကအစဉ်အလာလိုဖြစ်နေပါပြီ"ဟု ပြောသည်။

တစ်ဖန် ပွဲခင်းထဲ လျှောက်ကြည့်စဉ် ပွဲဈေးတန်းအတွင်းသို့ ဆင်စီး၍ဝင်လာရာ လူတွေဝိုင်းအုံကြည့်နေသဖြင့် ဓာတ်ပုံမှတ်တမ်းတင်ပြီး အမျိုးသမီးကြီးတစ်ဦးအား စုံစမ်းမေးမြန်းကြည့်ရာ ၎င်းဆင်သည် ဖိုးချစ်ဇာတ်အဖွဲ့မှဖြစ်ကာ ဘုရင့်နောင်ပြဇာတ်ကသည့်အခါ စင်ပေါ်၌ ထိုဆင်ကိုအသုံးပြု၍ ကပြကြောင်းသိရသဖြင့် ဆင်သွားသည့် လမ်းကြောင်းအတိုင်း အပြေးလိုက်သွားကာ ဖိုးချစ်ဇာတ်ရုံအနောက်ဘက်ကို ရောက်သွားသဖြင့် လုံခြုံရေးအား အကျိုးအကြောင်းရှင်းပြ၍ အကူအညီတောင်းခဲ့ရာ အဆင်ပြေသဖြင့် ဇာတ်ရုံထဲသို့ရောက်ရှိ သွားခဲ့သည့် ရောက်ရှိချိန်တွင် ဖိုးချစ်မှာ သီချင်းဖြင့် ဖျော်ဖြေချိန်ဖြစ်သဖြင့် ဓာတ်ပုံမှတ်တမ်းရယူကာ သီဆိုမှု ပြီးချိန်အထိ စောင့်ဆိုင်းနေစဉ် ဖိုးချစ်လည်း ဇာတ်စင်ပေါ်မှ ဆင်းလာသည့်အတွက် အဆင်သင့်ပင် တွေ့ဆုံခွင့်ရခဲ့သည်။

ဖိုးချစ်ကရှင်းပြရာတွင် "ကျွန်တော်တို့ ဇာတ်အဖွဲ့ပဲခူးရွှေမော်ဓောဘုရားပွဲမှာ လာရောက်ကပြတာ ၁၃ ကြိမ် ၁၄ ကြိမ်လောက်ရှိပါပြီ။ ပရိသတ်တွေကလည်း အားပေးကြပါတယ်။ ပရိသတ်တွေကအားပေးကြလို့ ကျွန်တော်တို့ဇာတ်အဖွဲ့ကလည်း တစ်နှစ်ထက်တစ်နှစ်ပိုပြီး ထူးခြားအောင် ကြိုးစားနေပါတယ်။ ဝန်ဆောင်မှုအပိုင်းတွေကိုမြှင့်တင်နိုင်အောင်ကြိုးစားနေပါတယ်။ ဒီနှစ်တော့ မထင်မှတ်ဘဲ တောင်ငူမြို့ ၁၀၄ နှစ်ပွဲမှာ ဘုရင့်နောင်အနော်ရထာကြီးကို ဆင်ကြီး၊ မြင်းကြီးတွေနဲ့ ကဖြစ်ခဲ့ပါတယ်။ ပဲခူးမှာလည်း ဓားတောပဲခူးက ဘုရင့်နောင်နယ်မြေပဲလေ။ ကမ္ဘောဇသာဒီနန်းတော်ကြီးကို ဒီနှစ်တွေ့ထားမိတယ်။ ဘုရင့်နောင်မင်းတရားကြီးဆိုတာက သရပါတစ်ခါက ဟစ်ကြွေးသံပေါ့။ ဆင်ကြီး၊ မြင်းကြီးတွေနဲ့ ကဖြစ်တာပေါ့။ ဒီညလည်း ကမှာပါ။ ဘာပဲပြောပြော ဇာတ်ပွဲမှာ အခုလိုတင်ဆက်ကပြတာကို မြင်ရတော့ ကျွန်တော့်ပရိသတ်တွေက စိတ်ကျေနပ်ကြမှာပါ။ ပရိသတ်အတွက် ထူးထူးခြားခြားလေး ဖြစ်သွားအောင် ကဖြစ်သွားတာပါ"ဟု ပြောသည်။


## ပုလဲရတုမင်္ဂလာမြတ်ဆုမွန်

အနန္တကျေးဇူးရှင် ချစ်သော ဖေဖေနှင့် မေမေ- ဒုတိယပိုလ်မှူးကြီးအောင်ကြီး(ငြိမ်း)နှင့် ဒေါ်မြတ်မြတ်လေး (ခရိုင်ဥပဒေအရာရှိ၊ ပဲခူးခရိုင်ဥပဒေရုံး)တို့၏ ၅-၄-၂၀၁၅ရက်တွင် ကျရောက်သော (၃၀)နှစ်မြောက် ပုလဲရတုမင်္ဂလာနှစ်ပတ်လည်ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံပြီး ပျော်ရွှင်ချမ်းမြေ့သော မိသားစုဘဝကို ထာဝရပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

သမီးကြီး -ဒေါက်တာခိုင်ဇေအောင်-ဒေါက်တာနေမင်းခန့်၊မြောက်ဥက္ကလာပဆေးရုံကြီး

သားလတ် -ကိုသင့်မြတ်အောင်-**2nd Engineer-Hyundai Merchant Marine**

သမီးငယ် -မမြတ်နိုးအောင်-**LL.B**



## နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာဆုတောင်း

ကျေးဇူးရှင် ချစ်ပါးပါ ဦးဝိုင်မျိုးလွင်(လ/ထပြည်နယ်စာရင်းစစ်အရာရှိ(ငြိမ်း)၊ ရှမ်းပြည်နယ်စာရင်းရုံး၊ တောင်ကြီးမြို့ + ချစ်မားမား Hဒေါ်ရီရီမြင့် တို့၏ (၅-၄-၂၀၁၅) ရက်နေ့တွင်ကျရောက်သော ရွှေရတု မင်္ဂလာရက်မြတ်မှသည် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်အတူ ချစ်သမီး၊ ချစ်သား၊ ချစ်မြေး များနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေ။


ချစ်သမီး - ဂျွန်ကိုကိုလေး + သီသီမျိုး (Cumbria, UK), Leanne Kokolay.

ချစ်သားကြီး - ညီလိုင်မျိုး + ခိုင်မာ (စင်ကြယ်၊ ရေလမ်း၊ မန္တလေး။)
Roland Myo, Calvin Myo, Victor Myo.

ချစ်သားငယ် - ကျော်ကျော်မျိုး + နွယ်နွယ်ဝင်း (Stanley - အိုလံပစ်လမ်း၊ တောင်ကြီး။)
မင်းသန့်ဦး၊ ဇင်လင်းဦး၊ ဇင်မင်းထက်။




## Computer Software Developer ကောင်းတစ်ယောက်ဖြစ်နိုင်ဖို့အတွက်




- Programming သည် အရေးကြီးသောကဏ္ဍတစ်ခုအဖြစ်ပါဝင်လျက်ရှိပါသည်။
- Programming Language အများကြီးရှိသော်လည်း Programming Concept and Process, Way of Thinking နှင့် Techinques များသည် အခြေခံအားဖြင့် အတူတူပင်ဖြစ်သည်။
- ဤအတန်းတွင် Programming Language အားလုံး၏ အခြေခံ Techniques များဖြစ်သော (array, control structure (if,while, do....while,for) နှင့် method) စသည့်တို့ကို real-world examples များနှင့်တကွ လေ့လာရမည်။
- Problem Solving Skills နှင့် Logical Thinking Skills များတိုးတက်လာစေရန် Case-Study များ၊ လုပ်ငန်းခွင် ပြဿနာများကို Flow Chart, Pseudo Code များ အသုံးပြုပြီး ကိုယ်တိုင်ဖြေရှင်းရမည်။

GUSTO Institute of Information Technology

Tel : 09- 73031302, 09- 8628806, 01-503715, 01- 504632

No.289 (A), Pyay Road (Near MyayNiGone Bus-Stop), Sanchaung Tsp; Yangon.

ဖတ်စရာ

# မျှော်လင့်ခြင်းနှင့် ရှင်သန်နေကြသူများ

နေ့စဉ်သတင်းစာကို ပုံမှန်စောင့်မျှော်ဖတ်နေသည့် အကျင့်။ ကိုယ်တိုင်လည်း စာရေးလာသည့်အခါ မျှော်လင့်ခြင်းက အားဖြည့်ပေးလိုက်သည်။ နံနက်လင်းသည်နှင့် သတင်းစာကို မျှော်ပြီ။ ကိုယ်ရေးသည့် ဆောင်းပါး စာမူများ ပါလာတော့ ဝမ်းသာအားရနှင့် တစ်ခေါက်မက အငမ်းမရနှင့်။ ပါမလာတော့လည်း စိတ်ပျက်အားလျော့ခြင်းအလျဉ်းမရှိ။ ဒီနေ့မပါတော့ နောက်နေ့ပေါ့။ မျှော်လင့်ချက်က ပျက်ပြယ်မသွား။ မသုံးဖြစ်၍ ပယ်ခံထိသွားလည်း မိမိဆောင်းပါးကို ပုံမှန်အားပေးဖတ်ရှုနေသူတစ်ဦး ရှိနေပြီးသားမို့ အချည်းနှီးဖြစ်မသွား ဖြေသာသေးသည်။ စာတည်းကိုယ်တိုင်ဖတ်ရှုတည်းဖြတ် မိမိ၏ ပုံမှန်စာဖတ်ပရိသတ်တစ်ဦးပါ။

ယခု ရပ်တည်မှုအခြေအနေတစ်ခုမှာ မိမိဆောင်းပါးများ အပါကျဲလာခဲ့သည်။ ယခင်တစ်လလျှင် နှစ်ပုဒ်မှ လေးပုဒ်လောက်ထိပါနေကျ။ နောက်ပိုင်းမှာ တစ်လတစ်ပုဒ်တောင် အနိုင်နိုင်။ ယခုထိုတစ်ပုဒ်တောင် မပါချင်တော့ပြီ။ မျှော်လင့်ချက်နှင့် ဖတ်လာခဲ့သော သတင်းစာကိုကား ယခင်လိုပင် မျှော်လင့်လျက် ဖတ်မပျက်ခဲ့။ မိမိစာမူများမပါတော့လည်း နေ့စဉ်မျှော်လင့်ချက်လုပ်ဖော်ကိုင်ဖက်များဆီ ရောက်သွားသည်။

စာပေနယ်မှာ မိမိနှင့်ကျွမ်းဝင်ရင်းနှီးသော ကာတွန်းဆရာများ၊ စာရေးဆရာများ၊ သတင်းသမားများ၏ ကာတွန်းများ သတင်းဆောင်းပါးများကို စောင့်မျှော်ဖတ်ရင်း ပီတိပွားရသည်။ နေ့စဉ်မျှော်လင့်ချက်ကို လုပ်ဖော်ကိုင်ဖက်များသို့ အာရုံလွှဲပြောင်းဖြေသိမ့်ခြင်းတစ်မျိုးဟု ဆိုနိုင်ပါသည်။ ဤသည်ပင် ရှင်သန်ခြင်းဘဝနေနည်းဟု ဆိုချင်ပါသည်။

ယနေ့သတင်းစာကို စကိုင်လိုက်သည်နှင့် ပုံမှန်ဖတ်နေကျ စာတည်းရှုထောင့် ထိုစာမျက်နှာအောက်ဘက်မှ ကာတွန်းကွက်။ မတွေ့တာကြာပြီဖြစ်သော ကာတွန်း ကိုကောင်း၏လက်ရာကို ဘွားကနဲ တွေ့လိုက်ရသည်။ ဝမ်းသာလိုက်သည်ဖြစ်ခြင်း။ မိမိနှင့်ပုံမှန်တွေ့နေကျ ကာတွန်းဆရာများထဲတွင် ကာတွန်း ကိုကောင်းလည်း တစ်ယောက်အပါအဝင်။ ကာတွန်းဦးသိန်းထွန်း၊ ပဲပဲကြီး၊ ရန်ကြီးအောင်၊ လှထွန်းဦး၊ လှိုင်ဝင်းသစ်(ပုဇွန်တောင်)၊ ပေါ်လွင်ကျော်စသူတို့မှာ မိမိနှင့်တရင်းတနှီး ကာတွန်းဆရာများ။ ထိုအထဲတွင် ကာတွန်းလှထွန်းဦးကား မင်းသား၊ ရှုးဖိနပ်နှင့် ဘောင်းဘီနှင့်စတိုင်ကျကျနေတတ်သူ။ ချစ်စနိုး နှင့်သူ့အား ကာတွန်းမင်းသားဟု အမည်ပေး ထားသည်။ ယနေ့သတင်းစာတွင် သူ့ကာတွန်း တစ်ကွက်လည်း ပါလာသည်။ ပီတိဖြစ်ရသည်။ ကာတွန်းပေါ်လွင်ကျော် တစ်ယောက် ပေါ်လာမသည်မှာကြာပြီ။ ရုပ်ပြဇာတ်လမ်းများနှင့် အလုပ်များနေကြောင်း သိရသည်။ အဆင်ပြေ လျှင်ပြီးရော။

ကာတွန်းရန်ကြီးအောင်နှင့် ကာတွန်းပဲပဲကြီးတို့နှစ်ဦးကား ကျန်းမာရေးမကောင်းချင်ကြ။ စာတည်းဌာန ပေါ်ရောက်လာသည်နှင့် ဟောဟဲထအမောဖောက်နေကြသူများ။ ကာတွန်းရန်ကြီးအောင်ကား ဝလည်းဝ။ ကျန်းမာရေးလည်း မကောင်းတော့ ပိုဆိုးသည်။ ကာတွန်းပဲပဲကြီးကား မာန်တင်းထားလည်း ကျန်းမာရေးမကောင်းသည်မှာ ပေါ်လွင်သည်။ ဤဆရာနှစ်ဦး ကာတွန်းများမဖော်ပြသည်မှာ ကြာပြီ။ စိတ်မကောင်းဖြစ်မိသည်။ မတတ်နိုင်။ ကာတွန်းနှင့်ပတ်သက်၍ CE ပြောစကားကို သူတို့အားတစ်ဆင့် ဖောက်သည်ချရသေးသည်။ “ကာတွန်းများ “စာတွန်း” ဖြစ်မသွားဖို့ လိုသည်” ဟူ၏။ စိတ်မပျက်ဖို့သာ အားပေးစကားပြောရသည်။

ကာတွန်းဆရာများထဲတွင် ဆရာကြီး ဦးသိန်းထွန်းကား အသက်အကြီးဆုံး ၇၀ ကျော်ပြီ။ ကြေးမုံသတင်းစာတွေ ဗွေဆော်ဦးကာလကတည်းက ကာတွန်းဆွဲလာခဲ့သူ ကြေးမုံ၏ အိမ်တော်ပါငယ်မွေးပေါက်ဖော် တစ်ဦးဟု ဆိုရမည်။

စာရေးဆရာများတွင်ကား ဦးစွာ သိကျွမ်းရင်းနှီးခဲ့သူမှာ ခင်မောင်ဌေး(ပညာရေး) ဖြစ်သည်။ ဆရာ့စာများလည်း အပါကျဲသွားသည်။ မိမိစာပေနယ်ဝင်ခါစကတည်းက သိကျွမ်းလာခဲ့သူ။ တစ်နေ့ကြေးမုံမှာ စာမူလခထုတ်ရင်း ဆုံသည်။ “ကျွန်တော်ခင်မောင်ဌေး(ပညာရေး)ပါ။ လာနှုတ်ဆက်သည်။ မိမိမှာ အံ့ဩဝမ်းသာ ပီတိဖြစ်သွားရသည်။ မိမိတွေ့ချင်နေသော ပုဂ္ဂိုလ်တစ်ဦး။ စာပေနယ်မှာ မိမိကား ပေါက်စကလေး။ ဆရာကား နာမည်တစ်လုံးနှင့် ရပ်တည်မတ်နေနိုင်ပြီ။ မာန်မာနမရှိ။ စာပေသမားပီသသူ ပညာရေးလောကသားအချင်းချင်းမို့ ခဏအတွင်းမှာ ရင်းရင်းနှီးနှီးဖြစ်သွားခဲ့သည်။

တစ်လောက မှတ်မှတ်ရရ ဖေဖော်ဝါရီ ၁၆ ရက် ညဘက်ဆရာ့ဆီမှ ဖုန်းဝင်လာသည်။ ဦးကျော်ဝေ ခင်ဗျားတို့ကမ်းဘက် မီးလောင်နေတယ်။ အဲဒါ လှမ်းဖုန်းဆက်တာ။ ဆရာနေသည့် လှည်းတန်းလေးလွှာအမြင့်မှ ကြည့်မြင်တိုင်အနောက်ဘက်ကမ်း မီးလောင်နေသည်ကို လှမ်းမြင်ရ၍ ဖုန်းဆက်လိုက်ခြင်း။ မိမိ၏ ကြည့်မြင်တိုင်အနောက်ဘက်ကမ်း သံယောဇဉ်ကို သိထား၍ လှမ်းပြောလိုက်ခြင်း။ မိမိတာဝန်ထမ်းဆောင်ခဲ့သည့် ဆိပ်ကြီး ရပ်ကွက်မဟုတ်။ ဘလုတ်ညွှန့်ရပ်ကွက်မီး။ မိမိနှင့် ပတ်သက်၍ ဆရာ့စေတနာစိတ်ရင်း။

တစ်နေ့ဆရာ့ဆီမှ ဖုန်းဝင်လာသည်။ အဆက်အသွယ်မရတာ ကြာလို့ ဖုန်းဆက်လိုက်တာတဲ့။ သူ့စာမူ များကို မသုံးသည့် ကိစ္စအားမလိုအားမရရင်ဖွင့်သည်။ သူ့ကျန်းမာရေးလည်းမကောင်း။ ကျောက်ကပ် ဘယ်ညာနှစ်ဖက်လုံးမှာ ဆီးကျောက်တည်နေ၍ ခွဲရမည့်အကြောင်း စိတ်မကောင်းစရာ သတင်းစကားကို ကြားသိလိုက်ရသည်။ ဆေးရုံတက်ဖြစ်က မိမိထံ အကြောင်းကြားပါ ပြောမိသည်။ စကားမှာမှန်း သိချိန် ဖုန်းချလိုက်ကြပြီ။ ထပ်ပြီးစိတ်မကောင်းဖြစ်ရသည်။

မနေ့က ည ၈ နာရီဆရာခွဲစိတ်မှုခံယူလိုက်ရပြီ။ တိုက်တိုက်ဆိုင်ဆိုင် ယနေ့သတင်းစာမှာ ဆရာ့လက်ရာ ရေများများသောက်ပါ ဆောင်းပါးပါလာသည်။ ကိုယ့်ဖြစ်စဉ်နှင့် ခံစားရေးထားသော ဆောင်းပါးကောင်း တစ်ပုဒ် ဝမ်းနည်းဝမ်းသာခံစားရသည်။ ဆရာ့ဆောင်းပါး မပါတာ နှစ်လနီးပါးရှိနေပြီ။ ယနေ့မှ တိုက်တိုက် ဆိုင်ဆိုင် ဆရာ့ဆောင်းပါးပါလာသည်။ ဝမ်းသာစကား ဖုန်းဆက်ပြောရဦးမည်။ ယခုလောက်ဆို ဆရာခွဲစိတ် ပြီးသတိရနေလောက်ပြီ။

မျှော်လင့်ချက်သည် ရှင်သန်ခြင်း၏ အဓိပ္ပာယ်ဟု ဆိုနိုင်ပါသည် ။ လူတိုင်းသည် မျှော်လင့်ချက်ကိုယ်စီနှင့် အသက်ဆက် ရှင်သန်နေကြခြင်း။ ဖြစ်သည်။ စာရေးဆရာများ၏ မျှော်လင့်ချက်သည်။ စာပေရေးသားခြင်း။ မိမိစာမူများ စာမျက်နှာထက်ဖော်ပြပါလာပြီဆိုလျှင် မည်သည့် အရာနှင့်မျှ အစားထိုးမရ၊ နှိုင်းယှဉ်မရနိုင်သော ပီတိသောမနဿဖြစ်သွားရသည်။

ယနေ့ ဆရာ့စာမူပါရှိလာမှုသည် ခွဲစိတ်ပြီးခါစ ဆရာ့ကျန်းမာရေး အတွက် မဟာဩသဓဆေးစွမ်းကောင်း တစ်လက် ဖြစ်စေပါလိမ့်မည်။ အကြွင်းမဲ့ယုံကြည်သည်။

**အောင်ကျော်ညို(ဆင်ချဆိပ်)**

လူတိုင်းသည် မျှော်လင့်ချက်ကိုယ်စီနှင့် အသက်ဆက် ရှင်သန်နေကြခြင်းဖြစ်သည်။ စာရေးဆရာများ၏ မျှော်လင့်ချက်သည် စာပေရေးသားခြင်း။ မိမိစာမူများ စာမျက်နှာထက်ဖော်ပြ . . . .

## ရှမ်း(တောင်)ပိုင်း ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး ဆင့်ပွားသင်တန်းဖွင့်

**လွိုင်လင် မေ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမတွင် မေ ၂ ရက် နံနက် ၉ နာရီက ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေး အသိပညာပေး ဆင့်ပွား သင်တန်းဖွင့်ပွဲ ကျင်းပခဲ့သည်။

အဆိုပါ ဆင့်ပွားသင်တန်းအား မေ ၂ ရက်မှစတင်ကာမေ ၅ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်သည်။

ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ရဲအုပ်ကျော်သိန်းတို့က ရွေးကောက်ပွဲမတိုင်မီ အကြိုကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများအပေါ် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ရွေးကောက်ပွဲ ကျင်းပနေစဉ်ကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများ အပေါ်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ရွေးကောက်ပွဲပြီး နောက်ပိုင်းကာလတွင် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများအပေါ် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ရုတ်တရက်ဖြစ်ပေါ်လာနိုင်သည့် လုံခြုံရေးဆိုင်ရာ အခြေအနေများအပေါ် ဆောင်ရွက်ရမည့် လုပ်ငန်းများအား သင်ကြား ပို့ချသွားမည်ဖြစ်သည်။

ယင်း သင်တန်းအခမ်းအနားသို့ ခရိုင်အတွင်းရှိမြို့နယ်မှူးများ၊ စခန်းမှူးများနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှရဲရာရှိများတက်ရောက်ခဲ့ကြ ကြောင်းသိရ သည်။ **ဝင်းမင်းသန်း**(IPRD)

ရွှေဖီးကွက် 09423722092,43197550,450015980
အဆင့်မြင့်ခရီးသွားလုပ်ငန်း
April 3/12/17
ရွှေစက်တော်၊ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ 67000 + ထားဝယ်ရှင်ကိုးရှင်၊ မော်လမြိုင် 90000
ရွှေစက်တော်၊ ပုဂံ၊ မန္တလေး၊ မေမြို့ စစ်ကိုင်း၊ မုံရွာ 90000 + မန္တလေး၊ လားရှိုး၊ မူဆယ်၊ ရွှေလီ 95000
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်စမ်း၊ ကက္ကူ 67000 + တာချီလိတ်၊ မယ်ဆိုင်၊ ရွှေတြိဂံ 250000
မန္တလေး၊ မေမြို့ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော် 67000

POSSIBLE TRAVELS & TOURS
ထကြွင်ခရီးစဉ်များ
• ပုဂံ - ပုပ္ပါး - ပခုက္ကူ April-11,17
• တောင်ကြီး - အင်းလေး - ကလော - ပင်းတယ April-12,17
• မန္တလေး - မုံရွာ - ပြင်ဦးလွင် April-12,17
• ရွှေစက်တော် - ပုဂံ April-12
• ပုဂံ - တောင်ကြီး - အင်းလေး April-12,17
Scania ကား | 3* Hotel | Restaurant
Ph: 01-706716, 01-372795, 09-250790919, 09-259257823

JADE MOTION
ဗန်ကောက်(မြဘုရား) ဆာဖာရီဝေါလ်
သင်္ကြန်တွင်းအထူးခရီးစဉ် ပတ္တရားကမ်းခြေ၊ (11 to 17.4.15)
ထားဝယ်-ရှင်ကိုးရှင်-မောင်းမကန်-မျှော်ရစ် (11 to 16.4.15) /(16 to 21.4.15)
180000/-
0973123443, 095179754, 09254907896

အမြန်ရောင်းမည်
(၄၀ × ၆၀)၊ ၆၄-ရပ်ကွက်
တာ/ဒဂုံစက်မှုဇုန်(2)။မီးပါ။
01-549138
09250357900

ကိုသန့်ဇင် CAR RENTAL
ကားမျိုးစုံကို ခရီးစဉ်
လချုပ် အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
ဖုန်း-၀၉-၄၃၁၁၇၆၈၀၊ ၀၉-၅၀၅၉၈၂၂




SAMPAR Oo
soft drink
“တစ်ကတ် ဝယ်လျှင် တစ်ကတ် လက်ဆောင်”
စမ္ပာဦး အချိုရည်ကို အစဉ်အမြဲဝယ်ယူအားပေးခဲ့ကြသော မိတ်ဆွေများအား ကျေးဇူးတုံ့ပြန်သောအားဖြင့် ၂၀၁၅ ခုနှစ်၊ မတ်လ (၁) ရက်နေ့မှစ၍ စမ္ပာဦးအချိုရည် (250 ml နှင့် 350 ml size) နှစ်မျိုးအား “တစ်ကတ်ဝယ်လျှင်တစ်ကတ်လက်ဆောင်” အထူး အစီအစဉ်ဖြင့် စတင်ရောင်းချပေးနေပြီ ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။
Yangon Hotline-09-5080512,09-5504808
Complaint - 09-73197967



ရွှေဆင့် Vol:4,No.14
အိမ်ခြံမြေရောင်း / ဝယ် / ငှားအချက်အလက် + 26500
• မြန်မာ GDP ဆက်လက်တိုးတက်မည်ဟု ADV ခန့်မှန်း
တနင်္ဂနွေနေ့တိုင်းထွက်ရှိနေပါပြီ

# ဆောင်းအစေ့ထုတ်ပြောင်း စိုက်ပျိုးအောင်မြင်

**ကော့ကရိတ် ဧပြီ ၄**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် ယခုနှစ်မှ စတင်စိုက်ပျိုးခဲ့သော ဆောင်းအစေ့ထုတ်ပြောင်းစိုက်ခင်းများ ဖြစ်ထွန်းမှု ကွင်းသရုပ်ပြပွဲကို ဧပြီ ၂ ရက် နံနက် ၇နာရီ က ကော့ကရိတ်မြို့နယ် တောင်သူဦးအမှူး၏ စံပြကွက်၌ကျင်းပခဲ့ သည်။

ကွင်းသရုပ်ပြပွဲသို့ ကော့ကရိတ်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ကော့ကရိတ်မြို့နယ် အမှတ် (၁၊ ၄၊ ၅၊ ၆၊ ၇)ရပ်ကွက်၊ ရန်ကုတ်ကျေးရွာမှ တောင်သူများပေါင်း ၁၁၅ ဦးတက်ရောက်ခဲ့သည်။

သရုပ်ပြပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးလှသိန်းက တောင်သူများအား အစေ့ထုတ်ပြောင်းစိုက်နည်းစနစ်များ၊ မြေသြဇာထည့်သွင်းခြင်း၊ အစေ့ထုတ်ပြောင်းဈေးကွက်နှင့် ဈေးကွက်ချိတ် ဆက်မှုများ၊ စိုက်ပျိုးအောင်မြင်ပြီးပါက နိုင်ငံခြားသို့တင်ပို့ရောင်းချနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း ပြောသည်။ **စိုးထက်အောင်(ကော့ကရိတ်)**

# ညောင်ရွှေမြို့နယ်တွင် စာမတတ်မြောက်သူ ၁၄၈၁ ဦး အား စာသင်ဝိုင်း ၁၆၉ ဝိုင်းဖြင့် သင်ကြားဆောင်ရွက်လျက်ရှိ

**ညောင်ရွှေ ဧပြီ ၄**

အခြေခံ စာတတ်မြောက်ရေး လှုပ်ရှားမှုအဖြစ် ညောင်ရွှေမြို့နယ်တွင် စာမတတ်မြောက်သူ ၁၄၈၁ ဦးကို စာသင်ဝိုင်း ၁၆၉ ဝိုင်းဖြင့် သင်ကြားဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ပညာရေးမှူး ဒေါ်နီနီတင်က ပြောသည်။

လူတိုင်းအတွက်ပညာရေး ရည်မှန်းချက်အရ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းကို ၂၀၁၅ ခုနှစ်တွင် ၉၅ ဒသမ ၅ ရာခိုင်နှုန်းရရှိရေးအတွက် လူထုလှုပ်ရှားမှု အသွင်ဖြင့်ဆောင်ရွက်ရန်ရှိပြီး ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် နမူနာနည်းလမ်းကောင်းများ ရှာဖွေဖော်ထုတ်သွားမည်ဖြစ်သည်။

စာတတ်မြောက်ရေး လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဒေသခံလုပ်အားပေးများသာမက တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ ရပ်ဝေးလုပ်အားပေးများ၏ ပံ့ပိုးမှုဖြင့် စာတတ်မြောက်မှု သေချာခိုင်မာအောင် ဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် နွေရာသီကာလ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို ဧပြီ ၁ ရက်မှစတင်၍ ကျေးရွာ ၁၀၂ ရွာတွင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စာသင်ဝိုင်း တစ်ဝိုင်းလျှင် သင်ယူသူ ၁၀ ဦး သတ်မှတ်ထားရှိပြီး တောင်ကြီးတက္ကသိုလ်မှ လုပ်အားပေးတစ်ဦးနှင့် ဒေသခံလုပ်အားပေးတစ်ဦး စုစုပေါင်း နှစ်ဦး တာဝန်ယူသင်ကြားပေးလျက်ရှိကြောင်းသိရသည်။

ဒေသအခြေအနေအရ သတ်မှတ်ကာလအတွင်း တစ်ရက်သုံးနာရီနှုန်းဖြင့် ရက်ပေါင်း လေးဆယ် စုစုပေါင်းသင်ယူချိန် နာရီ ၁၂၀ကြာ သင်ကြားပို့ချနိုင်ရန် စီစဉ်ထားရှိကြောင်း မြို့နယ်ပညာရေးမှူး ဒေါ်နီနီတင်ကပြောသည်။

အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှုကို ဧပြီ ၁ ရက်မှ မေ ၁၅ ရက်ထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ညောင်ရွှေမြို့နယ်၊ မောက်မယ်မြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် နမ္မတူမြို့နယ်၊ သိန္နီမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင်တာချီလိတ်မြို့နယ်တို့ပါဝင်သည်။

**နေမျိုးသူရိန်**

# ဇလွန်မြို့၏ အင်ဂိုလ်ရေကန်ပြန်လည်ပြုပြင်ရန် ဒေသခံများလိုလား

**ဇလွန် ဧပြီ ၄**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ ဗိုလ်ချုပ်လမ်းမကြီးနားဘေးရှိ အင်ဂိုလ်ရေကန်သည် လွန်ခဲ့သောနှစ်များမှ ရေများ တဖြည်းဖြည်းခန်းခြောက်လာရပြီး ယခုနှစ်တွင် ရေများ ခန်းခြောက်လာရသည့်အပြင် အမှိုက်များဝင်နေ၍ ယင်းရေကန်အား ပြန်လည်ပြုပြင်ရန် ဒေသခံများက လိုလားနေကြောင်းသိရသည်။

အဆိုပါ ရေကန်မှာ အလျား ၁၀၀ ပေ၊ အနံ ၃၅ ပေ၊ အနက် ၁၅ ပေခန့်ရှိပြီး အင်ဂိုလ်ဘုန်းတော်ကြီးကျောင်းပရဝဏ်အတွင်းတည်ရှိကာ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီးမှလေးဖာလုံခန့်ကွာဝေးသည်။

ယင်းရေကန်သည် ယခင်က တစ်နှစ်ပတ်လုံး ရေခန်းခြောက်ခြင်းမရှိဘဲ အနီးပတ်ဝန်းကျင်ရပ်ကွက်များမှ ချိုးရေ၊ သုံးရေအဖြစ်အသုံးပြုခဲ့ ကြောင်းသိရသည်။

ယခုအခါ အဆိုပါ ရေကန်အနီး၌ သဒ္ဓမ္မရံသီစေတီတော် ပူဇော်တည်ထားနေချိန်တွင် ဘုရား၊ ကျောင်း၊ ကန်ဟူသော သာသနာတော်ကြီးပိုမို ထွန်းလင်းတောက်ပလာစေရန်အတွက် အဆိုပါရေကန်ကို ပြန်လည်ပြုပြင်ရန် လိုအပ်ကြောင်း ဒေသခံများက ပြောပြ၍ သိရသည်။

**အေးနိုင်(ဇလွန်)**



# တရုတ်(တိုင်ပေ)မှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများသွားရောက်လေ့လာ

**မန္တလေး ဧပြီ ၄**

Taiwan Trade Center ၏ ဖိတ်ကြားချက်အရ တရုတ်(တိုင်ပေ)တွင်ကျင်းပမည့် Sourcing Taiwan 2015 ပြပွဲတွင် တရုတ်(တိုင်ပေ)ရှိ နာမည်ကြီးကုမ္ပဏီများ၏ အဆင့်မြင့်နည်းပညာဖြင့် တီထွင်ထုတ်လုပ်ထားသော ထုတ်ကုန်ပစ္စည်းများအား လေ့လာရန်မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဝင် ၁၅ ဦးတို့သည် မတ် ၃၁ ရက်က သွားရောက်ခဲ့သည်။

ထိုသို့သွားရောက်ခဲ့ရာတွင် မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်း၊ ဒုတိယဥက္ကဋ္ဌ (ပြည်ပဆက်ဆံရေး) ဦးကျော်မင်း၊ဦးအောင်ဆန်းဝင်း၊ အတွင်းရေးမှူး ဒေါက်တာမောင်မောင်တို့ ဦးဆောင်ပါဝင်ခဲ့သည်။

တရုတ်(တိုင်ပေ)သို့ မြန်မာနိုင်ငံမှ သစ်သီးများနှင့် ရေထွက်ကုန်များ၊ သစ်အချောထည်၊ ကျောက်မျက်ရတနာများရောင်းချပြီး တရုတ်(တိုင်ပေ)မှ လျှပ်စစ်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အဝတ် အထည်များပြန်လည်တင်ပို့ရောင်းချသည်။ **သီဟကိုကို(မန္တလေး)**

ပန်းဧကရီ (Group Package များကို အထူးစီစဉ်ပေးသည်။)
အဆင့်မြင့်ခရီးသွားလုပ်ငန်း
တောင်ကြီး Mar 28, Apr 12, 17
မန္တလေး၊ အမရပူရ၊ အင်းဝ၊ စစ်ကိုင်း၊ မင်းကွန်း ... Mar 28, Apr 12, 17
ရွှေစက်တော်၊ ပုဂံ Mar 28, Apr 12, 17
မြဝတီ၊ ရွှေလီ Apr 12
ထားဝယ်၊ တနင်္သာရီ Apr 12
တာချီလိတ်၊ မယ်ဆိုင်၊ ချင်းရိုင် Apr 12
09-73098523
09-254268089

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 705968

CAR RENTAL
ခရီးစဉ်မျိုးစုံအတွက် ကားမျိုးစုံ
ဈေးနှုန်းချိုသာစွာဖြင့် ငှားရမ်းနိုင်ပါသည်။
ဖုန်း-၅၂၆၉၀၁၊၀၉-၇၃၀၃၉၅၉၁

## ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးဌာန
## (ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ အောက်ဖော်ပြပါ ကျေးလက်ဒေသတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ကွန်ကရစ်လမ်း
(ခ) ကတ္တရာလမ်း
(ဂ) ကျောက်ချောလမ်း
(ဃ) မြေသားလမ်း
(င) ကွန်ကရစ်တံတား
(စ) သစ်သားတံတား
(ဆ) ရေပြွန်တံတား
(ဇ) တွင်းတိမ်(2"Ø×200')
(ဈ) တွင်းနက်(4"Ø×400')
(ည) လက်တူးတွင်း
(ဋ) မြေသားမိုးရေလှောင်ကန်
(ဌ) နေရောင်ခြည်စွမ်းအင်မီးလင်းရေး
(ဍ) လျှပ်စစ်ဓာတ်အားမီးလင်းရေး
(ဎ) ဇီဝမီးလင်းရေး
(ဏ)တန်ဖိုးနည်းအိမ်ရာ
(တ)ယင်လုံအိမ်သာ

၂။ တင်ဒါတင်သွင်းလိုသည့် ကုမ္ပဏီများသည် ဦးစီးဌာနက သတ်မှတ်ထားသော လုပ်ငန်းစံနှုန်း၊ ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ်ရေးဆွဲ တွက်ချက်တင်ပြရန်ဖြစ်၍ ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် Profile တင်ပြရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၈-၄-၂၀၁၅ရက်မှ ၃၀-၄-၂၀၁၅ရက်အထိ ရုံးချိန်အတွင်း (ပိတ်ရက်မရှိ)ရောင်းချပေးသွားမည်ဖြစ်ပြီး ၃၀-၄-၂၀၁၅ရက် နောက်ဆုံးထားတင်သွင်းရန်နှင့် တင်ဒါဖွင့်လှစ်မည့်နေ့ရက်ကို တင်ဒါတင်သွင်းသူများထံသို့ ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါသည်။

၄။ တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် တင်ဒါပေးသွင်းရမည့်လိပ်စာမှာ ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြက်တိုစုပေါင်းရုံးလမ်း၊ အမှတ်(၁၃)ရပ်ကွက်၊ ပုသိမ်မြို့ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုသော အချက်အလက်များအား ၉-၄-၂၀၁၅ရက်မှစ၍ တိုင်းဒေသကြီးရုံး ဖုန်းနံပါတ် ၀၄၂-၂၉၂၀၇နှင့် ၀၄၂-၂၉၂၀၉ တို့အားလည်းကောင်း ခရိုင်နှင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးများတွင်လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ
ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ယဉ်ယဉ်မိသားစု သကြံန်အဆင့်မြင့်အထူးခရီးစဉ်
ဘားအံ၊ မြဝတီ၊ မဲဆောက်၊ ဖဝေါ
(စရိတ်ငြိမ်း ၂၀၀၀၀ဝိ/ကျပ် Hotel အိပ်၊ Hotel စား)
ဧပြီ(၁၁မှ ၁၅ထိ) L~7 ယုဇနပလာဇာမြေညီ
ဖုန်း-၀၁-၂၀၀၇၄၇ လိုင်းခွဲ-၁၃၁၅၊ ၀၉-၇၃၀၀၉၈၄၁

**မြို့ရွာတစ်ခွင်သာစေချင်မီးတွင်မပေါ့နှင့်**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(မွန်ပြည်နယ်)
## တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ (မွန်ပြည်နယ်)ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့မှ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တရားဝင်အသိအမှတ်ပြုလိုင်စင်ရ လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။

| တည်နေရာ | လုပ်ငန်း |
|---|---|
| မော်လမြိုင်မြို့ | (၄)ခန်းတွဲ(၄)ထပ်(၁၆)ခန်းပါ (RC) အရာထမ်းကြီးများအိမ်ရာ (၁)လုံး (ရေ/သန့်၊ လျှပ်စစ်အပါအဝင်) |
| မော်လမြိုင်မြို့ | (၄)ခန်းတွဲ (၄)ထပ် (၁၆)ခန်းပါ (RC) အမှုထမ်းများအိမ်ရာ(၄)လုံး ရေ/သန့်၊ လျှပ်စစ်အပါအဝင် |
| သထုံမြို့ | (၄)ခန်းတွဲ(၄)ထပ်(၁၆)ခန်းပါ (RC) ဝန်ထမ်းအိမ်ရာ (၂)လုံး(ရေ/သန့်၊ လျှပ်စစ်အပါအဝင်) |
| ကျိုက်ထိုမြို့ | (၄)ခန်းတွဲ(၄)ထပ်(၁၆)ခန်းပါ (RC) ဝန်ထမ်းအိမ်ရာ (၁)လုံး(ရေ/သန့်၊ လျှပ်စစ်အပါအဝင်) |

၃။ တင်ဒါရောင်းချမည့်နေ့ရက်နှင့်အချိန် -တင်ဒါကြော်ငြာပါသည့်ရက်မှ ၃၀-၄-၂၀၁၅ရက်အထိ ရုံးပိတ်ရက်များမှအပ နေ့စဉ် နံနက် ၁၀:၀၀နာရီမှ ၁၆:၀၀နာရီအတွင်း

၄။ အိတ်ဖွင့်တင်ဒါနှင့် ပတ်သက်သော လိုအပ်သည့် တင်ဒါပုံစံ၊ စည်းကမ်းချက်များ၊ ဗီသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရေးကော်မတီ
ပြည်နယ်ဦးစီးမှူးရုံး၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
မွန်ပြည်နယ်၊ မော်လမြိုင်မြို့။ ဖုန်း-၀၅၇-၂၅၉၅၃၊ ၀၅၇-၂၆၉၂၃

# "ရွှေမင်္ဂလာ"

ချောင်းသာ → ငွေဆောင် အပန်းဖြေမည့် မိတ်ဆွေများ အတွက်

## သတင်းကောင်း

ပန်းတနော်မြို့ တွင် ဆိုင်သစ်ဖွင့်လှစ်ထားသော " ရွှေမင်္ဂလာ "အဆင့်မြင့် စားသောက်ဆိုင် နှင့် စက်သုံးဆီအရောင်းဆိုင်ကြီး (မှ)

(၁) သန့်ရှင်းလတ်ဆတ်၍ မွှေးကြိုင်သော အစားအသောက်များ စားသုံးနိုင်ခြင်း၊
(၂) ကျွမ်းကျင်သော ဝါရင့်စားဖိုမှူးကြီးများ နှင့် ဝန်ထမ်းများမှ နွေးထွေးပျူငှာစွာ ဧည့်ခံခြင်း၊
(၃) မြန်မာ–တရုတ်–ထိုင်း အစားအသောက်များ " ရွှေမင်္ဂလာ" ဘဲကင် နှင့် အအေးမျိုးစုံအဖျော်ယမကာများ၊
(၄) မနက်စာ– ပုသိမ် ရွှာသစ် မုန့်ဟင်းခါး – ခေါက်ဆွဲ အကြော်စုံ နှင့် လက်ဖက်ရည်–ကော်ဖီ–နန်းကြီး–နန်းပြား–ဆီချက်–ကော်ရည် ကြေးအိုး–ကြေးအိုးဆီချက်–လက်ဖက်ထမင်း–ပဲထမင်း နှင့် အခြားသောမနက်စာများကို နေ့စဉ်ပုံမှန် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက် ရှိကြောင်းသတင်းကောင်းပါးအပ်ပါသည်။
(၅) " ရွှေမင်္ဂလာ " ဆိုင်သစ်ကြီး၏ဝန်ဆောင်မှုအဖြစ် လက်ဆောင်ပစ္စည်းမျိုးစုံ၊ ဧရာဝတီတိုင်းဒေသထွက်ကုန် ပုသိမ်ထီးမျိုးစုံ ၊ ပုသိမ်ဟာလဝါ နှင့် ဒေသပတ်ဝန်းကျင်အလှအပ ပန်းမျိုးစုံတို့ကို စံစားရင်း စိတ်ချမ်းမြေ့စွာ ဝင်ရောက် အပန်းဖြေအနားယူနိုင်ပါသည်။ ခင်ဗျာ –
(၆) စက်သုံးဆီများကိုလည်း "ရွှေမင်္ဂလာ" ဆီဆိုင်မှ ဈေးနှုန်းနှင့်ဂါလန်ပြည့်မှု ပစ္စည်းအရည်အသွေး ကောင်းမွန်မှုတို့ကို အထူးပင် အာမခံရောင်းချပေးလျက်ရှိပါသည်။

မိတ်ဆွေများ၏အားပေးမှုကို အစဉ်လေးစားလျက်
"ရွှေမင်္ဂလာ" စားသောက်ဆိုင်မိသားစု။



# အူရီဒူး မိသားစု နဲ့အတူ စီးပွားရေးလုပ်ငန်း အခွင့်အလမ်းသစ်များ

၂၀၁၅ မှာ အူရီဒူး ကွန်ရက်ကို ပိုမိုကျယ်ပြန့်စွာ ဖြန့်ကြက်နေပြီဖြစ်၍ လက်ကား အရောင်းကိုယ်စားလှယ်များ အဖြစ် ပူးပေါင်းလုပ်ကိုင်ရင်း အူရီဒူး မိသားစုထဲကို ပါဝင်ဖို့ ဖိတ်ခေါ်လိုက်ပါတယ်။

ooredoo



အူရီဒူးက စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ် နဲ့ တနင်္သာရီတိုင်းဒေသကြီးတို့မှာ ဖြန့်ချိရေး ကိုယ်စားလှယ်များ ခန့်အပ်ရန် ရှာဖွေနေပါတယ်။အူရီဒူး နှင့် ပူးပေါင်းလုပ်ကိုင်ဖို့ စိတ်ဝင်စားတယ်ဆိုရင် partnerregistration@ooredoo.com.mm ကို အောက်ပါအချက်အလက်များ ရေး၍ပို့ပေးပါ။

- ကုမ္ပဏီအမည်
- လက်ရှိ လုပ်ငန်းရဲ့သဘောသဘာဝ
- လုပ်ငန်းလုပ်ကိုင်လိုသည့် နေရာဒေသ
- ဆက်သွယ်ရမည့် ပုဂ္ဂိုလ်
- ဆက်သွယ်ရမည့် ဖုန်းနံပါတ်
- လုပ်ငန်းစတင်နိုင်မယ့်နေ့

သတ်မှတ်ချက်များ

သတ်မှတ်ထားသော အရည်အချင်းများနဲ့ ကိုက်ညီသော လျှောက်လွှာရှင်များကိုသာ စဉ်းစားမှာ ဖြစ်ပါတယ်။
အူရီဒူး မြန်မာအနေနဲ့ ပူးပေါင်းလုပ်ကိုင်ရန်စိတ်ဝင်စားသော လျှောက်လွှာရှင်များကိုသာ ဆက်သွယ်မှာ ဖြစ်ပါတယ်။

mntv


# ရုပ်သံလိုင်းတွင် နာမည်ကြီး “ဂျပန်ဆာမူရိုင်း” ဇာတ်လမ်းတွဲအား မေ(၇)ရက်နေ့တွင် ထုတ်လွှင့်ပြသပါမည်။

ဂျပန်နိုင်ငံမှ သမိုင်းဝင် ထင်ပေါ်ကျော်ကြားမှုအရှိဆုံး သူရဲကောင်းများထဲတွင် ရိုမာလည်းအပါအဝင်ဖြစ်သည်။ ရိုမာသည် အတိုက်အခိုက်ကျွမ်းကျင်ပြီး စီးပွားရေးလုပ်ငန်းရှင်လည်းဖြစ်သည့်အပြင် ဂျပန်နိုင်ငံကို မြေရှင်ပဒေသရာဇ်စနစ်မှ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်အောင်ပြောင်းလဲပေးခဲ့သည့်အတွက် အညတရဘဝမှ ထင်ရှားကျော်ကြားသော ခေါင်းဆောင်အဖြစ် တစ်မုဟုတ်ချင်း ထင်ပေါ်ကျော်ကြားလာခဲ့သည်။ သမိုင်းတွင်သူရဲကောင်းရိုမာက သူ့တစ်သက်တာ(၃၃) နှစ်အတွင်း ရှိုဂန်စနစ်ကိုဆန့်ကျင်ခဲ့သကဲ့သို့ အနောက်အင်အားကြီးနိုင်ငံများ၏ ကျူးကျော်မှုများကိုလည်း အမိနိုင်ငံလွတ်လပ်ရေးတည်တံ့ခိုင်မြဲရေး အတွက် ခုခံတွန်းလှန်ခဲ့ပုံများကို ဇာတ်အိမ်ဖွဲ့ထားသည့် ဂျပန်ဇာတ်လမ်းတွဲ သမိုင်းတွင်သူရဲကောင်းရိုမာ (RYOMADEN the Legend) အား mntv တွင် မကြာမီ ရှုစားကြရပါမည်။



**အပိုင်းသစ်ပြသမည့်နေ့ အင်္ဂါ - ည (၉:၂၀) နာရီ**
**ပြန်လည်ပြသမည့်နေ့ ဗုဒ္ဓဟူး - နေ့လယ် (၁:၂၀) နာရီ**


**STARRING**











mntv အခမဲ့ ရုပ်သံလိုင်းကို နေပြည်တော်၊ ရန်ကုန်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အခမဲ့ ဖမ်းယူကြည့်ရှုနိုင်ပြီး ကျန်ဒေသများတွင် Sky Net DTH စက်ဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။


At the forefront of world-class engineering & construction
" You Dream
We Develop "
M&A
CONSTRUCTION
Providing high quality engineering, procurement, fabrication and construction of high-rise development projects led by a team of highly capable personnel and professionals
Full project management capabilities for structure, architectural, mechanical and electrical works
Vantage Office Tower Project
Ngwe Saung Yacht Club & Resort Project for 27th SEA Games Sailing Event
Myint & Associates Construction Co., Ltd.
No. 84-85, Hlaing Myint Moh Lane #1, 10th Quarter, Hlaing Tsp., Yangon, Union of Myanmar
Tel : (95-1) 521 003 / 507 100 Fax : (95-1) 501 501
email : myint@myintassociates.com.mm

ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်

# 68 RESIDENCE CONDOMINIUM

68 RESIDENCE
WE DEFINE LIFESTYLE

DEVELOPED BY:
UNITED GP
Development by GOLDEN PALACE

ကမ္ဘာအေးစေတီလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဘိုးဘွားပိုင်မြေ တစ်ဧကပေါ်ရှိ
အထပ်ပေါင်း (၂၇)ထပ်၊ အခန်းပေါင်း (၃၇၅)ခန်းပါရှိမည့် ကမ္ဘာ့အဆင့်ကွန်ဒိုမီနီယံနှင့်
SOMERSET SERVICED RESIDENCE ပါရှိသော
မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း







## 5 % Discount
## +
## Interior Decoration Package with fully furnished facilities

( 5th February - 12th April, 2015)
*Terms & Conditions

- မြန်မာနိုင်ငံ၏ ပထမဆုံးသော Infinity Sky Swimming Pool & Garden @ 27th Storey
- မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ရည်ရွယ်ချက်မျိုးစုံအသုံးပြုနိုင်သည့် Dual Key System Unit များ
- အပူဓာတ်နှင့် အသံဆူညံမှုတို့ကို အပြည့်အဝကာကွယ်ပေးသည့် မှန်နှစ်ထပ်ပါ Loe E-Glass System
- တစ်ခန်းရာတည်းတွင် ဧည့်ခန်းနှင့်လူနေအိမ်ခန်းတွဲလျက်ပါရှိမည့် Duplex System
- အဆင့်မြင့် Smart Home System နှင့် လုံခြုံရေး Finger Print Access System
- အဆင့်မြင့်မီးဘေးအန္တရာယ် ကာကွယ်ရေးစနစ်နှင့် အလိုအလျောက် မီးငြိမ်းသတ်စနစ်

More than
**84%**
Sold Out

**အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနေပါသည်။**

ငလျင်ဒဏ်ကိုရစ်ချက်တာစကေးအနည်းဆုံး(8)ခံနိုင်အောင်
တည်ဆောက်ထားပါသည်။

CONDOMINIUM LAW အရ မြေပိုင်ဆိုင်မှုကိုလည်း
အခန်းဝယ်ယူသူအားလုံး ရာသက်ပန် စုပေါင်းအချိုးကျပိုင်ဆိုင်နိုင်မည့်
အလွန်စိုင်မာသောရင်းနှီးမြှုပ်နှံမှု

| ROOM TYPES | SQFT |
|---|---|
| 1 BEDROOM | 750 Sqft |
| 2 BEDROOMS | 1000 - 1100 Sqft |
| 2 BEDROOMS + STUDY | 1200 - 1300 Sqft |
| 3 BEDROOMS + STUDY | 1380 - 1580 Sqft |
| DUPLEX (3 BEDROOMS + 1) | 2100 Sqft |
| DUAL KEY (2 BEDROOMS + 1 BEDROOM) | 2100 Sqft |

SHOWROOM :
44/A, SAYAR SAN ROAD, BAHAN TOWNSHIP, YANGON, MYANMAR.
01-8604477, 09-4253 10993, 09-730 40513, 09-4500 21758, 09-540 7541, 09-2501 41060


Model : R906
Operating Weight : 23 Tons
Engine Output : 105 kW/ 143 HP
Bucket Capacity : 1.2 m³ (Heavy Duty)
Low Fuel Consumption : 12 - 15 Liter per hour
LIEBHERR
906
USD $ 159,900
( All Taxes Included )
• 12 months installment payment
( Terms & Conditions Apply )
• 1 Year Maintenance Free
(Included Parts)
Octagon Automobiles & Machinery Services - The Exclusive Authorised LIEBHERR Dealer in Myanmar.
Contacts : 09 2501068632, 09 450055445, 09 402600766
www.facebook.com/LiebherrMyanmar
LIEBHERR


နားဆင်
ကြည့်ရှု
မျှဝေ
အသက်ဝင်နေတဲ့ ဘီဘီစီရဲ့ သတင်းတွေ
တီဗီ၊ အွန်လိုင်း၊ မိုဘိုင်း နဲ့ ရေဒီယို
BBC
မြန်မာပိုင်းအစီအစဉ်
သက်ဝင်လှုပ်ရှား ဖြစ်ရပ်များ


APEX Airlines
The Smart Way to Fly
SPECIAL SMART PACKAGE
Nay Pyi Taw
APEX Airlines ၏နေပြည်တော် - ရန်ကုန် - ထားဝယ် - မြိတ် - ကော့သောင်း လေကြောင်းခရီးစဉ်များကို ၂၀၁၅ ခုနှစ်၊ ဧပြီလ(၇)ရက်နေ့မှ စတင်ပြေးဆွဲမည်ဖြစ်ပြီး လေယာဉ်လက်မှတ်များကို Online မှတစ်ဆင့်သော်လည်းကောင်း၊ အောက်ပါ တယ်လီဖုန်းနံပါတ်များမှ တစ်ဆင့်မှာယူပြီး မိမိတို့နှင့် နီးစပ်ရာ APEX Airlines လေယာဉ်လက်မှတ် အရောင်းကိုယ်စားလှယ်များထံတွင် ဝယ်ယူနိုင်ပါသည်။
Inclusive:
- Return Airfare
- Hotel with Breakfast
- Airport Transfer
from 100,000 Ks
USD 100
Starting From
7th April 2015
APEX Airline Public Company Limited
Ground Floor, Seasons of Yangon International Airport Hotel, Mingalardon Township (11021), Yangon, Myanmar.
Tel : 95 - 1 - 53 3300-311 Fax : 95 - 1 - 53 3312
Email : tro@apexairline.com, smkto@apexairline.com
Website : www.apexairline.com
Book Online: www.apexairline.com


SHARP
ဂျပန်အရည်အသွေးကောင်းပစ္စည်းများနှင့် နှစ်မြိုက်ပျော်မွေ့ပါ။
AQUOS Quattron Pro
Ion
Plasmacluster
ASIA FORTUNA ELECTRONICS
JAPAN TECHNOLOGY
SHARP ကို ဂျပန်နိုင်ငံတွင် (၁၉၁၂) ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး နှစ်ပေါင်း (၁၀၀)ကျော် ယုံကြည်အားထားလူကြိုက်များသော ဂျပန်ကုန်တံဆိပ်ဖြစ်ပါသည်။ သင့်ဘဝနေထိုင်မှုစနစ်ကို SHARP နှင့်တကွ ဂျပန်နည်းပညာများနှင့်အတူ ပြောင်းလဲလိုက်ကြပါစို့
Moe Yu San, Actress,
SHARP Ambassador
SDM COMPANY LIMITED.
Tel No.: +95-1-249585, 249588 – 89, 249591
KOTEN ပွဲတော်လိပ်စာ
ASIA FORTUNA ELECTRONICS.
အမှတ်(၁၂၃)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြို့မရပ်ကွက်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့။
ဖုန်း - (၀၈၁) ၂၁၃၆၉
SHARP MYANMAR:
www.facebook.com/Myanmar.Sharp
www.sharp.com.sg




ရွှေဂန္ဓမာအင်တာနေရှင်နယ်ထရေးဒင်းလီမိတက်၏
**Gandamar Grand Ballroom** ကို
ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်
Gandamar Wholesale Level (III)၌
၁-၄-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)တွင် ဖွင့်လှစ်ပြီးပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။




*အလျား ၂၀၀ ပေ × အနံ ၁၅၅ ပေ × အမြင့် ၂၀ ပေ ( ၃၁,၀၀၀ Sqft )ရှိ ခန်းမကြီးထဲတွင် မင်္ဂလာ ဆည်ခံပွဲများ အတွက်လူဦးရေ၁၂၀၀ဦး နှင့် Conference, Meeting, Seminar, Workshop, Product Launch များအတွက်လူဦးရေ ၁၄၀၀ဦး အထိ လက်ခံကျင်းပ ပေးနိုင်ပါသည်။

*Fashion Show, Live Show, Stage Show များကျင်းပနိုင်ရန် ခေတ်မီ Lighting System များနှင့် JBL Line Array Sound System အပြင် ၂၀ပေ × ၁၄ ပေနှင့် ၁၆ပေ × ၁၄ပေရှိ Large Format Display Screen ကြီး(၂)ခု တပ်ဆင်ပေးထားပါသည်။

*Dinner Party, Birthday Party, Staff Party နှင့်Gathering များလည်းကျင်းပပေးနိုင်ပါသည်။

*Myanmar, Chinese, European, Indian အစားအစာ မျိုးစုံအား စားသုံးသူ စိတ်ကြိုက် ဆောင်ရွက်ပေးပါသည်။

*ကားအစီးရေ ၄၀၀ ကျော် ရပ်နားနိုင်သော ကျယ်ဝန်းသည့် ကားပါကင် ထားရှိပေးပါသည်။

Gandamar Wholesale Level-3, Mayangone Township, Yangon. Ph - (+95-1) 657834, 657311.
gandamargrandballroom@gmail.com.

# စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၄/၂၀၁၅)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို တင်ဒါခေါ်ယူလိုပါသည်-

မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း

(က) စက်နှင့်စက်အရန်ပစ္စည်းများ-Flexible Water Hose

(ခ) ကုန်ကြမ်းပစ္စည်းများ-Woven Polypropylene Bag(WPP-Bag) Low Density Polyethylene (LDPE)

(ဂ) ဓာတုဗေဒပစ္စည်းများ-Hydrochloric Acid,Calcium Hypochloride (Bleaching Liquid),Sulphuric Acid

နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း

(က) ဓာတုဗေဒပစ္စည်းများ-Mcrox Catalyst Reagent No.-1(MCR.No-1), Unicor LHS (Corrosion Inhibitor), Propylene Dichloride (PDC), Silica Gel and Fluorescent Indicator Dyed Gel,Antifoaming Agent

(ခ) စက်နှင့်စက်အရန်ပစ္စည်းများ-PCB Variable Guide Vanc Amplifier,Low Voltage Manager (BDM-100), Spare Parts for Urea Hydrolyzer Feed Pump,Urea Solution Pump,MP Absorbent Return Pump & Diaphragm Disc Pack

၂။ တင်ဒါပုံစံရောင်းချမည့်နေ့ရက် - ၂-၄-၂၀၁၅ ရက်

တင်ဒါပိတ်မည့်ရက်၊ အချိန် - ၅-၅-၂၀၁၅ ရက်၊ ၁၂း၀၀ နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**စီမံရေးဌာန**
**ဘဏ္ဍာရေးဌာန**
**ရုံးအမှတ်(၄၄)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃**

## (၁)လပြည့်လွမ်းဆွတ်သတိရခြင်း
## ဒေါ်မြချစ် (မာန်အောင်)

ဒေါ်မြချစ် (ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ သိမ္ဗလရွာ) (၅၉)နှစ်သည် ၄-၃-၂၀၁၅ ရက်တွင် ကွယ်လွန်သွား၍ ၄-၄-၂၀၁၅ရက်တွင် တစ်လပြည့်ခဲ့ပြီဖြစ်ပါသည်။ ကျန်ရစ်သူ မိသားစုများမှပြုလုပ်သော ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ကောင်းမှုများကို အနန္တဂိုဏ်းဝင်ကျေးဇူးရှင် မိခင်ဒေါ်မြချစ် မြင့်မြတ်သောဘုံဘဝမှ ရရှိခံစားနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သ အပ်ပါသည်။ မိခင်ကြီး ဒေါ်မြချစ် အမျှ . . . အမျှ . . . အမျှ . . .

**ခင်ပွန်း -ဦးညိုအောင်(ခ)လူပိန်**
**သားများ-ရဲအုပ်ချစ်လွင်၊ ဆန်းလွင်(ခ)ဘာလေး(ရွှေပန်းတိမ်)၊ ဦးရဲလွင်(ထွေအုပ်၊ ဒုဦးစီးမှူး)**

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ရှိုင်ဒါရော့(ဖ်)(ခ)ဒေါ်ခင်လှမြင့် (၅၅)နှစ်
**M.Sc(Zoo),H.G.P,RL**
**Branch Convent ကျောင်းသူဟောင်း**

ရန်ကုန်မြို့၊အမှတ်(၆၈)၊ (၁၂၅)လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့် မြို့နယ်နေ MR.Syed M.A. Rauf(Ex: Proprietor of EXCEL TRADING Co.)- [ဟာဂျီမ ဒေါ်စဖူရာဘီဘီ(ခ)ဒေါ်စန်းရီ(ခ) SallyJalle]-EX:BUSINESS REP OF PAMKAYU(M) SDN. BHD & ENCON INTERNATIONAL(P)LTD INDIA) တို့၏ချစ်လှစွာသော သမီးကြီး၊ (Syed. M.A Master Jalle -A.B.M ကျောင်း-ရန်ကုန်)-(ဆရာမကြီးဒေါ်ကူလ်စွန်ဘီဘီရှိတ်ဆလာမက်) တို့၏မြေးဦး၊ ရန်ကုန်မြို့၊ အမှတ်(၂၂)၊ သုံးမြှောင့်လမ်း၊ သပြေကုန်းရပ်ကွက်နေ (SyedM.A. Rahim-အထက်မြန်မာပြည်၊ ထောင်မှူးကြီး)-(ဒေါ်ဗိုင်နက် ဘီဘီ)တို့၏မြေး၊ Salma Rauf(ခ) မစန်းစန်းမြင့် (ဥပဒေအကျိုးဆောင်)၊ ဟာဂျီ Syed M.A Nasir Rauf (ခ)မောင်မောင်မြင့် (Authorized Distributor &Yangon Technical Representative of Medical Gases Central Pipeline System& Oxygen Concertrator Central Uni Co.,Ltd (C&U) Tokyo, FUKUOKA, JAPAN), Syed M.A Najeeb Rauf (Proprietor of Gold Chan Trading Co.,TAIWAN)၊ [ဂိုလာမ်ဟာစန်(ခ)မောင်ဝင်း ကျော်အောင်(LL.B အလုပ်သင်ရှေ့နေ)]၏ ချစ်လှစွာသောအစ်မကြီးသည် ၁-၄-၂၀၁၅ရက် နံနက် ၁း၁၅နာရီတွင် အလ္လာဟ်သျှင်မြတ်၏ အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ဇိုဟိုရ်နမဇ်အပြီး၊ မွန်းလွဲ ၁း၃၀နာရီတွင် ရေဝေးစွန်နီကဘာရ်စတန်၌ ဒါဖွာနာပြီးစီးပါကြောင်း။ **ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦး R.P Thaung (၉၃)နှစ်

စီးပွားရေးတက္ကသိုလ်(၁၉၇၁-၇၅)ကျောင်းသူ Angela B Thaung (B.Com.A.A)၏ ချစ်လှစွာသော ဖခင်ကြီးသည် ၁-၄-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းရပါကြောင်း။

**စီပွားရေးတက္ကသိုလ်(၁၉၇၁-၇၅)**
**ကျောင်းသူ/ကျောင်းသားများ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## နယ်စပ်ရေးရာဝန်ကြီးဌာန
## တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ အောက်ပါနေရာများတွင် ယှဉ်တွဲပါ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် **၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်တွင် ပါရှိပြီးဖြစ်ပါ၍** သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ တည်ဆောက်ပြီးစီးနိုင်ရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

| စဉ် | လုပ်ငန်းတည်နေရာ | လုပ်ငန်းအမည် |
|---|---|---|
| ၁ | ပြည်ထောင်စုတိုင်းရင်းသား ဖွံ့ဖြိုးရေး တက္ကသိုလ် | (၂)ထပ်အိပ်ဆောင် (၁)လုံး၊စားရိပ်သာ(၁)လုံး၊ လေ့ကျင့်ရေးအထကစာသင်ဆောင် (၁)လုံး၊ ကျောင်းတွင်းကတ္တ ရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း (၂)ခု၊ |
| ၂ | ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) | ကျောင်းသား (၁၈၀)ဆံ့ (၃)ထပ်အိပ်ဆောင် (၁)လုံး၊ စားရိပ်သာ(၁)လုံး၊ ကျောင်းသား (၃၆၀)ဆံ့ (၃)ထပ်စာသင်ဆောင် (၁)လုံး၊ |
| ၃ | ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) | သုံးထပ်ပင်မစာသင်ဆောင်အနောက်ဘက်ခြမ်းဆောက်လုပ်ခြင်း၊ သုံးထပ်ပင်မစာသင်ဆောင်လက်ယာတောင်ပံဆက်ခြင်း၊ပစ္စည်းဂိုဒေါင် (၁)လုံး၊ သံကူကွန်ကရစ်ရေစင် (အမြင့်၅၀') (၁)လုံး၊ကျောင်းသားသုံးထပ်အိပ်ဆောင် (၄)လုံး၊ ဆေးခန်း (၁)လုံး၊စားရိပ်သာ(၁)လုံး၊ဆရာမအဆောင် (၆)ခန်းတွဲ (၂)ထပ် (၁)လုံး၊ |
| ၄ | ဗဟိုလေ့ကျင့်ရေးကျောင်း (ရန်ကုန်) | သင်တန်းသား (၁၂၀)ဆံ့ (၂)ထပ်အိပ်ဆောင် (၁)လုံး၊ |
| ၅ | လူငယ်သင်တန်းကျောင်း (မြစ်ကြီးနား-၁) | ကျောင်းသူ (၆၀)ဆံ့နှစ်ထပ်အိပ်ဆောင်နှင့် ရေချိုးခန်းနှင့် (၆)ခန်းတွဲအိမ်သာ တွဲလျက် (၁)လုံး၊ |
| ၆ | လူငယ်သင်တန်းကျောင်း (ဟိုပင်)မိုးညှင်းမြို့နယ် | အုပ်ချုပ်မှုရုံး (၁)လုံး၊ တစ်ထပ်ခန်းမဆောင် (၁)လုံး၊ နှစ်ထပ်အိပ်ဆောင် (၁)လုံး၊ တစ်ထပ်စားရိပ်သာမီးဖိုတွဲလျက် (၁)လုံး၊ရေချိုးခန်းနှင့် (၈)ခန်းတွဲ အိမ်သာ (၁)လုံးနှင့် လုပ်ငန်း (၅)ခု၊ |
| ၇ | လူငယ်သင်တန်းကျောင်း (ဘော်လခဲ) | ကျောင်းသား (၈၀)ဆံ့ နှစ်ထပ်အိပ်ဆောင် (၁)လုံး၊ စားရိပ်သာ (၁)လုံး၊ ရေချိုးခန်းနှင့် (၈)ခန်းတွဲအိမ်သာ (၁)လုံး၊ (၄)ခန်းတွဲဝန်ထမ်းအိမ်ရာ (၁)လုံး နှင့် လုပ်ငန်း (၄)ခု၊ |
| ၈ | လူငယ်သင်တန်းကျောင်း (လွိုင်ကော်) | ကျောင်းသူ (၆၀)ဆံ့နှစ်ထပ်အိပ်ဆောင်နှင့် ရေချိုးခန်းနှင့် (၆)ခန်းတွဲအိမ်သာ တွဲလျက် (၁)လုံး၊ |
| ၉ | လူငယ်သင်တန်းကျောင်း (ကြာအင်းဆိပ်ကြီး) | အုပ်ချုပ်မှုရုံး (၁)လုံး၊တစ်ထပ်စာသင်ခန်းမ (၁)လုံး၊နှစ်ထပ်အိပ်ဆောင် (၁)လုံး၊ တစ်ထပ်စားရိပ်သာမီးဖိုတွဲလျက် (၁)လုံးနှင့် လုပ်ငန်း (၅)ခု၊ |
| ၁၀ | လူငယ်သင်တန်းကျောင်း (ပင်လယ်ဘူး) | အုပ်ချုပ်မှုရုံး (၁)လုံး၊ တစ်ထပ်စာသင်ခန်းမ (၁)လုံး၊ နှစ်ထပ်အိပ်ဆောင် (၁)လုံး၊ တစ်ထပ်စားရိပ်သာမီးဖိုတွဲလျက် (၁)လုံး၊ ရေချိုးခန်းနှင့် (၈)ခန်းတွဲ အိမ်သာ (၁)လုံး နှင့် လုပ်ငန်း (၅)ခု၊ |
| ၁၁ | လူငယ်သင်တန်းကျောင်း (လဟယ်) | ကျောင်းသား (၈၀)ဆံ့ နှစ်ထပ်အိပ်ဆောင် (၁)လုံး၊ ကျောင်းသား (၁၀၀)ဆံ့ စားရိပ်သာ (၁)လုံး၊ ရေချိုးခန်းနှင့် (၈)ခန်းတွဲအိမ်သာနှင့် လုပ်ငန်း (၂)ခု |
| ၁၂ | လူငယ်သင်တန်းကျောင်း (သထုံ) | နှစ်ထပ်အိပ်ဆောင် (၁)လုံး၊ စားရိပ်သာမီးဖိုတွဲလျက် (၁)လုံး၊ ရေချိုးခန်းနှင့် (၈)ခန်းတွဲ အိမ်သာ (၁)လုံးနှင့် လုပ်ငန်း (၄)ခု၊ |
| ၁၃ | လူငယ်သင်တန်းကျောင်း (ရေး) | အုပ်ချုပ်မှုရုံး (၁)လုံး၊ နှစ်ထပ်အိပ်ဆောင် (၂)လုံး၊ နှစ်ထပ်စားရိပ်သာ မီးဖိုတွဲလျက် (၁)လုံး၊တစ်ထပ်ခန်းမဆောင် (၁)လုံး၊ ရေချိုးခန်းနှင့် (၈)ခန်းတွဲ အိမ်သာ (၂)လုံးနှင့် လုပ်ငန်း (၆)ခု၊ |
| ၁၄ | လူငယ်သင်တန်းကျောင်း (ပခုက္ကူ) | နှစ်ထပ်အိပ်ဆောင် (၁)လုံး၊ ရေချိုးခန်းနှင့် (၈)ခန်းတွဲ အိမ်သာ (၁)လုံးနှင့် လုပ်ငန်း (၁)ခု |
| ၁၅ | လူငယ်သင်တန်းကျောင်း (စစ်တွေ) | ကျောင်းသား (၈၀)ဆံ့ နှစ်ထပ်အိပ်ဆောင် (၁)လုံး၊ ကျောင်းသူ (၆၀)ဆံ့ နှစ်ထပ်အိပ်ဆောင်နှင့် ရေချိုးခန်းနှင့် (၆)ခန်းတွဲအိမ်သာ တွဲလျက် (၁)လုံး၊ |
| ၁၆ | လူငယ်သင်တန်းကျောင်း (မင်းပြား) | ကျောင်းသား (၈၀)ဆံ့နှစ်ထပ်အိပ်ဆောင် (၁)လုံး၊ ရေချိုးခန်း နှင့် (၈)ခန်းတွဲ အိမ်သာ (၁)လုံး၊ (၄)ခန်းတွဲဝန်ထမ်းအိမ်ရာ (၁)လုံး၊ နှစ်ထပ်အိပ်ဆောင် နှင့် ရေချိုးခန်းနှင့် (၆)ခန်းတွဲ အိမ်သာ တွဲလျက် (၁)လုံးနှင့် လုပ်ငန်း (၃)ခု၊ |
| ၁၇ | လူငယ်သင်တန်းကျောင်း (မောင်တော) | ကျောင်းသား (၈၀)ဆံ့နှစ်ထပ်အိပ်ဆောင် (၁)လုံး၊ ရေချိုးခန်း နှင့် (၈)ခန်းတွဲ အိမ်သာ (၁)လုံး၊စားရိပ်သာမီးဖိုတွဲလျက် (၁)လုံး နှင့် လုပ်ငန်း (၂)ခု၊ |
| ၁၈ | စက်မှုလက်မှုပညာသင်တန်းကျောင်း (ပုဏ္ဏားကျွန်း) | အုပ်ချုပ်မှုရုံး (၁)လုံး၊ တစ်ထပ်စာသင်ခန်းမ (၁)လုံး၊ နှစ်ထပ်အိပ်ဆောင် (၁)လုံး၊ အလုပ်ရုံနှင့်စာသင်ခန်းမ (၃)လုံး၊ စားရိပ်သာမီးဖိုတွဲလျက် (၁)လုံး၊ ရေချိုးခန်းနှင့် (၈)ခန်းတွဲ အိမ်သာ (၂)လုံးနှင့် လုပ်ငန်း (၅)ခု၊ |
| ၁၉ | လူငယ်သင်တန်းကျောင်း (ကွမ်းလုံ) | ကျောင်းသား (၈၀)ဆံ့နှစ်ထပ်အိပ်ဆောင် (၁)လုံး၊ရေချိုးခန်းနှင့် (၈)ခန်းတွဲ အိမ်သာ (၁)လုံးနှင့် လုပ်ငန်း (၄)ခု၊ |
| ၂၀ | လူငယ်သင်တန်းကျောင်း (ကျိုင်းတုံ) | ကျောင်းသား (၈၀)ဆံ့နှစ်ထပ်အိပ်ဆောင် (၁)လုံး၊ရေချိုးခန်းနှင့် (၈)ခန်းတွဲ အိမ်သာ (၁)လုံးနှင့် လုပ်ငန်း (၂)ခု၊ |
| ၂၁ | လူငယ်သင်တန်းကျောင်း (ပင်လုံ) | ကျောင်းသား (၈၀)ဆံ့နှစ်ထပ်အိပ်ဆောင် (၁)လုံး၊ရေချိုးခန်းနှင့် (၈)ခန်းတွဲ အိမ်သာ (၁)လုံးနှင့် လုပ်ငန်း (၂)ခု၊ |
| ၂၂ | လူငယ်သင်တန်းကျောင်း (ပင်လောင်း) | ကျောင်းသား (၈၀)ဆံ့နှစ်ထပ်အိပ်ဆောင် (၁)လုံး၊ ကျောင်းသား (၁၀၀)ဆံ့ စားရိပ်သာ (၁)လုံး၊ ရေချိုးခန်းနှင့် ၈ခန်းတွဲ အိမ်သာ (၁)လုံးနှင့်လုပ်ငန်း (၂)ခု၊ |
| ၂၃ | လူငယ်သင်တန်းကျောင်း (နမ့်ဆန်) | ကျောင်းသား (၈၀)ဆံ့နှစ်ထပ်အိပ်ဆောင် (၁)လုံး၊ကျောင်းသား (၁၀၀)ဆံ့ စားရိပ်သာ (၁)လုံး၊ ရေချိုးခန်းနှင့် (၈)ခန်းတွဲအိမ်သာ (၁)လုံး၊ |
| ၂၄ | လူငယ်သင်တန်းကျောင်း (ပင်းတယ) | ကျောင်းသား (၈၀)ဆံ့ နှစ်ထပ်အိပ်ဆောင် (၁)လုံး၊ ရေချိုးခန်းနှင့် ၈ ခန်းတွဲ အိမ်သာ (၁)လုံး၊ ၄ ခန်းတွဲ ဝန်ထမ်းအိမ်ရာ (၁)လုံး၊ |
| ၂၅ | လူငယ်သင်တန်းကျောင်း (ဘိုကလေး) | ကျောင်းသား (၈၀) ဆံ့နှစ်ထပ်အိပ်ဆောင် (၁)လုံး၊ ရေချိုးခန်းနှင့် ၈ ခန်းတွဲ အိမ်သာ (၁)လုံး၊ ၄ ခန်းတွဲ ဝန်ထမ်းအိမ်ရာ (၁)လုံးနှင့်လုပ်ငန်း (၂)ခု |
| ၂၆ | လူငယ်သင်တန်းကျောင်း (မအူပင်) | နှစ်ထပ်အိပ်ဆောင်နှင့် ရေချိုးခန်းနှင့်၆ခန်းတွဲအိမ်သာ (၁)လုံး၊အုပ်ချုပ်မှုရုံး (၁)လုံး၊ ကျောင်းသား (၈၀)ဆံ့ နှစ်ထပ်အိပ်ဆောင် (၂)လုံး၊ ကျောင်းသား (၂၀၀)ဆံ့နှစ်ထပ်စားရိပ်သာမီးဖိုတွဲလျက် (၁)လုံး၊ ကျောင်းသား (၁၀၀)ဆံ့ တစ်ထပ်ခန်းမဆောင် (၁)လုံး၊ ရေချိုးခန်းနှင့် ၈ခန်းတွဲအိမ်သာ (၂)လုံးနှင့် လုပ်ငန်း (၆)ခု၊ |
| ၂၇ | အထောက်အပံ့ခံကျောင်း (ဆိပ်ဖြူတောင်) | နှစ်ထပ်အိပ်ဆောင် (၁)လုံး၊ ရေချိုးခန်းနှင့် (၈)ခန်းတွဲ အိမ်သာ (၁)လုံး၊ |
| ၂၈ | အထောက်အပံ့ခံကျောင်း (နံ့သာတောင်) | ကျောင်းသား (၈၀)ဆံ့နှစ်ထပ်အိပ်ဆောင် (၁)လုံး၊ |
| ၂၉ | အထောက်အပံ့ခံကျောင်း (ဂန္ဓဂရီ) | ကျောင်းသား (၈၀)ဆံ့နှစ်ထပ်အိပ်ဆောင် (၁)လုံး၊ |
| ၃၀ | အထောက်အပံ့ခံကျောင်း (ဓမ္မာမဏ္ဍိုင်) | ကျောင်းသား (၈၀)ဆံ့နှစ်ထပ်အိပ်ဆောင် (၁)လုံး၊ |
| ၃၁ | အထောက်အပံ့ခံကျောင်း (အပေါက်ဝ) | ကျောင်းသား (၈၀)ဆံ့နှစ်ထပ်အိပ်ဆောင် (၁)လုံး၊ |
| ၃၂ | အိမ်တွင်းမှုသင်တန်းကျောင်း (ဘားအံ) | နှစ်ထပ်ကျောင်းသူအိပ်ဆောင်နှင့်ရေချိုးခန်းအိမ်သာတွဲလျက် (၁)လုံး၊မော်တာစက်ချုပ်သင်တန်းဆောင် (၁)လုံး၊ စာသင်ဆောင် (၁)လုံးနှင့် လုပ်ငန်း (၁)ခု၊ |
| ၃၃ | အိမ်တွင်းမှုသင်တန်းကျောင်း (မြဝတီ) | နှစ်ထပ်အိပ်ဆောင် (၁)လုံး၊ (၆)ခန်းတွဲနည်းပြဆောင် (၁)လုံး၊ ရေချိုးခန်း (၈)ခန်းတွဲအိမ်သာ (၁)လုံးနှင့်လုပ်ငန်း (၁)ခု၊ |
| ၃၄ | အိမ်တွင်းမှုသင်တန်းကျောင်း (မတူပီ) | (၆)ခန်းတွဲနည်းပြဆောင် (၁) လုံး၊ |
| ၃၅ | အိမ်တွင်းမှုသင်တန်းကျောင်း (လဟယ်) | (၆)ခန်းတွဲနှစ်ထပ်နည်းပြဆောင် (၁)လုံး |
| ၃၆ | အိမ်တွင်းမှုသင်တန်းကျောင်း (ဖြူး) | နှစ်ထပ်သင်တန်းခန်းမနှင့်အုပ်ချုပ်မှုရုံး (၁)လုံး၊ နှစ်ထပ် အိပ်ဆောင် (၁)လုံး၊ နည်းပြဆောင် (၁)လုံး၊ စားရိပ်သာမီးဖိုတွဲလျက် (၁)လုံး၊ စာသင်ဆောင် (၁)လုံး၊ ရေချိုးခန်း (၈)ခန်းတွဲအိမ်သာ (၁)လုံးနှင့်လုပ်ငန်း (၆)ခု၊ |
| ၃၇ | အိမ်တွင်းမှုသင်တန်းကျောင်း (ပခုက္ကူ) | နှစ်ထပ်ကျောင်းသူအိပ်ဆောင်နှင့် ရေချိုးခန်းအိမ်သာ တွဲလျက် (၁)လုံး၊ မော်တာစက်ချုပ်သင်တန်းဆောင် (၁)လုံး နှင့် လုပ်ငန်း (၁)ခု၊ |
| ၃၈ | အိမ်တွင်းမှုသင်တန်းကျောင်း (စဉ့်ကူး) | နှစ်ထပ်အိပ်ဆောင် (၁)လုံး၊ (၆)ခန်းတွဲနည်းပြဆောင် (၁)လုံး၊ သင်တန်းခန်းမကြီး (၁)လုံး၊စားရိပ်သာမီးဖိုတွဲလျက် (၁)လုံး၊ စာသင်ဆောင် (၁)လုံး၊ အုပ်ချုပ်မှုရုံး (၁)လုံး ရေချိုးခန်း (၈)ခန်းတွဲအိမ်သာ (၁)လုံးနှင့်လုပ်ငန်း (၆)ခု၊ |
| ၃၉ | အိမ်တွင်းမှုသင်တန်းကျောင်း (မင်းပြား) | တည်ဆောက်ရေးလုပ်ငန်း (၂) ခု၊ |
| ၄၀ | အိမ်တွင်းမှုသင်တန်းကျောင်း (ကွန်ဟိန်း) | နှစ်ထပ်အိပ်ဆောင် (၁)လုံး၊ (၆)ခန်းတွဲ နှစ်ထပ်နည်းပြဆောင် (၁)လုံး၊ သင်တန်းခန်းမကြီး (၁)လုံး၊စားရိပ်သာမီးဖိုတွဲလျက် (၁)လုံး၊ စာသင်ဆောင် (၁)လုံး၊ အုပ်ချုပ်မှုရုံး (၁)လုံး၊ ရေချိုးခန်း (၈)ခန်းတွဲ အိမ်သာ (၁)လုံးနှင့် လုပ်ငန်း (၆)ခု၊ |
| ၄၁ | အိမ်တွင်းမှုသင်တန်းကျောင်း (လားရှိုး) | သင်တန်းသူအိပ်ဆောင် (၁)လုံး၊ စားရိပ်သာ မီးဖိုတွဲလျက် (၁)လုံး၊ မော်တာစက်ချုပ်စက်သင်တန်းဆောင် (၁)လုံး၊ ရေချိုးခန်း (၈)ခန်းတွဲ အိမ်သာ (၁)လုံး နှင့် လုပ်ငန်း (၂)ခု၊ |
| ၄၂ | အိမ်တွင်းမှုသင်တန်းကျောင်း (ကျိုင်းတုံ) | နှစ်ထပ်အိပ်ဆောင် (၁)လုံး၊ စာသင်ဆောင် (၁)လုံး၊ ရေချိုးခန်း (၈)ခန်းတွဲ အိမ်သာ (၁)လုံးနှင့် လုပ်ငန်း (၂)ခု၊ |
| ၄၃ | အိမ်တွင်းမှုသင်တန်းကျောင်း (ပုသိမ်) | နှစ်ထပ်ကျောင်းသူအိပ်ဆောင်နှင့် ရေချိုးခန်းအိမ်သာ တွဲလျက် (၁)လုံး၊ နှစ်ထပ်သင်တန်းခန်းမနှင့် အုပ်ချုပ်မှုရုံး (၁)လုံး၊ မော်တာစက်ချုပ်စက်သင်တန်းဆောင် (၁)လုံး၊ရေချိုးခန်း (၄)ခန်းတွဲအိမ်သာ (၁)လုံးနှင့် လုပ်ငန်း (၂)ခု |

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၄–၄–၂၀၁၅ ရက်နေ့မှ စတင်၍ ရောင်းချမည်ဖြစ်ပြီး ၃–၅–၂၀၁၅ရက်နေ့ (၁၆း၀၀)နာရီတွင် ပိတ်သိမ်းမည် ဖြစ်ပါသည်။ တင်ဒါအချက်အလက်များကို အိတ်ဖွင့်တင်ဒါဖွင့်လှစ်သည့်နေ့တွင် အများရှေ့၌ မျက်မြင်ပုံးထဲ ထည့်၍ ဖွင့်လှစ်သွားပါမည်။

**၃။ အိတ်ဖွင့်တင်ဒါကို (၅–၅–၂၀၁၅)ရက်နေ့ နံနက်၀၉း၀၀နာရီတွင် တင်ဒါဖွင့်လှစ်မည် ဖြစ်ပါသည်။**

၄။ တင်ဒါတင်သွင်းသည့် ကုမ္ပဏီများသည် သက်မှတ်ထားသည့် Profile များ၊ အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာများကို စနစ်တကျ တင်ပြရပါမည်။

၅။ တင်ဒါဖွင့်လှစ်ဆောင်ရွက်မှုကို **ပြည်ထောင်စုအစိုးရအဖွဲ့၏ " ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်အတိုင်း" ပွင့်လင်းမြင်သာစွာ စနစ်တကျ တင်ဒါဖွင့်လှစ်ဆောင်ရွက်မည် ဖြစ်ပါသည်။**

၆။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေး ပေးသွင်းပြီးမှသာ အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။ တင်ဒါလုပ်ငန်းတစ်ခုထက် ပို၍တင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် သက်ဆိုင်ရာ လုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်ထားသည့်တင်ဒါအာမခံကြေး တစ်ခုချင်းပေးသွင်းပြီးမှသာ သတ်မှတ်အိတ်ဖွင့် တင်ဒါပုံစံ တစ်ခုချင်း တင်သွင်းရမည်။

၇။ အိတ်ဖွင့်တင်ဒါရောင်းချမည့် လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ရုံးအမှတ် (၄၂) နေပြည်တော်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဖုန်းနံပါတ်၀၆၇–၄၀၉၀၃၄၊ ၀၆၇ – ၄၀၉၅၇၈၊ ၀၆၇–၄၀၉၅၇၉၊ ၀၆၇–၄၀၉၄၁၇ တို့တွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၉။ ကြော်ငြာအပြည့်အစုံ အိတ်ဖွင့်တင်ဒါစည်းမျဉ်းစည်းကမ်းအသေးစိတ်၊ အိတ်ဖွင့်တင်ဒါပုံစံဈေးနှုန်း၊ အိတ်ဖွင့်တင်ဒါ အာမခံကြေးတို့ကို (Website http:/www.mba.gov.mm) တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

Hot Line No-0930500100

# နဝမမြောက်ဆင်ဖြူတော်ရတနာ မေ ၆ ရက်တွင် နေပြည်တော်သို့ ရောက်မည်

**နေပြည်တော်  မေ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် သလပ်ခွာသစ်တောကြိုးဝိုင်းမှ ပေါ်ထွန်းခဲ့သည့် ဆင်ဖြူတော်ရတနာကို မေ ၃ ရက်တွင် စတင်သယ်ဆောင်ခဲ့ရာ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ခြေရင်းရှိ ဆင်ဖြူတော်များထားရှိရာ အဆောင်သို့ မေ ၆ ရက်တွင် ရောက်ရှိမည်ဖြစ်သည်။

အဆိုပါ ဆင်ဖြူတော်ကို မေ ၃ ရက်တွင် ပုသိမ်မြို့တွင်း လှည့်လည်၍ ရန်ကုန်လှော်ကားဥယျာဉ်တွင် နှစ်ည၊ ဖိုးကျားဆင်စခန်းတွင် တစ်ည ရပ်နားမည်ဖြစ်ပြီး နေပြည်တော်သို့မေ ၆ ရက်အရောက် သယ်ဆောင်မည်ဖြစ်သည်။

အဆိုပါ ဆင်ဖြူတော်ရတနာမှာ ပုသိမ်မြို့နယ် သလပ်ခွာသစ်တောကြိုးဝိုင်း အကွက်အမှတ်(၈) သစ်ပုတ်ချောင်းဖျားမှ ဖေဖော်ဝါရီ ၂၇ ရက်တွင် တွေ့ရှိခဲ့ခြင်းဖြစ်ပြီး အသက်(၇)နှစ်ခန့်၊ အရပ် အမြင့် ၆ ပေ ၃ လက်မ၊ ကိုယ်လုံးပတ် ၈ ပေ ၈ လက်မ၊ အမြီးတံခါးစောင်း ၂ ပေ ၇ လက်မ၊ ဆင်ဖြူတော်၏ကျောမှာ ငှက်ပျောကိုင်းသဏ္ဍာန်၊ နားရွက်အရွယ်အစားမှာ အလယ်အလတ်ဖြစ်ပြီး မျက်လုံးမှာ ပုလဲရောင်၊ အသားအရောင်မှာ ပန်းနုရောင်၊ ခြေသည်းရှေ့ (၅×၅) လက်မ၊ နောက် (၄×၄) လက်မ ဖြစ်၍ ကျမ်းဂန်များတွင် ပါရှိသော ဆင်ဖြူတော်၏ ကြန်အင်လက္ခဏာများနှင့်ညီညွတ်ကြောင်း သိရသည်။

ယခင်အစိုးရလက်ထက်တွင် ဆင်ဖြူတော်ရတနာ ငါးစီးပေါ်ထွန်းခဲ့ပြီး ယခု ဒီမိုကရေစီအစိုးရသစ်လက်ထက်တွင် ဆင်ဖြူတော်ရတနာလေးစီး ထပ်မံပေါ်ထွန်းခဲ့ခြင်းဖြစ်ရာ ယခု ဆင်ဖြူတော်ရတနာမှာ နဝမမြောက် ဆင်ဖြူတော်ရတနာဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်အတွက် အသက်ပေးဆပ်သူများ၊ ဒဏ်ရာရစစ်သည်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် သတင်းမီဒီယာသမားများအား ဂုဏ်ပြု

နေပြည်တော်  မေ  ၄

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အနုပညာရှင်များသည် လောက်ကိုင်ဒေသဖြစ်စဉ်ကြောင့် ရှေ့တန်းတွင်သက်စွန့်ဆံဖျားတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများကို အားပေးထောက်ပံ့ခြင်း၊ နိုင်ငံတော်အတွက် အသက်ပေးဆပ်သူများ၊ ဒဏ်ရာရစစ်သည်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် သတင်းမီဒီယာသမားများအား ဂုဏ်ပြုရန် နေပြည်တော်မှ မေ ၄ ရက် နံနက်ပိုင်းတွင် လေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ လားရှိုးမြို့သို့ နံနက် ၉ နာရီ ၁၀ မိနစ်တွင် ရောက်ရှိခဲ့ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

# ငြိမ်းချမ်းမှုကိုလိုလားသော ပြည်သူများစုပေါင်း၍ အေးချမ်းစွာဖြင့် ဆန္ဒထုတ်ဖော်

သတင်း စာမျက်နှာ » ၅



ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့တွင် ငြိမ်းချမ်းမှုကိုလိုလားသော ပြည်သူများ စုပေါင်းစီတန်းလှည့်လည်၍ ဆန္ဒထုတ်ဖော်စဉ်။

## ယနေ့ မာတိကာ

ဂျပန်ကားကုမ္ပဏီ ဆူဇူကီးက သီလဝါအထူးစီးပွားရေးဇုန်၌ ဒုတိယမြောက်စက်ရုံ တည်ဆောက်မည်

စာမျက်နှာ - ၃

ရုရှားငါးဖမ်းသင်္ဘော နစ်မြုပ်မှုတွင် ပျောက်ဆုံး မြန်မာသင်္ဘောသား ၁၉ ဦး ကို ဆက်လက်ရှာဖွေ သေဆုံးသူများ၏ မိသားစုများအား ရူဘယ်လ် တစ်သန်းစီ ထောက်ပံ့မည်

စာမျက်နှာ - ၄



# ဗီလာကိုအနိုင်ယူကာ အမှတ်ပေးဇယား တတိယနေရာသို့ မန်ယူတက်လှမ်း

ပရီမီယာလိဂ်ပွဲစဉ်(၃၁)အဖြစ် မေ ၄ရက် (စနေနေ့)ညပိုင်းက မန်ချက်စတာယူနိုက်တက်အသင်းနှင့် အက်စတွန်ဗီလာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန်ချက်စတာယူနိုက်တက်အသင်းက သုံးဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အမှတ်ပေးဇယား၏ တတိယနေရာသို့ တက်လှမ်းသွားခဲ့သည်။

အဆိုပါပွဲစဉ် ပထမပိုင်း ၄၃ မိနစ်တွင် ဟာရီရာက မန်ယူအတွက်ဦးဆောင်ဂိုးကို ရယူပေးနိုင်ခဲ့ပြီး ဒုတိယအနိုင်ဂိုးကိုမူ ပွဲစဉ်ဒုတိယပိုင်း ၇၄ မိနစ်တွင် ရွန်းနီက ရယူပေးနိုင်ခဲ့သည်။ ဗီလာအတွက် ချေပဂိုးကိုမူ ဒုတိယပိုင်း မိနစ် ၈၀ တွင် ဘန်တီကီက ပြန်လည်ရယူပေးနိုင်ခဲ့သည်။ သို့သော် မန်ယူအတွက် အဆုံးသတ်အနိုင်ဂိုးကိုမူ နာကျင်အချိန်ပို နှစ်မိနစ်တွင် ဟာရီရာကပင် ရယူပေးနိုင်ခဲ့သည်။

မန်ယူအသင်းသည် လက်ရှိတွင် ယခုပွဲမတိုင်မီက အမှတ်ပေးဇယား စတုတ္ထနေရာတွင်သာ ရပ်တည်နေသော်လည်း ရာသီအပိတ်တွင် ဒုတိယနေရာကိုအရယူကာ ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရရန်ပစ်မှတ်ထားနေသည်ဟု နည်းပြဗန်ဟားလ်ကပြောသည်။ ထို့ကြောင့် ယခုနိုင်ပွဲသည် မန်ယူ၏ရည်မှန်းချက်ကို အောင်မြင်စေခဲ့သော ပွဲတစ်ခုလည်းဖြစ်ခဲ့သည်။

မန်ယူသည်နောက်ပိုင်းပွဲစဉ်များတွင်ကစားပုံပြန်လည်ကောင်းမွန်လာပြီး အနီးဆုံးပြိုင်ဘက် လီဗာပူးကို လေးမှတ်ဖြတ်ကာနောက်ကောက်ချနိုင်ခဲ့သည်။ မန်ယူအသင်းအနေဖြင့် ယခုနှစ် ပရီမီယာလိဂ် လက်ကျန်ပွဲစဉ်များအဖြစ် ခုနစ်ပွဲကစားရမည်ဖြစ်ပြီး မန်စီးတီး၊ ချယ်လ်ဆီး၊ အဲဗာတန် ဝက်စ်ဘရွန်း၊ ခရစ္စတယ်ပဲလေ့စ်၊ အာဆင်နယ်၊ ဟားလ်စီးတီးအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**(ခင်ခင်သက်)**




themirror.npt@gmail.com
www.facebook.com/themirrordaily

ကြေးမုံ
The Mirror
တနင်္ဂနွေ အထူး
SUNDAY SPECIAL
2015 APRIL 5, SUNDAY

STI MYANMAR UNIVERSITY
IMBA IBBA IMED IBE
www.stiedu.net
TEL : 507151/52, 377988
09250064451, 0931702299
09420254872

ယဉ်ကျေးမှု

# ပျူခေတ်ယဉ်ကျေးမှုအနုပညာလက်ရာနှင့် ဗိဿနိုးမြို့ဟောင်းအနီးရှိ ရွှေရောင်တော်ဘုရား

သတင်းဆောင်းပါး - စိုးစိုးနိုင်(ကြေးမုံ)
ဓာတ်ပုံ - မင်းခန့်စိုး(ကြေးမုံ)



ဗိဿနိုးရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအနီးရှိ ရွှေရောင်တော်ဘုရားကြီး။

"တောင်တွင်းကြီးမြို့မှာ သိက္ခာထပ် အလှူရှိလို့ လာခဲ့ပါ"ဟု ရန်ကုန်မှ မိတ်ဆွေတစ်ဦးက ဖိတ်ခေါ်ခဲ့ရာ အလှူပွဲလည်းသွားချင်ပြီး တောင်တွင်းကြီးမြို့ကို မရောက်ဖူးလို့လည်းဖြစ်တာကြောင့် ခရီးထွက်ရန် ပြင်ဆင်ခဲ့သည်။ နေပြည်တော်မှ မှန်လုံအမြန်ယာဉ်ဖြင့် ရိုးမဖြတ်လမ်းအတိုင်း သုံးနာရီအချိန်အတွင်း တောင်တွင်းကြီးမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းသို့ ရောက်ရှိခဲ့သည်။ ထိုမှတစ်ဆင့် လာကြိုသည့်ဆိုင်ကယ်ဖြင့် အလှူပွဲပြုလုပ်မည့်နေရာသို့ လိုက်လာခဲ့ပါသည်။

ခရီးအကွာအဝေး ၁၂ မိုင်ခန့်ရောက်ရှိချိန် မြန်မာ့ယဉ်ကျေးမှုအနုပညာလက်ရာများဖြင့် မွမ်းမံတည်ဆောက်ထားပြီး ခံ့ညားထည်ဝါသည့် တံတိုင်းကြီးတည်ရှိရာ လမ်းအတွင်းသို့ ချိုးကွေ့မောင်းနှင်ခဲ့သည်။ ထိုတံတိုင်းကြီး၏ နဖူးစည်း၌ "ဗိဿနိုးရှေးဟောင်းယဉ်ကျေးမှုနယ်မြေ"ဟု အမည်ထွင်းထုထားသည်ကို တွေ့ရသည်။ ထိုတံတိုင်းလွန်မြောက်သော် ဗိဿနိုး ရှေးဟောင်းသုတေသနပြတိုက်နှင့် ရှေးဟောင်းပျူခေတ်၏ အစောဆုံးမြို့တစ်မြို့ဖြစ်သော ဗိဿနိုးမြို့ဟောင်းတည်ရှိရာ အဆောက်အအုံများတူးဖော်ထားရှိမှုများကို ပြသထားသည်ကိုလည်း တွေ့မြင်ရသည်။ ထို့နောက် အလှူပြုလုပ်မည့် ရွှေရောင်တော်ဘုရားကြီးသို့ ရောက်ရှိခဲ့သည်။ ထိုရွှေရောင်တော်ဘုရားကြီးကို ပန်ထွာဘုရင်မအမည်ရှိ ဗိဿနိုးမင်းသမီး တည်ထားကိုးကွယ်ထားသော မြို့ဦးစေတီတော် ဘုရားကြီးဖြစ်ကြောင်း သိရသည်။

ဤဘဒ္ဒကမ္ဘာ၌ သုံးဆူမြောက်ပွင့်တော်မူသော ကဿပဘုရားရှင်၏တပည့် လက်ယာတော်ရံ အရှင်တိဿမထေရ်အား ပေရွက်ယပ်ဝန်းကို လှူဒါန်းခဲ့ဖူးသော ကောင်းမှုကြောင့် သိကြားမင်းသည် အဇာတသတ်မင်း ဌာပနာတည်ထားသည့် ဓာတ်တော်အတွင်းမှ ဆောင်ကြဉ်းပင့်ဆောင်လာသော ဓာတ်တော်များအား ပန်ထွာဘုရင်မကို ဗိဿနိုးနတ်မင်းကြီးညွှန်ကြားရာ အလောင်းတော်ကြက်ဖြူမင်းနေခဲ့ဖူးသောအရပ်၌ ရှေးဦးစွာ မြို့ဦးဘုရားဖြစ်သည့် ဤရွှေရောင်တော်စေတီတော်ကြီးတွင် ဌာပနာ၍ သာသနာတော်(၁၀၁)ခုနှစ်က တည်ထားတော်မူခဲ့သည်ဟု သိရသည်။ ထိုဘုရားကြီးကို ခေတ်အဆက်ဆက် ကောင်းမှုရှင်များက ထပ်မံပြုပြင်မွမ်းမံတည်ထားတော်မူကြပြီး ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည်မှာလည်း ယခုတိုင်အောင်ပင်ဖြစ်သည်။

ရွှေရောင်တော်ဘုရားစေတီတော်ကြီးသည် ဉာဏ်တော်အမြင့် သံတောင် ၈၀၊ ထီးအရပ်တော် ၁၅ တောင်၊ ထီးတော်အဝ ခြောက်တောင် တစ်မိုက်၊ ဖိနပ်တော်အဝန်း သံတောင် ၂၀၀၊ ပစ္စယံ ငါးဆင့်ရှိသည်။ ထိုပစ္စယံ ငါးဆင့်တို့တွင် အထက်ဆုံးပစ္စယံတွင် စေတီရံ လေးဆူ၊ ပန်းအိုးကြီး ရှစ်လုံး၊ ကြက်ဖရုပ် ရှစ်ကောင်တို့ကို စေတီတော်လေးမျက်နှာ၊ စောင်းတန်းဆင်းအထက်မှာ သွင်းလုပ်၍ထားသည်။ စေတီတော်ကြီး၏ ခြင်္သေ့ရုပ်ငယ် ၁၂ ကောင်၊ ခြင်္သေ့ရုပ်ကြီး ခြောက်ကောင်၊ တောင်ဘက်မုခ်အထွက်တွင် ဆင်ရုပ် နှစ်စီးရှိသည်။ ပြင်ပစေတီရံ ခုနစ်ဆူ၊ အုတ်တံတိုင်းကြီး နှစ်ထပ်ရှိရာတွင် အပြင်အုတ်တံတိုင်းမှာ အမြင့် ခြောက်ပေရှိသည်။ အတွင်းအုတ်တံတိုင်းမှာ အမြင့် ရှစ်ပေရှိသည်။ အုတ်တံတိုင်း၊ ကြေးစည်၊ ခေါင်းလောင်း၊ တန်ဆောင်းပြာသာဒ်တို့တွင် ကောင်းမှုရှင်ကမ္ပည်းစာတန်းများထိုးထားကြသည်။



ဗိဿနိုးရှေးဟောင်းသုတေသနပြတိုက်အတွင်း ပြသထားသည့် ပျူယဉ်ကျေးမှုအနုပညာလက်ရာများ။

ရှေးအခါက အလိုရှိရာတောင့်တ၍ ဆုတောင်း ပန်ထွာ ပတ္ထနာပြုခဲ့ဖူးသော အတိတ်စကားကြောင့် ပြည်တော်ကို ပန်ထွာပြည်ဟုခေါ်သည်။ ဗိဿနိုးနတ်မင်း ဖန်ဆင်းပေးအပ်သော မြို့ဖြစ်သောကြောင့် မြို့တော်ကို ဗိဿနိုးမြို့ဟု သမုတ်လေသည်။ ထိုမှတစ်ပါး စည်တော်ကို တီးလိုက်လျှင် ရန်သူတို့သည် မြို့တွင်းသို့မဝင်ရောက်နိုင်အောင် ချောင်းရေကြီးစွာဆည်ကာစေတတ်သော အတုလစည်တော်ကိုလည်း သိကြားမင်းက ပေးအပ်ဆက်သထားလေသည်။ စည်တော်တီးလျှင် ရေကြီးပြင်းစွာစီးကျလာသောချောင်းကို ရန်ပယ်ချောင်းဟု ခေါ်ဆိုပညတ်သမုတ်အပ်လေသည်။

ဗိဿနိုးမြို့ အနောက်ဘက်တွင် ပန်ထွာဘုရင်မ ကိုယ်စိတ်ကြည်လင်ပျော်ရွှင်စွာ ရေကစားနိုင်ရန် ဖန်ဆင်း၍ပေးထားသော အင်းကြီးသို့သွားလိုလျှင် ဖောင်တော်နှင့် သွားလာနိုင်အောင် တူးမြောင်းဖောက်၍ထားသည်။ ယင်းတူးမြောင်းကို ဖောင်တော်ပေါက်ဟုခေါ်သည်။ ထိုပန်ထွာဘုရင်မ၏ မယ်တော်ရွှေနံ့ကိုင်မည်သော ဘီးလူးမလာရောက်နေထိုင်စေရန် တစ်ခုသောအင်း၏ ထောင့်တွင် ဂူတည်၍ထားသည်။ ထိုအရပ်ကို ဂူအင်းထောင့်ဟု သမုတ်သည်။ ယခုအခါ ကိုးအင်းထောင့်ဟု ခေါ်ဝေါ်ကြသည်။ ကျေးဇူးကြီးမားလှသော ဗိဿနိုးနတ်မင်းနေထိုင်စေရန် ဗိဿနိုးမြို့၏ အရှေ့တောင်အရပ် အင်ကြင်းဥယျာဉ်ပြုလုပ်၍ ကိုးကွယ်ထားသည်။ ထိုအရပ်ကို ယခုတိုင်အောင် အင်ကြင်းကုန်းဟု ခေါ်ဝေါ်လျက်ရှိလေသည်။

စာမျက်နှာ ၂ သို့ » »

## ပျူခေတ်ယဉ်ကျေးမှုအနုပညာလက်ရာနှင့် ဗိဿနိုးမြို့ဟောင်းအနီးရှိ ရွှေရောင်တော်ဘုရား

» » တနင်္ဂနွေအထူးထုတ် ရွှေဖုံးမှ

ပန်းထွာပြည် ဗိဿနိုးမြို့၏ ထူးခြားချက်ကား အချင်းတာ တစ်ထောင်ခန့်ကျယ်ဝန်းသော မြို့ရိုး၏အတွင်းမှာ အင်ကြင်းပင်များ မရှိပါဘဲလျက် အင်ကြင်းအသီးအပွင့်တို့ကို ဗိဿနိုးမြို့တွင်းတွင် ယခုတိုင်အောင်တွေ့ရှိကြသည်ဟု ရွှေရောင်တော်ဘုရားသမိုင်းမှတ်တမ်းတွင် ရေးသားဖော်ပြထားသည်။ ရွှေရောင်တော်ဘုရားကြီး၏ အနောက်မြောက်ဘက်တွင် ရွှေရောင်လျှံဘုရားကိုလည်း ဖူးမြော်နိုင်ပေသည်။

ရွှေရောင်တော်ဘုရားသည် ဗိဿနိုးမြို့ဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်း တည်ရှိသောကြောင့် ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ရှေးခေတ်ပျူယဉ်ကျေးမှုအမွေအနှစ်ဒေသသုံးမြို့အနက် အစောဆုံးမြို့တစ်မြို့ဖြစ်သော ဗိဿနိုးမြို့ဟောင်း တူးဖော်ထိန်းသိမ်းပြသထားသည့် ဗိဿနိုးရှေးဟောင်းသုတေသနပြတိုက်နှင့် ဗိဿနိုးယဉ်ကျေးမှုအနုပညာလက်ရာများ၊ အသုံးအဆောင် ပစ္စည်းများကိုလည်း ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။ ဗိဿနိုးမြို့ဟောင်းသည် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့မှ အနောက်ဘက် ၁၂ မိုင်ကွာဝေးပြီး မကွေး-တောင်တွင်းကြီးကားလမ်းနံဘေးတွင် တည်ရှိသည်။

ထို့နောက် မကွေးမြို့တွင်ရှိသည့် မဟာသက္ကရာဇ် ၁၅၀ ပြည့်နှစ်က ရသေ့ကြီးသုံးပါးဦးဆောင်ကာ တည်ခဲ့ပြီး ကဿပဘုရားရှင်၏ ရွှေသားသလွန်နှင့် ဂေါတမမြတ်စွာဘုရား၏ မြသားသလွန်တို့ကို ဌာပနာထားသည်ဟု အဆိုရှိသော ဧရာဝတီမြစ်ကမ်းနံဘေးရှိ မကွေးမြသလွန်ဘုရားကြီးကိုလည်းဖူးမြော်နိုင်ပါသည်။

ဆက်၍ မင်းဘူးမြို့တောင်ဘက် မိုင်ဝက်ခန့်အကွာတွင် အမြင့်ပေ ၃၀ခန့်၊ ထိပ်ဝ ရှစ်ပေခန့်ရှိ၍ ထိပ်မှာချိုင့်နေပြီး နှစ်ပေခန့်ရှိသောရွှံ့ရေပွက်များ ပွက်ဆူလျက်ရှိသည့် ရွှံ့မီးတောင်(သို့မဟုတ်) နဂါးပွက်တောင်၏ ဘူမိဗေဒသွင်ပြင်ဖြစ်စဉ်ကို ကြည့်ရှုလေ့လာရင်း မင်းဘူးမြို့၌ပင် ဉာဏ်တော် ၄၈ ပေ၊ လုံပတ် ၄၉ ပေရှိသော ရှင်ပင်စက္ကိန်တဲဘုရားကိုလည်း ဖူးမြော်နိုင်မည်။

ယင်းနောက် မဟာသက္ကရာဇ် ၁၂၄ ခု(ဘီစီ၅၆၉)က မြတ်စွာဘုရား သုနာပရန္တတိုင်းသို့ ကြွရောက်ကာ ကျောင်းတော်ရာ ရေစက်ချအပြီး သာဝတ္ထိသို့ပြန်ကြွစဉ် နမ္မဒါနဂါး၏တောင်းပန်မှုကြောင့် ခြေတော်ရာတစ်ဆူ(အောက်စက်တော်ရာ)နှင့် သစ္စဗန္ဓရဟန္တာ၏တောင်းပန်မှုကြောင့် ခြေတော်ရာတစ်ဆူ(အထက်စက်တော်ရာ)တို့ကို ခတ်နှိပ်တော်မူခဲ့သည်။ စကုမြို့အနောက်ဘက် ၁၆ မိုင်အကွာ စကုမြို့နယ်နှင့် ငဖဲမြို့နယ်အစပ်၌ တည်ရှိသော ရွှေစက်တော်ဘုရားကို ထပ်မံသွားရောက် ဖူးမြော်နိုင်ပါသဖြင့် ရှေးဟောင်းသာသနိက အဆောက်အအုံများ၏ ယဉ်ကျေးမှုအနုပညာလက်ရာများကို တစ်ရက်တာအတွင်း တစ်ဆက်တစ်စပ်တည်း လှည့်လည်ဖူးမြော်ကြည်ညိုလေ့လာရင်း ကမ္ဘာ့ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ပျူခေတ် အစောဆုံးမြို့ဖြစ်သည့် ဗိဿနိုးမြို့ဟောင်းကိုလည်း လေ့လာနိုင်ပါသည်ဟု မှျဝေရေးသားလိုက်ပါသည်။ ။

## ရွှေထီးတော်တင်လှူပွဲကျင်းပတော့မည့် မယ်လမုစေတီတော်

သတင်း » သီသီမင်း၊ ဓာတ်ပုံ » မင်းသစ်



ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်တွင် တည်ထားကိုးကွယ်သည့် မယ်လမုစေတီတော်မြတ်ကြီးအား ၂၀၁၃ ခုနှစ် မတ်လ ၂၇ ရက်ကစတင်ပြီး စေတနာရှင်များ၏ အလှူငွေများဖြင့် ပြန်လည်မွမ်းမံပြင်ဆင်ခဲ့ရာ ယခုအခါ ပြီးစီးသွားပြီဖြစ်၍ ၂၀၁၅ ခုနှစ် ဧပြီလ ၃၀ ရက်တွင် ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓပူဇာဝတ္တ အနေကဇာတင် အခမ်းအနား ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"၂၀၁၃ ထဲက မွမ်းမံပြင်ဆင်နေတာပါ။ အခုထီးတော်တင်တဲ့ ပိုက်ဆံတွေကဘုရားဖူးလာတဲ့ စေတနာရှင် အလှူရှင်အားလုံးရဲ့အလှူငွေတွေပါ။အပြင်မှာထွက်ပြီးအလှူခံတာ မရှိပါဘူး။ ဘုရားဖူးလာတဲ့ စေတနာရှင်အလှူရှင်အားလုံးရဲ့ သဒ္ဓါတရားကြောင့်သာ အခုလို လှူဒါန်းနိုင်တာဖြစ်ပါတယ်။ သိန်း ၁၀၀၀ ကျော်လောက် ကုန်ကျမှုရှိပါတယ်။ အရန်စေတီတွေကတော့ သီးခြားအလှူရှင်ရှိပါတယ်"ဟု မယ်လမုစေတီ ဂေါပကအဖွဲ့ဝင် ဦးမင်းနိုင်ကပြောသည်။

အဆိုပါ ဆုတောင်းပြည့် မယ်လမုစေတီတော်ကြီးမှာ ၁၉၅၉ ခုနှစ် ကာလများက ထန်းပင်၊အုန်းပင်၊လမုပင်၊လမ့်ပင်၊နပဲပင်များဘေးပတ်လည် ဝိုင်းရံပေါက်ရောက်နေသော စေတီငုတ်တိုတစ်ဆူသာဖြစ်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်သို့ရောက်သောအခါ ဒေါ်စောညွန့်ရီဆိုသူက စေတီငုတ်တိုနှင့် သစ်ပင်များကို တူးဖော်ဖယ်ရှားလျက် စေတီတော်အား ဖိနပ်တော် ၄ ပေနှင့် အမြင့်ပေ ၆၀ ပတ်လည် အုတ်မြစ်ချခဲ့ကြောင်း သိရသည်။

မြန်မာပြည်အနှံ့ရှိ တည်ထားကိုးကွယ်သော စေတီပုထိုးများတွင် မြေစိုက်စေတီနှင့် လျောင်းတော်မူကပ်လျက်တည်ထားကိုးကွယ်သည့် ဘုရားစေတီမှာ မယ်လမုဘုရားတွင်သာရှိပြီး ယခုထီးတော်တင်မည့် စေတီ၏ ဉာဏ်တော်အမြင့်မှာ မူလပေ၆၀ ထိုမှ ပေ ၇၀ ထိုမှတစ်ဆင့် ပေ ၉၀ အထိမြှင့်လိုက်ကြောင်း သိရသည်။

ဥက္ကလာပမင်းကြီးသည် သက္ကရာဇ် ၁၁၈ ခုနှစ်တွင် မယ်တော်မယ်လမုကွယ်လွန်ပြီးနောက် မယ်တော်မွေးဖွားရာ ဒေသလမုတော၌ မိမိရရှိသောဆံတော်ကို ဌာပနာပြီး မယ်တော်ကိုပူဇော်သော အထိမ်းအမှတ်စေတီငယ်တစ်ဆူတည်ရန်ဆောင်ရွက်ခဲ့သည်။

ထိုစေတီတွင် မယ်တော်ကို ကျွေးမွေးခဲ့သော တိဿရသေ့ကြီးကျောက်ရုပ်၊ မယ်တော်ရုပ်တု၊ ဖခင်သိကြားမင်းရုပ်တု၊ နာဂရသေ့အထိမ်းအမှတ် နဂါးရုပ်၊ ဘုရားရုပ်တုတို့အပြင် ၎င်း၏ ရုပ်တုတို့ကို ထုလုပ်ပြီး ဆံတော်နှင့် အတူဌာပနာတော်မူ၍ စေတီတည်ထားပူဇော်ခဲ့လေသည်။

ထိုစေတီကို ဥက္ကလာပမင်းကြီးက မယ်တော် ကျေးဇူးဆပ်အထိမ်းအမှတ်စေတီဟူ၍ သတ်မှတ်ခေါ်ဝေါ် သမုတ်ခဲ့သည်။ နောက်ပိုင်းတွင် မယ်တော်မယ်လမုစေတီဟူ၍ အမည်တွင်ခဲ့ကြောင်း မယ်လမုဘုရားသမိုင်းမှတ်တမ်းများအရသိရသည်။

နိုင်ငံတော်အစိုးရက ကြီးမှူးကျင်းပသော အဘိဓမ္မာသင်တန်းများကိုလည်း ဖွင့်လှစ်ပို့ချပေးလျက်ရှိသည့်အပြင် နှစ်စဉ်နှစ်တိုင်းပြာသိုလပြည့်နေ့ရောက်တိုင်း မယ်လမုစေတီဘုရားပွဲကို စည်ကားစွာကျင်းပလေ့ရှိကြောင်း သိရသည်။

မြောက်ဥက္ကလာပမြို့သစ်နှင့်အတူ စေတီအလယ်မှ ထူးဆန်းစွာ နပဲပင်တစ်ပင်ထီးမိုးသကဲ့သို့ရှိနေသဖြင့် လူအများစိတ်ဝင်တစားရှိခဲ့ပြီး ၁၉၆၀ ပြည့်နှစ်မှစ၍ ယခုအချိန်အထိ စေတနာရှင်များ၏ ခေတ်အဆက်ဆက် လှူဒါန်းမှု၊ ပြင်ဆင်မှုများကြောင့် မယ်လမုစေတီပရိဝုဏ်အတွင်း တိုးတက်များပြားလာသည့် သာသနိကအဆောက်အအုံများနှင့်အတူ မယ်လမုစေတီတော်ကြီးသို့ ယခုအခါ တစ်နေ့လျှင် ဘုရားဖူး ဦးရေ ၈၀၀ နီးပါး လာရောက်ဖူးမြော်ကြောင်းသိရသည်။ ။



ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်းပေါ်ရှိ လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ မတ်လ ၂၈ ရက်နှင့် ၂၉ ရက်တို့က ထိုင်းနိုင်ငံ စူဆာဝပ်ဆေးရုံမှ နှလုံးအထူးကု သမားတော်ကြီးနှင့် အရိုး၊ အကြောအထူးကု ဆရာဝန်ကြီးများနှင့်အဖွဲ့ လာရောက်၍ နှစ်ရက်ဆက်တိုက် ရဟန်း၊ သံဃာ၊ သီလရှင်နှင့် လူပုဂ္ဂိုလ် ၂၅၀ ကျော်တို့အား အခမဲ့ဆေးဝါးများကုသပေးစဉ်။ မောင်မောင်သန့်(ကြေးမုံ)

## ကဝမြို့နယ် သပြု-ဘုမ္မဇိုး ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်း

ကဝ ဧပြီ ၄

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ဘုမ္မဇိုးကျေးရွာနှင့် သပြုကျေးရွာ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းကို ရန်ကုန်မြို့နေ ဦးကြည်ဝင်း-ဒေါ်နုရီ မိသားစုက ကျပ်သိန်း ၅၀ မတည်၍ ပဲခူးမြို့နေ ဦးစိန်မြင့်-ဒေါ်ညွန့်တင် ဘုမ္မဇိုးကျေးရွာ ဦးစန်းလှိုင်-ဒေါ်အေးရီမိသားစုနှင့်ကျေးရွာသူကျေးရွာသားများမှ စုပေါင်းထည့်ဝင်ငွေ ကျပ်သိန်း ၁၀၀ ဖြင့် လမ်းအကျယ် ၄ ပေ၊ အမြင့် သုံးလက်မ၊ အလျားပေ ၈၀၀၀ ကျော် ဖောင်ဒေးရှင်းအား လုပ်ဆောင်လျက်ရှိသည်။ ကွန်ကရစ်လမ်းပြီးစီးပါက သပြုကျေးရွာရှိ အထက်တန်းကျောင်းနှင့် တိုက်နယ်ဆေးရုံသို့ လွယ်ကူစွာသွားလာနိုင်မည်ဖြစ်ကြောင်း ဘုမ္မဇိုးကျေးရွာ လမ်းဖြစ်မြောက်ရေးကော်မတီမှ ဦးတင့်ဆွေနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ဆွေတို့က ပြောကြားသည်။ **ကျော်ကျော်(IPRD)**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ညောင်တုန်း ဧပြီ ၄**

ညောင်တုန်းမြို့နယ်အတွင်းရှိ လျှပ်စစ်သုံးပြည်သူများ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုလျော့နည်းရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မြို့တွင်းရှိ အများပြည်သူများရှိသည့် ကားဂိတ်နှင့် လမ်းမတော်တစ်လျှောက်ရှိ လျှပ်စစ်မီးလိုင်းများ ပြုပြင်ထိန်းသိမ်းခြင်း၊ လမ်းဆုံနေရာများနှင့် ဈေးကြီးလမ်းမတော်တစ်လျှောက်တွင် လျှပ်စစ်မီး၊ မီးကြိုးများ ပြုတ်မကျစေရန်၊ လျှပ်စစ်မီးလိုင်းကြိုးများအား ကွေ့သီးများဖြင့် ချည်နှောင် ချိတ်ဆက်သွယ်တန်းပေးခြင်း(Link-Connection) လုပ်ငန်းများနှင့် လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုလျော့နည်းစေရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် မြို့နယ်လျှပ်စစ် အင်ဂျင်နီယာဦးဖြိုးကျော်နှင့် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများ အဖွဲ့သည် မတ် ၃၁ ရက်က မြို့တွင်း လျှပ်စစ်ဓာတ်အားလိုင်း ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခြင်းလုပ်ငန်းများအား ဆောင်ရွက် ပေးခဲ့ကြောင်းသိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

❑❑❑

## မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**မြန်အောင် ဧပြီ ၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော အင်ပင်-ကနောင်လမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းများကို မတ် ၂၅ ရက်က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်းဆွေ၊ ဦးအောင်မျိုးညွန့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်း၊ မြို့နယ်ဖွံ့/ထောက်ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်နှင့် ကျေးလက်ဦးစီးတို့ပါဝင်သောအဖွဲ့ဖြင့် မြန်အောင်မြို့နယ်အတွင်း မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေသည်ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

လွှတ်တော်ရန်ပုံငွေဖြင့် ဆောင်ရွက်သော အလက(ခွဲ) သခွတ်ကွင်းစာသင်ဆောင်၊ ဆင်သေအုပ်စု ဗောဓိကုန်းရွာကျောက်ရောမြေနီခင်းခြင်းလုပ်ငန်း၊ တာခွကျေးရွာဒုံးတံတားဆောက်လုပ်ခြင်း၊ အထက(ခွဲ)ထန်းသုံးပင် သိပ္ပံဆောင်ဆောက်လုပ်ခြင်းနှင့် အမကဇီးဖြူကုန်းကျောင်းဆောင်အခင်း၊ မျက်နှာကြက်တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်ပြီးစီးမှုနှင့်အရည်အသွေးပြည့်မီရေးတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော သခွတ်ကွင်းကျေးရွာ ကျေးလက်ဆေးပေးခန်း၊ ပိန်းအင်းကျေးရွာ ကျေးလက်ဆေးပေးခန်း၊ အလက ထန်းသုံးပင်ကျောင်းဆောင်ဟောင်း ပြုပြင်ခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရန်ပုံငွေဖြင့် သစ္စာလွန်ဆေးကုမ္ပဏီက ဆောင်ရွက်လျက်ရှိသော အင်ပင်-ကနောင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းများကို သတ်မှတ်ချိန်အမီ ပြီးစီးရေးနှင့် စံချိန်စံညွှန်းပြည့်မီရေး ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဝင်းဗိုလ်(မြန်အောင်)**

# သင်္ကြန်ကာလအတွင်း သွားလာမှုချောမွေ့စေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး စီမံချက်ချဆောင်ရွက်မည်

**ရန်ကုန် မေ ၄**

လာမည့်သင်္ကြန်ပွဲတော်ကာလဖြစ်သော ဧပြီ ၁၃ ရက်မှ ၁၆ ရက်အတွင်း ခရီးသွားပြည်သူများ သွားလာမှုလွယ်ကူချောမွေ့စေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် စီမံချက်များရေးဆွဲဆောင်ရွက်မည်ဟု ယနေ့ပြုလုပ်သော မထသ(ဗဟို)မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

အဆိုပါသင်္ကြန်ပွဲတော်ကာလတွင် အနားယူရပ်နားကာ ပြုပြင်မှုများလုပ်ဆောင်သွားမည့်ယာဉ်များရှိသလို ပြေးဆွဲမည့်ယာဉ်များလည်းရှိနေပြီး သင်္ကြန်ကာလအတွင်း သွားလာကြမည့်သူများအတွက် ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုဗဟိုကော်မတီ၏ ကြီးကြပ်မှုအောက်တွင်ရှိသော ယာဉ်လိုင်းအဖွဲ့အစည်းများမှ ယာဉ်များကို စနစ်တကျပြေးဆွဲသွားရန် စီစဉ်ထားလျက်ရှိသည်။ "ဒီကာလထဲမှာ ခရီးသွားလာသူတွေအတွက် ယာဉ်ပြေးဆွဲမှုတွေကို စီစဉ်ထားတယ်။ အရင်နှစ်တွေက ယာဉ်ကြီးတွေမပြေးနိုင်ခဲ့ပေမယ့် ဒီနှစ်မှာတော့ စနစ်တကျစီစဉ်ထားပါတယ်"ဟု မထသ(ဗဟို) ဥက္ကဋ္ဌ ဦးလှအောင်က ပြောသည်။ ထိုသင်္ကြန်ပွဲတော်ကာလအတွင်း ခရီးသည်တင်ယာဉ်ပြေးဆွဲမှုများအပြင် ယာဉ်အန္တရာယ် ကင်းဝေးရေးကိုလည်း နှစ်စဉ်ဆောင်ရွက်ခဲ့သလို ယခုနှစ်တွင်လည်း ဆောင်ရွက်ရန်စီစဉ်ထားသည်။

"အရင်တုန်းက ဒီသင်္ကြန်ရက်ထဲမှာပြေးမယ့် ယာဉ်လိုင်းပေါင်း ၁၁၉ လိုင်း၊ ယာဉ်စီးရေ ၁၅၀၀ ကျော်လောက်ရှိမယ်လို့ အကြမ်းဖျင်းပြောခဲ့ပေမယ့် အခုအတိအကျအစီအစဉ်ဆွဲထားတာက ယာဉ်ကြီးလိုင်း ၁၂လိုင်း၊ ဘီအမ်လိုင်း ၁၇လိုင်း၊ မီနီဘတ်စ်လိုင်း ၁၇လိုင်း၊ ဒိုင်နာလိုင်း ၆၃လိုင်း၊ ဟိုင်းလတ်လိုင်း ရှစ်လိုင်း၊ တောင်ပိုင်းခရိုင်ဘက်က မိုက္ကရိုဘတ်စ်လိုင်း တစ်လိုင်း၊ လှည်းကူးဘက်က သုံးဘီးဆိုင်ကယ်လိုင်းတစ်လိုင်းပြေးဆွဲမှာဖြစ်ပါတယ်"ဟု ၎င်းက ရှင်းပြသည်။

### မြို့တွင်းယာဉ်စီးရေ ၁၆၉၀ ကျော် ပြေးဆွဲမည်

ထိုအတာသင်္ကြန်ပွဲတော်ကာလ ဧပြီ ၁၃ ရက်မှ ၁၆ ရက်အတွင်းတွင် မထသ(ဗဟို)အောက်ရှိ ယာဉ်လိုင်းအဖွဲ့အစည်းများဖြစ်ကြသော မထသ(ရန်ကုန်တိုင်းဒေသကြီး)၊ အရှေ့ပိုင်းခရိုင်(မထသ)၊ အနောက်ပိုင်းခရိုင်(မထသ)၊ တောင်ပိုင်းခရိုင်(မထသ)၊ မြောက်ပိုင်းခရိုင်(မထသ)၊ သန်မြန်သူယာဉ်လိုင်း၊ ကန္ဒာရဝတီယာဉ်လိုင်း၊ရွှေမြင်းပျံယာဉ်လိုင်းတို့မှ ပြေးဆွဲမည်ဖြစ်သည်။



ထိုပြေးဆွဲမည့် ယာဉ်များမှာ မထသ(ရန်ကုန်တိုင်းဒေသကြီး)အောက်ရှိ ယာဉ်လိုင်းပေါင်း ၂၃လိုင်းမှ ယာဉ်စီးရေ ၄၆၃စီး၊ အရှေ့ပိုင်းခရိုင်(မထသ)အောက်ရှိ ယာဉ်လိုင်းပေါင်း ၁၀ လိုင်းမှ ယာဉ်စီးရေ ၁၅၄ စီး၊ အနောက်ပိုင်းခရိုင်(မထသ)အောက်ရှိ ယာဉ်လိုင်းပေါင်း ၄၂ လိုင်းမှ ယာဉ်စီးရေ ၄၂၂စီး၊ တောင်ပိုင်းခရိုင်(မထသ)အောက်ရှိ ယာဉ်လိုင်းရှစ်လိုင်းမှ ယာဉ်စီးရေ ၄၃ စီး၊ မြောက်ပိုင်းခရိုင်(မထသ)အောက်ရှိ ယာဉ်လိုင်း ၁၅ လိုင်းမှ ယာဉ်စီးရေ ၂၃၄ စီး၊ သန်မြန်သူယာဉ်လိုင်း ၁၈ လိုင်းရှိ ယာဉ်စီးရေ ၃၅၉စီး၊ ကန္ဒာရဝတီယာဉ်လိုင်းနှစ်လိုင်းမှ ယာဉ်စီးရေ ၁၂စီး၊ ရွှေမြင်းပျံယာဉ်လိုင်းတစ်လိုင်းမှ ယာဉ်စီးရေ ခုနစ်စီးတို့ဖြစ်ကြပြီး စုစုပေါင်းပြေးဆွဲမည့်ယာဉ်လိုင်း ၁၁၉ လိုင်း၊ ယာဉ်စီးရေ ၁၆၉၄ စီး ဖြစ်ကြောင်း သိရသည်။

### ရပ်နားမည်

အဆိုပါသင်္ကြန်ပွဲတော်ကာလအတွင်းတွင် ယာဉ်လိုင်းအဖွဲ့အစည်းရှစ်ခုအောက်ရှိ ယာဉ်လိုင်းများမှာ ရပ်နားကြမည်ဖြစ်ပြီး ရပ်နားမည့်ယာဉ်လိုင်းအဖွဲ့အစည်းများမှာ ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်အောက်ရှိပါရမီ/အဓိပတိ ယာဉ်လိုင်းများ၊ ရွှေရန်ကုန်ယာဉ်လိုင်းလုပ်ငန်းကော်မတီအောက်ရှိ ယာဉ်လိုင်းများ၊ ရွှေညော့သည်ယာဉ်လိုင်းများ၊ စစ်မှုထမ်းဟောင်းယာဉ်လိုင်း (စည်ပင်အတွင်း)၊ စစ်မှုထမ်းဟောင်းယာဉ်လိုင်း (စည်ပင်ပြင်ပ) အောက်ရှိယာဉ်လိုင်းများ၊ ရွှေအင်းဝယာဉ်လိုင်းများ၊ ဂျီအီးစီယာဉ်လိုင်းများ၊ မြန်မာ့သားကောင်းယာဉ်လိုင်းဖြစ်သည်။

### အဝေးပြေးလိုင်းအချို့ပြေးဆွဲမည်

အတာသင်္ကြန်ပွဲတော်ကာလအတွင်းတွင် ရန်ကုန်တိုင်းဒေသကြီးမှ အခြားသောပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ သွားလာမှုလွယ်ကူချောမွေ့စေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအခြေပြု အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းမှ ဧပြီ ၁၁ ရက်တွင် ၉၈လိုင်း၊ ဧပြီ ၁၂ ရက်တွင် ၈၂လိုင်း၊ ဧပြီ ၁၃ရက်တွင် ၂၃လိုင်း၊ ဧပြီ ၁၄ရက်တွင် ရှစ်လိုင်း၊ ဧပြီ ၁၅ ရက်တွင် နှစ်လိုင်း ပြေးဆွဲမည်ဖြစ်ပြီး ယာဉ်လိုင်းခြောက်လိုင်းမှ ပိတ်ရက်မရှိ ပြေးဆွဲသွားရန်ရှိကြောင်း သိရသည်။

အခြားသော တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အခြေပြု၍ ရန်ကုန်တိုင်းဒေသကြီးရှိ အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းသို့ ဧပြီ ၈ ရက်တွင် ၁၀၈ လိုင်း၊ ဧပြီ ၁၁ ရက်တွင် ၁၀၅ လိုင်း၊ ဧပြီ ၁၂ ရက်တွင် ၉၃ လိုင်း၊ ဧပြီ ၁၃ ရက်တွင် ၃၃လိုင်း၊ ဧပြီ ၁၄ ရက်တွင် တစ်လိုင်း၊ ဧပြီ ၁၅ ရက်တွင် တစ်လိုင်း စသည်ဖြင့် ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးအခြေပြု လှိုင်သာယာမြို့နယ်ရှိ ဒဂုံဧရာအဝေးပြေးယာဉ်ရပ်နားစခန်းမှ ယာဉ်လိုင်း ၃၅ လိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအခြေပြုယာဉ်လိုင်း ၅၅ လိုင်းတို့သည်လည်း ဧပြီ ၁၃ ရက်အထိသာ ပြေးဆွဲသွားမည်ဖြစ်ပြီး ဧပြီ ၁၄ ရက်မှ ၁၆ရက်အထိ ကာလအတွင်းတွင် ယာဉ်လိုင်းပြေးဆွဲမှုကို ရပ်နားမည်ဖြစ်ကြောင်းသိရသည်။

ပြေးဆွဲမည့်ယာဉ်လိုင်းများအနေဖြင့် လိုက်နာရမည့် စည်းကမ်းချက်များကို ထုတ်ပြန်ထားကာ မထသ(ဗဟို)နှင့် ယာဉ်လိုင်းအဖွဲ့အစည်းများမှ စည်းကမ်းထိန်းသိမ်းရေးအတွက် အဖွဲ့များဖွဲ့စည်းကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြို့တွင်းပြေးဆွဲမည့် ယာဉ်လိုင်းများနှင့်ပတ်သက်၍လည်း နံနက် ၆ နာရီတွင် ဂိတ်ဖွင့်ချိန် သတ်မှတ်၍ ည ၆ နာရီတွင် ဂိတ်ပိတ်ချိန် သတ်မှတ်ထားကြောင်း သိရသည်။

### ယာဉ်ကြောင့် ထိခိုက်သေဆုံးမှုလျော့ကျရန်ဆောင်ရွက်

သင်္ကြန်ပွဲတော်ကာလအတွင်းတွင် ယာဉ်မတော်တဆဖြစ်ပွားမှုများလျော့နည်းကျဆင်းကာ ထိခိုက်သေဆုံးမှုဖြစ်စဉ်များ မပေါ်ပေါက်စေရန်အတွက် "သင်္ကြန်တွင်းဘတ်စ်ယာဉ်အန္တရာယ်ကင်းရှင်းရေး"၊ "သင်္ကြန်တွင်းတက္ကစီအန္တရာယ်ကင်းရှင်းရေး"စသည့် ပညာပေး လက်ကမ်းစာစောင်များကို ဧပြီ ၆ ရက်မှ ၈ ရက်အတွင်း ဝေငှသွားရန် စီစဉ်ထားသည်။

"ယာဉ်မောင်းအရက်မူးရင်တော့ အန္တရာယ်ဖြစ်မှာပဲ။ ယာဉ်တိုက်ခိုက်တိမ်းမှောက်မှုတချို့မှာ ယာဉ်မောင်းအရက်သောက်လို့ဖြစ်တဲ့ ဖြစ်ရပ်တွေလည်း ပါဝင်ပါတယ်။ ယာဉ်ထိန်းရဲတပ်ဖွဲ့က အယ်လ်ကိုဟောနဲ့ပတ်သက်ပြီး စစ်ဆေးမယ်ဆိုတော့ အများကြီးကောင်းမွန်ပါတယ်။ ထူးခြားဖြစ်စဉ်ဖြစ်ပေါ်လာရင် အစိုးရအဖွဲ့ကို သတင်းပို့နိုင်အောင် စီစဉ်ထားတယ်"ဟု မထသ(ဗဟို)အတွင်းရေးမှူး ဦးဘမြင့်ကပြောသည်။

ထို့အပြင် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင်လည်း ယာဉ်ပိုင်ရှင်အချို့က ယာဉ်စီးခကောက်ခံခြင်းမပြုဘဲ အခမဲ့ပို့ဆောင်ကာ ဝန်ဆောင်မှုပေးလှူဒါန်းသွားမည့် စီစဉ်မှုများလည်းရှိကြောင်း သိရသည်။

**ထက်ခိုင်(စမ်းချောင်း)**

---

မန္တလေးတိုင်းဒေသကြီး

## စနစ်ကျလယ်မြေဧက ၁၀၀ ဖော်ထုတ်ပြီးစီး၍ တောင်သူများသီးနှံစိုက်ပျိုး

**ဝမ်းတွင်း မေ ၄**

ဝမ်းတွင်းမြို့နယ် အင်းကန်းကုန်းကျေးရွာအုပ်စု ကွင်းအမှတ် ၁၂၅၂/၂၀၆၁ တွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ တောင်သူ ၁၉ ဦးပိုင်ဆိုင်သည့် စနစ်ကျလယ်မြေ ဧက ၁၀၀ ကို ဇန်နဝါရီ ၁၅ ရက်တွင် စတင်ဖော်ထုတ်ခဲ့ရာ ပြီးစီးပြီဖြစ်၍ တောင်သူများက နွေစပါးနှင့် နွေနှမ်းများ ထွန်ယက်စိုက်ပျိုးနေပြီဖြစ်ကြောင်း သိရသည်။

စနစ်ကျလယ်မြေဧက ၁၀၀ ဖော်ထုတ်ခြင်းနှင့်အတူ ဆည်မြောင်းဦးစီးဌာနမှ ကုန်ထုတ်လမ်းများ ကောင်းမွန်စွာ ပြုလုပ်ပေးခြင်းနှင့် ကင်းတားလက်ဝဲမြောင်းမကြီးမှ လက်တံခွဲဖြစ်သည့် Dy-12Tc-9 တွင် ရေသွင်းရေထုတ်မြောင်းများ စနစ်တကျပြုလုပ်ပေးသည့်အတွက် ရေလေလွင့်မှုမရှိဘဲ လိုအပ်သလိုအသုံးပြုနိုင်မည်ဖြစ်ပြီး ထွက်ရှိလာသည့်သီးနှံများကိုလည်း အလွယ်တကူသယ်ယူနိုင်မည်ဖြစ်သည်။



ယခင်က စိုက်ပျိုးချိန်တွင် သွားလာရန် အခက်အခဲတွေ့ခြင်းနှင့် ထွက်ရှိလာသော သီးနှံများသယ်ယူရာတွင် ကုန်ထုတ်လမ်းများကောင်းမွန်စွာမရှိ၍ အချိန်ကုန်လူပန်းပြီး ကုန်ကျစရိတ်များခြင်း၊ ယခုကဲ့သို့နိုင်ငံတော်က တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် အကုန်ကျခံဆောင်ရွက်ပေးခဲ့သဖြင့် ကျေးရွာတောင်သူများ အလွန်ဝမ်းသာလျက်ရှိကြောင်း သိရသည်။

**ဌေးလှိုင်(iprd)**

---

ဧရာဝတီတိုင်းဒေသကြီး

## ပန်းတနော်မြို့နယ်တွင် တောင်သူပညာပေးဆွေးနွေး

**ပန်းတနော် မေ ၄**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် မြို့နယ်လယ်ယာစိုက်ပျိုးရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် တောင်သူပညာပေးဆွေးနွေးဟောပြောပွဲကို ဘဝိုင်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ မတ် ၃၁ ရက်က ကျင်းပရာ မအူပင်ခရိုင်လယ်ယာစိုက်ပျိုးရေးဦးစီးမှူး ဦးသိုက်စိုးနှင့် မြို့နယ်လယ်ယာစိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းညွန့်တို့က လက်ရှိနွေစပါး ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး၊ လာမည့် ၂၀၁၅-၂၀၁၆ ခုနှစ် သီးနှံရာသီမျိုးသန့်ပွားများစိုက်ပျိုးရေး၊ သိပ္ပံနည်းကျ(G.A.P)စနစ် လိုက်နာဆောင်ရွက်ရေးနှင့် ကြိုတင်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ပညာပေးဆွေးနွေးကြသည်။ ဆက်လက်၍ တက်ရောက်လာသည့် တောင်သူများက သီးနှံစိုက်ပျိုးမှု လုပ်ငန်းအခက်အခဲများကို ဆွေးနွေးတင်ပြကြရာ တာဝန်ရှိသူများက ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**(မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန)**

---

ရန်ကုန်တိုင်းဒေသကြီး

## အောင်ဇမ္ဗူဆေးခန်းနှင့် စာကြည့်တိုက်ဖွင့်ပွဲ ပန်းကုံးကျေးရွာ၌ ကျင်းပ

**ရေဦး မေ ၄**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့ အောင်ဇမ္ဗူတောရကျောင်းတိုက်ဆရာတော်အမှူးပြုဆောက်လုပ်လှူဒါန်းသည့် အောင်ဇမ္ဗူဆေးပေးခန်းနှင့် စာကြည့်တိုက်ဖွင့်ပွဲကို မတ် ၂၆ ရက် နံနက် ၉ နာရီက ရေဦးမြို့နယ် ပန်းကုံးကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေဘိုခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးဌေးဝင်းက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး အလှူရှင် ဗိုလ်မှူးအောင်ကျော်ဦး ဇနီး ဒေါ်တင်တင်ခိုင်မိသားစုတို့က ကာလတန်ဖိုးငွေ ငါးသိန်းကျော်ရှိဗီရိုနှင့် သုတရသစာအုပ်များ၊ ဂျာနယ်စာစောင်များကိုလည်းကောင်း၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်အေးမြင့်စန်းက မဂ္ဂဇင်းစာအုပ်များကို လည်းကောင်း ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

# အသက်ကို အချိန်ထက် တန်ဖိုးထားသင့်



အေးသန်း(စိန်တုံးကြီး)

ကြုံတောင့်ကြုံခဲ လူ့ဘဝတာ တစ်ခဏအတွင်း လူသားအားလုံးသည် မိမိတို့ဘဝအသက်ရှင်ရပ်တည်နေထိုင်နိုင်ရေးအတွက် နည်းအမျိုးမျိုးဖြင့် ကြိုးစားနေကြသည်။ လူချင်းတူသော်လည်း အသက်ရှင်နေထိုင်ကြပုံချင်း မတူ၊ ကွဲပြားခြားနားကြသည်။ ဤသည်ကိုပင် အချို့က "ကံကောင်းခြင်း" နှင့် "ကံမကောင်းခြင်း"တို့ကြောင့် ဖြစ်ရသည်ဟု ထင်နေကြသည်။ မှားသည်ဟု မဆိုနိုင်သကဲ့သို့ မှန်သည်ဟူ၍လည်း ပြော၍မရပေ။ "ကံသည် အလုပ်ဖြစ်၍ အလုပ်ကောင်းမှ ကံကောင်းနိုင်ပြီး ကံကောင်းမှလည်း ကောင်းကျိုးရရှိနိုင်မည်"ဖြစ်သည်။

မည်သို့ပင်ကွဲပြားခြားနားနေစေကာမူ လူသားတိုင်း မိမိတို့ အသက်ရှင်သန်နေထိုင်နိုင်ဖို့ ကြိုးစားနေကြမည်မှာ မလွဲဧကန်ပင်။ ထိုနည်းတူပင် လူသားတိုင်း မိမိတို့၏ အသက်ကို တန်ဖိုးထားတတ်ကြသူများဖြစ်၍ မိမိတို့အတွက် အသက်အန္တရာယ်ဖြစ်စေမည့် ထိခိုက်မှုမျိုးမဖြစ်စေရန် သတိထားမှုများ ရှိနေသည်ကိုလည်း တွေ့ကြရမည်ဖြစ်သည်။ အသက်ကို ဉာဏ်စောင့်သကဲ့သို့ မိမိတို့၏ အသက်ကို အသိ၊ သတိနှင့်ယှဉ်၍ ဉာဏ်ကို အသုံးပြုကာ မဖြစ်သင့်သည်တို့ မဖြစ်ရအောင် ကာကွယ်စောင့်ရှောက်ခြင်းများ ရှိနေသည်ကို တွေ့နေကြရပေသည်။

ထိုနည်းတူပင် လူသားတိုင်းအတွက် နေ့စဉ်နှင့်အမျှ အသက်ရှင်နေထိုင်နိုင်ကြဖို့ မဖြစ်မနေရင်ဆိုင်နေရသည်များလည်း ရှိနေပေသည်။ ဤကား အချိန်ပင်ဖြစ်တော့သည်။ လူတို့သည် နေ့စဉ် မိုးလင်းမှသည် မိုးချုပ်သည်ထိ အချိန်နှင့်တစ်ပြေးညီ လှုပ်ရှားရုန်းကန်သွားလာနေကြရသည်မို့ မိမိတို့အတွက် အချိန်သည်လည်း တန်ဖိုးမဖြတ်နိုင်သောအရာဟု တင်စားခေါ်ဝေါ်နေကြသည်။ "အချိန်နှင့်ဒီရေသည် လူကိုမစောင့်" ဟု ဆိုရိုးစကားရှိရာ **"ကုန်ဆုံးသွားသော ဥစ္စာခနအတွက် ပြန်လည်ကြိုးစားမှုဖြင့်လည်းကောင်း၊ ပျောက်ကွယ်သွားသော ဗဟုသုတများအတွက် ပြန်လည်လေ့လာဖတ်ရှုခြင်းအားဖြင့်လည်းကောင်း၊ ကျဆင်းသွားသောကျန်းမာရေးအတွက် ဆေးဝါးကောင်းများ မှီဝဲခြင်းဖြင့် လည်းကောင်း ပြန်လည်ဖြည့်စွမ်းနိုင်သော်လည်း ကုန်ဆုံးသွားသော အချိန်ကာလများအတွက် မည်သည့်နည်းနှင့်မျှ အစားထိုး၍ မရနိုင်**ခြင်းကြောင့် အချိန်၏တန်ဖိုးသည် မည်မျှအရေးပါသည်ကိုလည်း သိရှိနိုင်ပေသည်။ အချိန်လု၍ လုပ်ကြရမည့် အလုပ်များ၊ အချိန်မီသွားကြရမည့် ခရီးများ၊ အချိန်နှင့် တစ်ပြေးညီဆောင်ရွက်ပြီးစီးရမည့် စီမံကိန်းကြီးများ ဆောင်ရွက်ရာတွင်လည်း အချိန်ကို တန်ဖိုးထားကြရသည့် လုပ်ငန်းများဖြစ်ခြင်းကြောင့် အချိန်ကို လူသားတိုင်းလေးစားကြရမည်ဖြစ်သည်။ "မိုးလွန်မှ ထွန်ချ၍မရနိုင်" သကဲ့သို့ "မိုးရွာတုန်းရေခံ" "လသာတုန်းဗိုင်းငင်" "အချိန်ရှိခိုက် လုံ့လစိုက်"ကြပါမှ အချိန်၏တန်ဖိုးကို သိရှိခံစားကြရမည် ဖြစ်သည်။ ထို့ကြောင့် အချိန်သည် လူသားတိုင်းအတွက် မရှိမဖြစ် တန်ဖိုးထားကြရမည့် အရာဟုဆိုက မှားမည်မဟုတ်တော့ပေ။

သို့သော်. . . တစ်နေ့ စာရေးသူ ရုံးဆင်း၍ အိမ်အပြန် ဆူးလေခုံးကျော်တံတားရှေ့ လူကူးမျဉ်းကျားအနီး မီးပွိုင့်မှ မီးစိမ်းနေသဖြင့် ကားများ ဥဒဟိုဖြတ်သန်းမောင်းနှင်နေသည်ကို ရပ်လျက်စောင့်နေချိန်တွင် စက္ကန့်ပိုင်း၊ မိနစ်ပိုင်းခန့်သာကြန့်ကြာမည့် အချိန်လေးကို မစောင့်နိုင်ကြဘဲ မောင်းနှင်သွားလာနေသည့် မော်တော်ယာဉ်များအကြား သူ့ထက်ငါ အလုအယက် အန္တရာယ်ကြားက လမ်းဖြတ်ကူးနေသူများကို မြင်တွေ့နေရခြင်းကြောင့် မိမိတို့အသက်ထက် လမ်းဖြတ်ကူးဖို့ကိုသာ အချိန်ကို ဦးစားပေးနေကြသည်ကို သတိထားမိလိုက်ပါတော့သည်။

အကယ်၍သာ ကားများသွားလာမောင်းနှင်နေသည့် စက္ကန့်ပိုင်း၊ မိနစ်ပိုင်းအချိန်လေးကို မစောင့်နိုင်ဘဲ လမ်းဖြတ်ကူးရာမှ မတော်တဆယာဉ်တိုက်မှုများဖြစ်လာခဲ့သော် မိမိတို့အတွက် အသက်အန္တရာယ်ဆုံးရှုံးမှုများ ကြုံတွေ့လာနိုင်သကဲ့သို့ တစ်ဖက်မှ နည်းမှန်လမ်းမှန် မောင်းနှင်သွားလာနေသည့် ယာဉ်နှင့် ယာဉ်မောင်းတို့အတွက်လည်း အရေးယူထိခိုက်နစ်နာမှုများ ဖြစ်လာမည်မှာ မလွဲပေ။

သို့ပါ၍ လူသားတိုင်းကြုံတောင့်ကြုံခဲရရှိလာသည့် လူ့ဘဝတစ်ခဏတာကာလလေးတွင် မိမိတို့ "အသက်"နှင့် မိမိတို့ အသုံးချရမည့် "အချိန်"တို့တွင် မည်သည်ကပိုတန်ဖိုးထားသင့်သည်ကို စဉ်းစားချင့်ချိန်ပြီး မှန်ကန်သည့် အတွေးအမြင်လေးများရှိကြပါစေကြောင်း စေတနာကောင်းဖြင့် ရေးသားလိုက်ရပါတော့သည်။ ။

## မြန်မာ့ရိုးရာအလှူပွဲများတွင် ခေတ်ပေါ်သံစုံတီးဝိုင်းများဖြင့် ပျော်ပြေမှုများလာပြီး ရိုးရာနှဲပညာရှင်များ တွေ့ရနည်းပါးလာ

**မကွေး ဧပြီ ၄**

မြန်မာနိုင်ငံနေရာအနှံ့အပြားရှိဒေသများတွင် အလှူပွဲများကို ဆယ့်နှစ်လရာသီ ဥတုမရွေး၊ အချိန်အခါမရွေးလှူဒါန်းလေ့ရှိကြသည်။ အညာဒေသများတွင်လည်း လယ်ယာမြေများမှ စိုက်ပျိုးသီးနှံများပေါ်ချိန် အရောင်းအဝယ်အဆင်ပြေသည့် ဆောင်းကာလနှင့် နွေဦးပေါက်ရာသီများ၌ အလှူအတန်းများပေါ်များလာကြောင်း တွေ့ရသည်။

မကွေးမြို့နယ်ရှိ ကျေးလက်ဒေသများနှင့် ရပ်ကွက်များတွင် တက္ကသိုလ်ဝင်စာမေးပွဲပြီးစီးသည်နှင့် ရင်သွေးငယ်များအား မြန်မာ့ရိုးရာရှေးမူမပျက် အလှူပွဲများကျင်းပလေ့ရှိကြရာတွင် အလှူရှင်မိဘများက သားသမီးများနှင့် အလှူလှည့်လည်ရန် အမျိုးသား အမျိုးသမီးများအတွက် မြန်မာ့ရိုးရာဝတ်စုံများဖြစ်သော မင်းပျိုမင်းလွင်ဝတ်စုံနှင့် ပုဂံဝင်း၊ ရာဇာဝင်း၊ ဒေဝါဝင်းဝတ်စုံများဖြင့် အလှဆင်ပေးကြသည်။ အလှယာဉ်များဆင်စီးမြင်းစီး ရွှေလှည်းယဉ်များအပြင် ခေတ်ပေါ်သံစုံတီးဝိုင်းများ၊ ဒိုးပတ်၊ အိုးစည် အကကားများဖြင့် လှည့်လည်ကြသည်။ ထိုကဲ့သို့ အလှူပွဲများလှည့်လည်ကြသည့် ဒိုးပတ်ဝိုင်း၊ အိုးစည်ဝိုင်းများတွင် မြန်မာ့ရိုးရာနှဲမှုတ်ပညာရှင်များ တွေ့ရနည်းလာကြောင်း သိရသည်။

"ဦးလေးတို့ငယ်ငယ်က လှည့်လည်ကြတဲ့ အလှူပွဲတွေမှာ အိုးစည်ဝိုင်း၊ ဒိုးပတ်ဝိုင်းတွေကို နှဲဆရာတွေက ရှေ့ကနေဦးဆောင်ကြတယ်။ အခုခေတ်လှည့်ကြတဲ့ အလှူပွဲတွေတော်တော်များများ ခေတ်ပေါ်သံစုံတီးဝိုင်းတွေ၊ ဘောက်တွေအသုံးပြုများလာတယ်။ အိုးစည်တို့၊ ဒိုးပတ်တို့ပါလာတဲ့ အလှူပွဲတွေမှာ နှဲဆရာမပါတော့တာတွေ့ရတယ်။ အလှူပွဲတစ်ပွဲအတွက် ဒိုးပတ်ဝိုင်း၊ အိုးစည်ဝိုင်းငှားရင် သုံးသောင်းကျပ်ကနေ ကျပ်သုံးသောင်းခွဲအထိ ပေးငှားရတယ်။ ရှေးရိုးရာမပျက် လျှူချင်တဲ့အလှူရှင်က နှဲဆရာသီးသန့်ငှားရတယ်။ အလှူတစ်ပွဲ နှဲဆရာအတွက် ကျပ်တစ်သောင်းပေးရတယ်။ ကြေးကြီးသလို နှဲပညာရှင်လည်း မရှိသလောက်ရှားလာတယ်။ ဒိုးပတ်၊ အိုးစည်၊ ဝါးလက်ခုပ်ရှပ်အသုံးများပေမယ့် နှဲအစား ကီးဘုတ်၊ ဘာဂျာတို့သုံးလာတာတွေ့ရတယ်။ နှဲမှုတ်ပညာရှင်ဆိုတာကလည်း အသက်ကြီးပိုင်းတွေ တွေ့နေရတယ်။ အခုခေတ်လူငယ်တွေဆိုရင် ဂီတာတီးတယ်။ ကီးဘုတ်တီးတယ်။ ခေတ်ပေါ်သံစုံတီးဝိုင်းတွေ သဘောကျကြတယ်။ နှဲပညာရှင်တွေကို ဆိုင်းဝိုင်းကြီးနဲ့ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေမှာပဲ ပညာရှင်တွေတွေ့ရတယ်"ဟု ရှေးမီနောက်မီဒေသခံတစ်ဦးက ပြောပြသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု ပညာရပ်ဖြစ်သော အဆို၊ အက၊ အရေး၊ အတီး အနုပညာရပ်များတွင် နှဲပညာတစ်ရပ်ကို တိမ်မြုပ်ပျောက်ကွယ်ခြင်းမရှိအောင် မျိုးဆက်သစ်လူငယ်များ လေ့လာလိုက်စားသင်ယူသင့်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

**[ဇွဲထက်ရှင်]**



## ကွမ်းခြံကုန်း၌ ကွန်ကရစ်လမ်းသစ်ဖွင့်

**ကွမ်းခြံကုန်း ဧပြီ ၄**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ကွမ်းခြံကုန်းမြို့နယ် တောကျောင်းကျေးရွာအုပ်စု ကမာကလွန်း-ကျောင်းကုန်း ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို မတ် ၂၆ ရက် နံနက် ၈ နာရီတွင် အဆိုပါ ကွန်ကရစ်လမ်းထိပ်မုခ်ဦး၌ ကျင်းပရာ မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးညီညီ၊ မြို့နယ်ကျေးလက်ဦးစီးမှူး တောကျောင်းကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မြင့်ထွဋ်ဦး ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကမာကလွန်း-ကျောင်းကုန်း ကျေးရွာချင်းဆက်လမ်းကို ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ကျေးလက်ဦးစီးဌာန ရန်ပုံငွေဖြင့် မြင့်ထွဋ်ဦး ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး အရှည် ၂၈၃၂ ပေ၊ အကျယ် ၁၀ပေ၊ ဒု ခြောက်လက်မဖြစ်သည်။ ထိုသို့ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်ခင်းပေးခြင်းကြောင့် ကမာကလွန်း၊ ကျောင်းကုန်း၊ ကျောင်းစု၊ တောကျောင်း ကျေးရွာများမှ ဒေသခံများအနေဖြင့် ကွမ်းခြံကုန်း-ဒေးဒရဲကားလမ်းမကြီးသို့ အလွယ်တကူသွားရောက်နိုင်ပြီး မြို့ပြနှင့် ကျေးလက်ကို အချိန်တိုအတွင်း အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ဟိန်းသူကို-ကျေးလက်)**